စိုးစာပေ

## ယောအတွင်းဝန်

# ဦးဘိုးလှိုင်

နှင့်

# နန်းတွင်းအရေးတော်ပုံများ



သန်းထွန်း(လှည်းကူး)

စိုးစာပေ စာစဉ်အမှတ်(၁၀၀)

**စိုးစာပေ**

(က/၁၆၂၃)၊ ကမ္ဘောဇလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ။

ဖုန်း - ၀၉ ၄၂၀၁၀၄၄၃၁

ဖြန့်ချိရေး

**မိတ်ဆွေစာပေ**

အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊

ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | 3000 [illegible] ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | လမင်းကွန်ပျူတာ |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

သန်းထွန်း(လှည်းကူး) ၃၉၈.၂
ယောမင်းကြီးဦးဘိုးလှိုင်နှင့်နန်းတွင်းအရေးတော်ပုံ/ သန်းထွန်း(လှည်းကူး)၊
ရန်ကုန်၊
ဇင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၂၄၀-စာ၊ ၁၂ × ၁၈ စင်တီ

# ယောမင်းကြီးဦးဘိုးလှိုင်

နှင့်

# နန်းတွင်းအရေးတော်ပုံ

သန်းထွန်း (လှည်းကူး)

အစ်မ၊ နှစ်မ၊ သမီးကကို

စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍

စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်

အတတ်မရှိ၊ သတ္တိကင်းကွာ

ဘုန်းကြီးလာမှု.....

ပြည်ရွာပျက်ကြောင်းတစ်ပါးတည်း။

(ယောအတွင်းဝန်ဦးဘိုးလှိုင်)

# မာတိကာ


၁။ လူ့မှာဘဝနိဒါန်း ၂၁

၂။ ကံကြမ္မာဘယ်အခါပြီးကြောင့် အဖြစ်ရယ်ဆိုး ၂၆

၃။ မင်းတုန်းမင်းအပါးတော်မြ ၃၆

၄။ မောင်ဘိုးလှိုင်၏ ရာထူးဂုဏ်ဒြပ် ၄၇

၅။ မင်းတုန်းမင်းနန်းသိမ်းပွဲနှင့် အခဲပြသနာ ၅၄

၆။ ယောမြို့စားအတွင်းဝန်ဘဝ
ဟုတ်တာလုပ်၍ မှန်တာပြောသူ ၆၁

၇။ ကျေးဇူးသိတတ်သော ယောအတွင်းဝန် ၆၈

၈။ ယောအတွင်းဝန်၏ အိမ်ထောင်ဘက်နှင့်
အနွယ်တော်များ ၇၈

၉။ ယောမင်းကြီး၏ စာပေကျမ်းအထောင်ထောင် ၈၉

၁၀။ ဦးဘိုးလှိုင်အချက်နှင့် မင်းတုန်းမင်းအရှက် ၁၀၁

၁၁။ ကင်းဝန်မင်းကြီး၏ စာချုပ်အရေးတော်ပုံ ၁၀၈

၁၂။ မင်းတုန်းမင်း ဖဲချပ်များနှင့် ပေါမင်းကြီးအယူအဆ ၁၁၅

၁၃။ သမျှော်ရည် ဖူးယာဉ်ခြင်းနှင့် နန်းတွင်းပြဿနာ ၁၂၀

၁၄။ အင်္ဂလိပ်တို့အကြံနှင့် ပေါမင်းကြီးဦးဘိုးလှိုင်၏ဥာဏ် ၁၃၂

၁၅။ မိန်းမဟူဘိ ဆိုကြတွဲ့သည် ၁၄၂

၁၆။ အမှေ့သချိုင်းမှခဓားသူ ၁၄၉

၁၇။ ဥတုဘောဇနသင်္ဂဟကျမ်း (သို့မဟုတ်)

သမားတော်လက်စွဲကျမ်း ၁၅၇

၁၈။ ပေါမင်းကြီး ဦးဘိုးလှိုင်၏ ဓာပေပညာနှင့်

ဓာပေအရှိန်အဝါ ၁၇၉

၁၉။ ဘုရင်ခံနှစ်နှင့် အတွေးအခေါ်သစ် ၁၉၁

၂၀။ မင်းတုန်းမင်း၏ အတုမရှိကျောင်းတော်ကြီး ၂၀၂

၂၁။ သီပေါမင်းနန်းတက်ခနှင့် ဦးဘိုးလှိုင်ဘဝ ၂၁၆

၂၂။ အနှောင့်ဖြတ်၍ အသေတတ်သူ ၂၂၉



ရွှေပြည်ဝန်ကြီး၊ သတိုးမင်းကြီး
မင်းလှမင်းခေါင်သီဟသူဘွဲ့ရ
ယောမင်းကြီး ဦးဘိုးလှိုင်



မကွေးမြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ (ဦးကြာဥ)
ယောမင်းကြီး ဦးဘိုးလှိုင်၏ ယောက္ခမတော်သည်။
ခင်ယင်းတောမင်းကြီးအား ရွှေဘိုမင်းတရားကြီး လှံဖြင့်ထိုးစဉ် အတူရှိသူ။



ယောမင်းကြီး ဦးဘိုးလှိုင်၏ ဇနီး ခင်ဖြူ



ယောမင်းကြီး ဦးဘိုးလှိုင် ၏ သမီးငယ်
ဓောဥမ္ဗာ (ခေါ်) ခင်ခင်လေး



မင်းတုန်းမင်းတရားကြီးလက်ထက် ၊ ယောအတွင်းဝန် ဦးဘိုးလှိုင်အား
(၆) ကြိမ် တိုင်တိုင် ရာထူး ချထားခြင်း ခံခဲ့ရသည်။



မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားနှင့်
တွဲဘက်၍ စက်ရုံတော်များကို ယောမင်းကြီး
ဦးဘိုးလှိုင် ကြီးကြပ်ကွပ်ကဲခဲ့ရသည်။




ကင်းဝန်မင်းကြီး ဦးကောင်း



တိုင်တားမင်းကြီး ဦးဖိုး



ဧတာင်ခွင်မင်းကြီးဦးသိုင်း





အီတလီဗိသုကာပုံစံယူ စိတ်တိုင်းကျတည်ဆောက်ခဲ့သော
ယောမင်းကြီး အုတ်ကျောင်း



ယောမင်းကြီး ဦးဘိုးလှိုင် တည်ဆောက်ခဲ့သော
ယောမင်းကြီး အုတ်ကျောင်းမှတ်တမ်းကမ္ပည်း

မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုဖြစ်သည့် အတုမရှိကျောင်းတော်ကြီး
(ယောမင်းကြီးဦးဘိုးလှိုင် ကြီးကြပ်၍ ပြီးစီးအောင် တည်ဆောက်ရသည်။)





ယောမင်းကြီးအုတ်ကျောင်း



ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါဘုရင်ထံတွင် ခစားစဉ်။
(ပထမ မြန်မာ့အခြေခံအုပ်ချုပ်ရေးစည်းမျဉ်း) ခေါ်သည့်
ရာဇဓမ္မသင်္ဂဟကျမ်းကို ဦးဘိုးလှိုင် ပြုစုခဲ့သည်။



ယောမင်းကြီး ဦးဘိုးလှိုင် ၏
ဂူသင်္ချိုင်း



ယောမင်းကြီးဦးဘိုးလှိုင်၏ရုပ်ပုံ

# လူမှုဘဝနိဒါန်း

ယောမင်းကြီးဦးဘိုးလှိုင်သည် ရတနာပူရ စတုတ္ထမြို့နန်းတည် ဘကြီးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၉၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀-ရက်၊ သောကြာနေ့တွင် မွေးဖွားသည်။ အဖဖြစ်သူမှာ ရေနံချောင်းမြို့စား ယင်းတောဝန်ကြီး သတိုးမင်းလှကျော်ထင်နှင့် အမိ ဝန်ကတော်မယ်ငြိမ်းတို့ဖြစ်ပြီး မှူးမတ်မျိုးရိုးဖြစ်သည်။ ယောမင်းကြီးဦးဘိုးလှိုင်အား ငယ်စဉ်က မောင်လှိုင်ဟု ခေါ်ကြသည်။

မောင်လှိုင်ဖခင်ကား ခေသူမဟုတ်ပေ။


အမရပူရ ရွှေမြို့တော်ကြီးအား ဦးစွာပထမ တည်ထောင်တော်မူခဲ့သော ဆဒ္ဒန်ဆင်မင်းသခင် ဘိုးတော်မင်းတရားကြီး၏ ချစ်ကျွမ်းဝင်သော ရဲဘော် ရွှေပြည်ဝန် လက်ဝဲတော်မှူးကြီး အမတ်တစ်ဦးရှိလေ၏။ ထိုလက်ဝဲဝင်းတော်မှူးကြီး၏ သားတော်ကား

စာရေးတော်ကြီးဖြစ်သည်။ ထိုစာရေးတော်ကြီး၌ သားတစ်ယောက်ထွန်းကားပြီး၊ ယင်းသားအား ဘကြီးတော်မင်းတရားသည် ငယ်စဉ်ကပင် ကျွေးမွေးသုတ်သင်ခဲ့၍ ကြီးပြင်းသောအခါ ရဲဘော်အရာ၌ထားပြီးလျှင် **(သတိုးမင်းလှကျော်စွာ)**ဘွဲ့ဖြင့် စစ်သူကြီးအဖြစ်မြှောက်စားတော်မူခဲ့သည်။

ထိုစစ်သူကြီးမှာ (ယင်းတောဝန်ကြီး)ဟူသော အမည်ဖြင့်ထင်ရှားလေ၏။ ထိုယင်းတောဝန်ကြီးမှာ မောင်ဘိုးလှိုင်၏ ဖခင်ဖြစ်သည်။ မောင်ဘိုးလှိုင်၏ ဇာတာ၌ သောကြာသားဟု မှတ်သားထားသော်လည်း မှည့်သည့်အမည်မှာ နေ့နံနှင့် မကိုက်ညီပေ။

ရက်ချုပ်၌

သက္ကရာဇ် ၁၁၉၁၊ နှောင်းတန်ခူးလဆန်း ၁၀-ရက်ညဉ့် ၃ချက်တီးကျော်အချိန်၊ သောကြာနေ့ဖွားဟူ၍ တွေ့ရသည်။



မောင်ဘိုးလှိုင်အား သောကြာနေ့အဝင်
ကုန်တွင်လက်နှင့် သောကြာ
မိန်တွင် တနင်္ဂနွေ
ကြင့်တွင် စန်းနှင့် စနေ
ကန်တွင်ရာဟု ဓနုတွင်အင်္ဂါ
ကြာသပတေးစဉ် နက္ခတ် (၇)လုံး
တစ်ပါဒ် ၅ ဗိဇနာတွင် ဖွားမြင်၍ ယ်မည် "မောင်လှိုင်"။

ဤသို့လျှင် မောင်လှိုင်မှာ မိဘမျိုးရိုးကလည်း ကောင်း၊ ဇာတာခွင်ကလည်း ကောင်းလေသောအခါ နောင်တစ်ချိန်၌ ပညာအရာတွင် ထက်မြက်ထူးချွန် တိုင်းကျော်ပြည်ကျော်ဖြစ်လာကာ ဘုရင် ၂ ဆက်တိုင်တိုင် ချီးမြှင့်မြှောက်စားခြင်းကို ခံရလေသည်။

မောင်ဘိုးလှိုင်ကလေး ကျောင်းနေအရွယ်သို့ ရောက်လာသောအခါ ယင်းတောဝန်ကြီးနှင့် ဝန်ကတော်တို့သည် (တလုပ်မြို့နယ် ကျဘိုးရွာ) ဇာတိဖြစ်သော ဆရာတော်ထံတွင် ပညာသင်စေရန် အပ်နှံကြလေ၏။ ဖခင်ဦးရွှေတုတ်မှာ မောင်ဘိုးလှိုင်အား မွေးဖွားပြီးနောက် ယင်းတောကို အပိုင်စားရလေသဖြင့် ယင်းတောမင်းကြီးဟု လူသိများခဲ့သည်။ ရွှေဘိုဘုရင်သည် ဦးရွှေတုတ်အား ရာထူးဌာနန္တရသိုက်မြိုက်ခမ်းနားစွာဖြင့် ချီးမြှင့်မြှောက်စားသည့်အချိန်လည်း

ဖြစ်သည်။

အမိအဖတို့သည် သားကလေးမောင်လှိုင် လောကုတ္တရာ စာပေကို အတော်အတန်၊ အသင့်တတ်လာပြီးနောက် ဗုဒ္ဓဂုဏ်တော် ဖြစ်သော သရဏဂုံအား ပီပီသသ ရွတ်ဆိုနိုင်သောအခါ၌ ဒုက္ခ ပေါင်းတို့၏ ကင်းငြိမ်းရာ ပြည်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ မောင်ဘိုးလှိုင်ကို သာမဏေအဖြစ် ချီးမြှောက်ပေးရန် စဉ်းစားကြပြန် လေ၏။ ထို့ကြောင့် ကျဘိုးဆရာတော် အရှင်မြတ်ထံမှာပင် မိဘတို့ ဝတ္တရားအတိုင်း မြတ်စွာဘုရား သာသနာတော်တွင်းသို့ သွင်းသွင်း ကာ သာမဏေအဖြစ် ချီးမြှောက်ခဲ့ကြသည်။

ထို့နောက် ပြည်ဆရာတော်ထံတွင် သဒ္ဒါကျမ်းကို တတ် မြောက်အောင် သင်ကြားခဲ့ပြန်သည်။ မောင်ဘိုးလှိုင်သည် ငယ်စဉ် ဘဝ ပညာရှာမှီးချိန်၌ပင် ဉာဏ်ပညာ ထက်ထက်မြက်မြက် ရှိသူ ဖြစ်၏။ ပညာသင်ယူရာတွင်လည်း စာတစ်ပိုဒ်၊ ဓါကျတစ်ကြောင်းကို ထပ်ခါတစ်လဲလဲ ပြုသရသည်ဟူ၍ မရှိ၊ တစ်ကြိမ်တစ်ခါ ပြုပြီးသည်နှင့် အာဂုံဆောင်နိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း သင်ဆရာတို့က အထူးချစ်ခင်ကြသည်။

ကုန်းဘောင်ခေတ်တွင် အမရပူရ ရွှေမြို့တော် ရွှေကြိုးသပ် နယ်နမိတ်အတွင်း ကျမ်းတတ်အကျော်အမော်ဆရာတော်တို့ထံတွင်

မောင်ဘိုးလှိုင်တပည့်ခံပညာ သင်ယူလေ့ရှိလေ၏။ အထူးသဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတရား ကျေးဇူးများမည့် စာပေကျမ်းဂန်များကို ဆည်းပူးသင်ကြားခြင်းပြုခဲ့သည်။

မူလငယ်ဆရာ မဟာဘိုဆရာတော်ထံမှလည်းကောင်း၊ ပြည်ဆရာတော်ထံမှလည်းကောင်း၊ သဒ္ဒါကျမ်းကို တစ်ဖက်ကမ်းခတ် ဘတ်မြောက်အောင် သင်ယူလေ့လာခဲ့ပြီး၊ သဒ္ဒါတတ်ကျမ်းမှ စာတတ်ကျမ်းတတ်မည်သည်ကို မောင်ဘိုးလှိုင် နားလည်သဘောပေါက်ခဲ့၏။ ရှင်သာမဏေဘဝနှင့်ပင် မောင်ဘိုးလှိုင်အဖို့ လောကုတ္တရာအခြေခံ စာပေသဘောတရားတို့အား နားလည်ခဲ့သည်။

မှတ်ချက်

**မောင်ဘိုးလှိုင်၏ ရှင်သာမဏေဘွဲ့ကို မည်သည့်ကျမ်းများတွင်မှ ဖော်ပြထားခြင်းမရှိပါ။**

❖ ❖ ❖ ❖ ❖

# ကံကြမ္မာတယ်အငြိုးကြောင့် အဖြစ်ရယ်ဆိုး

ရှင်သာမဏေဘဝဖြင့် ပညာဆည်းပူးနေခဲ့သော မောင်ဘိုးလှိုင်သည် အသက်အရွယ်အားဖြင့် ၁၅ နှစ်သို့ ဝင်ပြီဖြစ်လေ၏။ ထိုသို့ ပညာသင်ကြားနေချိန်အတွင်း ခမည်းတော်ယင်းတောမင်းကြီးသည် ရွှေဘိုမင်းတရားကြီး၏ အမှုတော်ကို ရိုသေကျိုးနွံစွာ ထမ်းဆောင်လျက်ရှိလေ၏။

သို့သော်ကား ... မင်းဧကရာဇ်တို့ မျက်စောင်းမှာ အကြောင်း ၃ ပါးမရွေးလေသဖြင့် မင်းအလိုကျ အပြစ်ကင်းအောင် ခစားနေရပေသည်။ သက္ကရာဇ် ၁၂၀၆–ခုနှစ်၊ နယုန်လဆန်း ၇–ရက်နေ့တွင် ရွှေဘိုမင်းတရားကြီးသည် မကျန်းမမာဖြစ်တော်မူရှာလေ၏။ စိတ်နှလုံးနှောက်ကျိုသော ဝေဒနာစွဲကပ်တော်မူသဖြင့် နန်းတွင်း

အကျော်အမော်များဖြစ်ကြသော သမား၊ ဟူးရားတို့ဖြင့် ကြပ်မတ်စွာ ကုသနေရလေသည်။ ထိုစဉ်အတွင်း **(အသက်ရှည်စေလို၊ မန်းတောင်ရိပ်ခို)**ဟူသော တဘောင်သီချင်း ခေတ်စားလျက်ရှိရာ၊ ရွှေဘိုမင်းတရားကြီးအား အနီးဆုံး မန္တလေးတောင်တော်၏ အရိပ်ကျရာ (မင်းတဲအိကင်း) အရပ်၌ထားရန် စီမံကြကုန်လေ၏။

ထိုအရပ်၌ စံနန်းဟော်ဆောက်လုပ်စေပြီးသော် ယာယီပြောင်းရွှေ့ထွက်စံတော်မူရန် သမား၊ ဟူးရားနှင့် အမတ်သေနာပတိကြီးတို့က လျှောက်ထားသံတော်ဦးတင်လျက် စံစေလေသည်။ သို့ရာတွင် ကိန်းခန်းနက္ခတ် ယတြာမကျေသေးသဖြင့် မန္တလေးမြို့ အနောက်ပြင် အေးဝန်းနေယံနိမိတ်အတွင်းရှိ ဓာတ်နန်းရပ်သို့ တစ်ဖန် ပြောင်းရွှေ့စံနေတော်မူပါရန် ပဟ်မံလျှောက်ထားသံတော်ဦးတင်ကြပြန်လေ၏။

ယင်းသို့ ရွှေဘိုမင်းတရားကြီးအတွက် ယတြာချေ၊ ဓာတ်ရိုက်ခြင်းသဘောဖြင့် ဓာတ်စံနန်းတော် ဆောက်လုပ်စံနေတော်မူသွားသည်ကို အစွဲပြု၍ ယနေ့တိုင် မန္တလေး၌ **(ဓာတ်နန်းရပ်)** ဟု အမည်တွင်နေပေသေးသည်။

ရွှေဘိုမင်းတရားကြီးသည် မိဖုရားခေါင်ကြီးမှ ဖွားမြင်တော်မူသော သားတော်ကြီးကို အိမ်ရှေ့အရာပေးသနားထားသည့်အတိုင်း သားတော်ကြီးသည် ဖခမည်းတော်အတွက် ရန်အန္တရာယ်လုံခြုံ

စေခြင်းငှာ ဓာတ်စံနန်းတော်မြောက်ဘက်မှ တပ်ချ၍ အိမ်တော်နှင့် နေထိုင်ခဲ့သည့်နေရာတွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်တော်မူလေ၏။ ထိုစေတီတော်ကို **(အိမ်တော်ရာစေတီ)**ဟု ယနေ့တိုင် ဖူးတွေ့နိုင်ပေသေးသည်။

အိမ်တော်ရာစေတီတော်၏ အနောက်ဘက်တွင် မိုးကောင်းမိဖုရားက ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပြန်သဖြင့် ထိုကျောင်းတိုက်ကိုလည်း ယနေ့တိုင် **(မိုးကောင်းကျောင်းတိုက်)** ဟု အမည်တွင်လျက်ရှိသည်။ မိုးကောင်းမိဖုရား၏ အကောက်ဝန်မင်းကြီးကလည်း ဒေးဝန်းအနောက်ပိုင်း၌ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ရာ ယနေ့တိုင် **(အကောက်ဝန်မင်းကျောင်း)** ဟု ခေါ်တွင်လျက်ရှိသည်။

မိုးကောင်းမိဖုရား၏ မောင်တော်ဦးကျောက်လုံးသည်လည်း မိုးကောင်းကျောင်းအရှေ့ဘက် ဥပစာနှင့် အိမ်တော်ရာစေတီ အနောက်ဘက်အကြားတွင် တံတားတစ်ခု ဆောက်လုပ်ခဲ့သည်။ ယင်းတံတားကို **(မိကျောင်းတံတား)**ဟု အမည်ပေးခဲ့ရာ ယနေ့တိုင် အမည်တွင်ဆဲဖြစ်သည်။

သကျသီဟဘုရား တည်ထားကိုးကွယ်သော နေရာမှာ မင်းတုန်းမင်းသား၏ အိမ်တော်ရာဖြစ်သော်လည်း ထိုဘုရားမှာ မင်းတုန်း

မင်း တည်ခဲ့ခြင်း မဟုတ်ပေ။ သီပေါမင်းသားမှာ အငယ်သားဖြစ်သဖြင့် အိမ်တော်နေရာမှာ မြို့တော်၏အနောက်ဘက်ကျ၍ မင်းသား၏ဘုမ္မိ အရပ်ဖြစ်သည်။ ဘုမ္မိသဘောမှာ ကောင်းကျိုးမပေးခြင်းဖြစ်ရကား ... မင်းတုန်းမင်းဘုရား တည်ခြင်းမပြုချေ။

ယခုတည်လျက်ရှိသော သကျသီဟဘုရားမှာ သီပေါမင်းဘုရင် လက်ထက် မှန်နန်း(ခနု)တို့ သွန်းလုပ်သော ဘုရားကို သမီးတော် အလယ်နန်း ဆင်ဖြူရှင်မိဖုရားက၊ သမီးတော်ကလေးအား တိုက်တွန်းနှိုးဆော်၍ သီပေါဘုရင်လက်ထက်တွင်မှ တည်ဖြစ်လေ၏။

ပြည်မင်းသား၏ အိမ်တော်ရာမှာ ဧရာဝတီမြစ်တွင်း ကမ်းပြို ရာတွင် ပါသွားသဖြင့် ယနေ့မတွေ့နိုင်တော့ပေ။ ရွှေဘိုမင်းတရား ကြီးသည် ဓာတ်နန်း၌ စံမြန်းနေတော်မူသော်လည်း စိတ်နောက်ကျို သော ရောဂါဝေဒနာမှာ သက်သာလျော့ပါးသွားခြင်း မရှိပေ။ မှူးကြီး မတ်ရာ၊ သေနာပတိတို့နှင့် သမားဟူးရားတို့ကလည်း ခေါင်းချင်း ဆိုင်လျက် တိုင်ပင်ဆွေးနွေးသမှု ပြုကြရကုန်လေ၏။

ထိုအတောအတွင်း ရွှေဘိုမင်းတရားကြီးသည် သားတော် ပြည်မင်းသားအား အနောက်နန်းမတော်မိဖုရား မမြကလေးနှင့် အထင်တော်လွဲမှားလေ၏။ ထိုပြဿနာကြောင့် သားတော် ပြည် မင်းသား၏ အိမ်တော်ကိုဝိုင်း၍ ဖမ်းစေဟု အမိန့်တော် ထုတ်ဆင့်

ခဲ့သည်။ ထိုအခါ ပြည်မင်းသားလည်း ဆင်တော်စီးလျက် ဝင်းခြံကို ဖောက်ထွင်း ထွက်ပြေးသွားရာ၊ သားတော်ပုဂံမင်းအား လိုက်လံ ဖမ်းဆီးရမည်ဟု အမိန့်တော်ထုတ်ဆင့်ပြန်လေ၏။

ထိုသို့ နန်းတွင်းအရှုပ်တော်ပုံ စကတည်းကပင် ယင်းတော မင်းကြီး ဦးတုတ်မှာ စိတ်မကောင်းဖြစ်လေ၏။ အဘယ့်ကြောင့် ဆိုသော် ပြည်မင်းသားနှင့် ယင်းတောမင်းကြီး ဦးတုတ်တို့မှာ လွန်စွာရင်းနှီးကြသူများ ဖြစ်ကြသည်။ ပြည်မင်းသားနှင့် ပတ်သက်၍ မင်းကြီးသည် မိမိအပေါ် အမျက်တော်ရှလေမည်ကို စိုးရိမ်နေမိလေ၏။ ကြိုတင်၍ စိုးရိမ်ပူပန်စိတ် ဖြစ်မိသည့်အတိုင်းလည်း ဇာတ်ကြမ္မာ ကြုတ်ဆိုးသည် ယင်းတော်မင်းကြီး ဦးတုတ်အား သက်ညှာခွင့် မပေးခဲ့ပေ။

ရွှေဘိုမင်းတရားကြီး၏ အမိန့်တော်အတိုင်း သားတော် ပြည် မင်းသားအား ပုဂံမင်းသားကို လိုက်လံဖမ်းဆီးစေခဲ့ရာ မတွေ့ရ အရှေ့၊ လမိုင်းကြီးရွာတွင် လက်ရဖမ်းဆီးရမိလေတော့၏။ ထိုအခါ ရွှေဘိုမင်းတရားကြီးသည် သားတော်ပြည်မင်းသားအား မသတ်ဘဲ ပုဂံမင်းသားထံ အပ်နှံထားရှိသေးသည်။ သူနှင့်ပတ်သက်သော အနောက်နန်းမတော်မမြကလေးကိုမူ ကျည်းတိုက်အတွင်း အကျဉ်း ချထားစေလေ၏။

ရိုးကာပေ

ထိုအတောအတွင်း ပြည်မင်းသားသည် မမြကလေးအား တိတ်တဆိတ်တွေ့ဆုံ၍ ကယ်တင်ရန် ထပ်မံကြံစည်ပြန်သောအခါ ပြည်မင်းသားအား ကွပ်မျက်ပစ်လိုက်ရလေတော့၏။ ဖောက်ပြန်ချင်သော အနောက်နန်းမတော် မမြကလေးကိုလည်း သုတ်သင်ရှင်းလင်းပစ်လိုက်သည်။ မမြကလေးတွင် သမီးတော် လှိုင်ထိပ်ခေါင်တင် မင်းသမီးတစ်ပါး ကျန်ရစ်ခဲ့ပြီး၊ လူမယ်အရွယ်ဖြစ်သဖြင့် **(ရွှေဘိုမင်းတရားကြီး၏ သမီးတော်၊ ပုဂံမင်းသား၏ နှမအရင်းဖြစ်သော စကြာဒေဝီမင်းသမီး)** တစ်ပင်တိုင်စံနန်းနှင့် စံနေတော်မူသည့် "စကြာဒေဝီ"က လှိုင်ထိပ်ခေါင်တင်အား ကောက်ယူမွေးစားထားခဲ့သည်။

ပြည်မင်းသားနှင့် မမြကလေးတို့ ပြဿနာစနက်မီးမှာ ယင်းတောမင်းကြီး ဦးတုတ်နှင့် မကင်းမရှင်း ရှိလေသည်ဟု ရွှေဘိုမင်းတရားကြီး သံသယရှိလေ၏။ ယင်းတောမင်းကြီးသည် ပြည်မင်းသား ပုန်ကန်မှုတွင် ကြံရာပါဖြစ်မည်ဟု အယူရှိသဖြင့် ညီလာခံ၌ပင် ရွှေဘိုမင်းတရားကြီးသည် လက်စွဲတော်ဖြစ်သော ကျောက်စီလှံဖြင့် ကိုယ်တော်တိုင် ထိုးသတ်ခဲ့ချေ၏။

ယင်းသို့ ထိုးသတ်ခြင်းအား သမိုင်းသုတေသီတို့က ရွှေဘိုမင်းတရားကြီးသည် စိတ်ဖောက်ပြန်သော ရောဂါအရှိန်ကြောင့်သာ

လက်စွဲတော်လှံဖြင့် ထိုးသတ်မိခြင်းဖြစ်သည်ဟု ကောက်ချက်ချကြ ကုန်၏။ အကြောင်းမှာ ... ရွှေဘိုမင်းတရားကြီးနှင့် ယင်းတော မင်းကြီးတို့မှာ ငယ်ကျွန်ရင်းဖြစ်၍ တစ်ဦးအလိုတစ်ဦး သိကြသူများ ဖြစ်သည်။ တစ်လျှောက်လုံး ဖေးမကူညီစောင့်ရှောက်ခဲ့ကြသူများ ဖြစ်သည်။ မင်းတရားကြီးကိုယ်တော်တိုင် သက်တော်ရှည်ရာထူး ပေးအပ်ခြင်း ခံထားရသူလည်းဖြစ်သည်။

ဤကဲ့သို့သော သက်တော်ရှည်အမတ်မျိုးကို ဘုရင်တို့မည်သည် သတ်ရိုးမရှိခဲ့ချေ။ မိဖုရားမမြကလေးနှင့် ပတ်သက်၍ ဦးတုတ်အပေါ် သံသယမကင်းစေကာမူ ဦးတုတ်သည် ပြည်မင်းသားနှင့် အဘဖယ်မျှ လောက် ရင်းနှီးလှင့်ကစား ... ဘုရင့်သစ္စာတော်ကို ဦးခေါင်းဆံမြည့် ထိန်းသိမ်းထမ်းရွက်လာခဲ့သူဖြစ်သည့်အတိုင်း ဘုရင်မင်းတရားကြီး သာ ရူးသွပ်ခြင်းဝေဒနာ မကပ်ရောက်ပါက ဤကဲ့သို့ သတ်ဖြတ် မည် မဟုတ်ပေ။

ရွှေဘိုမင်းတရားကြီးသည် ယင်းတောမင်းကြီးအား လှံဖြင့် ထိုးသတ်ပြီးနောက် ဆက်လက်၍ သူ၏သက်တော်စောင့် အမှုထမ်း တစ်ဦးကိုပါ လှံကစားလျက် သတ်ဖြတ်မှု ပြုခဲ့ပြန်လေသည်။ **ရွှေဘိုမင်းတရားကြီး စိတ်ဝေဒနာခံစားနေရချိန်၌ ယင်းတော မင်းကြီး၏ တူလည်းဖြစ်၊ ဝန်စာရေးလည်းဖြစ် သူစစ်ကိုင်းခရိုင်၊**

**နန်းတွင်းရှာသား ဦးမောင်ကလေး (မင်းတုန်းမင်းတရားကြီး လက်ထက်တော်၌ ရေနံချောင်းမြို့အုပ်အဖြစ်နှင့် အမှုတော် ထမ်းရွက်ခဲ့သူ)...**၏ သားဖြစ်သူဦးပိုတူတို့မှ ပြန်လည်ပြောပြ ချက်ဖြင့် သိရသောအကြောင်းချက်ဖြစ်သည်။

ရွှေဘိုမင်းတရားကြီး လုံချက်မိ၍ သွေးအိုင်ထဲတွင် လဲနေသော ယင်းတောမင်းကြီးအား ဖေးမတွဲထူပေးသူမှာ မင်းတုန်းမင်းသား ဖြစ်သည်။ မင်းတုန်းမင်းသားလည်း ယင်းတောမင်းကြီးအဖြစ်ကို ရင်နာစွာကြည့်လျက် မေးတော်မူခဲ့သည်။

"ဝေဒနာသက်သာပါရဲ့လား ဘိုးဘိုး"

ထိုအခါ ယင်းတောမင်းကြီးက အားယူပြုံးလျက် ...

"အရှင်မင်းသား အထွဋ်အထိပ်ရောက်မည့်အချိန်တိုင်အောင် တော့ ဘိုးဘိုးမမီနိုင်ပြီ။ သားကလေးလှိုင်ကိုသာ ကြည့်ရှုစောင့် ရှောက်တော်မူရစ်ပါအရှင်မင်းသား"

"ဘိုးဘိုးသား လှိုင်အတွက် နောက်ဆံမတင်းပါနှင့်ဘိုးဘိုး၊ ကိုယ်တော်အထွဋ်အထိပ်ရောက်ချိန်မှာ ကြည့်ရှုစောင့်ရှောက်ပါ့မယ်။ မင်းကြီးသက်တော်ရှည်ခန့်ထားပြီး၊ ရာထူးဌာနန္တရအဆင့်ဆင့် တိုးတက်ပေးဖို့ ကတိပေးပါတယ်"

မင်းတုန်းမင်းသား ဤသို့ ယင်းတောမင်းကြီးကို ကတိပေး

လိုက်သည်နှင့် ပြုံးနေသော နှုတ်ခမ်းအစုံ ဆတ်ခနဲလှုပ်လျက် ယင်းတောမင်းကြီး ဇီဝိန်ချုပ်သွားလေ၏။

သက်တော်ရှည်အမတ်ကြီး၊ ယင်းတောမင်းကြီး ကွယ်လွန်ချိန်၌ မောင်ဘိုးလှိုင်မှာ သာမဏေဘဝဖြင့် ၁၅ နှစ်မျှသာ ရှိသေးပြီး၊ တစ်ဦးတည်းသောသားနှင့် အမိတို့အဖို့ ကြမ္မာဆိုးကြောင့် လောကဓံတရားအား မည်သို့ရင်ဆိုင်ကြရလေမည်ကို မသိနိုင်တော့လေပြီတည်း။

**မှတ်ချက်။ ။ ကုန်းဘောင်မဟာရာဇဝင်တော်ကြီး တတိယတွဲ၌ ယင်းတောဝန်ကြီးအခဲ့ဆုံးစီရင်ခံရမှုကို ဤသို့ဖော်ပြထားကြောင်း တွေ့ရသည်။**

သက္ကရာဇ် ၁၂၀၇–ခုနှစ်တွင် ရွှေဘိုမင်းတရားကြီးသည် သားတော်ပြည်မင်းပုန်ကန်လိမ့်မည်ဟူ၍ သင်္ကာရုန့်မကင်းဖြစ်တော်မူလေ၏။ ထို့ကြောင့် ယင်းကိစ္စကို စုံစမ်းရာတွင် သားတော်ပြည်မင်းသားနှင့် ယင်းတောဝန်ကြီး ဦးတုတ်၊ ဆင်ဝန်၊ ညောင်ပင်ကြီးဗိုလ် အဝမြို့ဝန်၊ စစ်ကိုင်းဗိုလ်၊ ဗိုလ်နက်ကျော်၊ ဆောအတွင်းဝန်ဟောင်းငရစ်၊ သံတော်ဆင့်လက်ဝဲတို့ နှီးနှောတိုင်ပင်သည်ဟု သတင်းရရှိတော်မူသည်။ ထို့ကြောင့် ဆောအတွင်းဝန်ဟောင်းငရစ်နှင့်သံတော်ဆင့်လက်ဝဲတို့ကို ဦးစွာပထမ ကွပ်မျက်တော်မူသည်။

ယင်းတောဝန်ကြီးကိုမူကား ၁၂၀၇–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆–ရက်နေ့တွင် ရွှေနန်းတော်သို့ ခေါ်ယူစစ်ဆေးတော်မူ၏။ ယင်းတောဝန်ကြီးလည်း ပြည်မင်းနှင့် ကြံစည်တိုင်ပင်ရာပါကြောင်း ဖြောင့်ဆိုသည်။ ထို့ကြောင့် ရွှေဘိုမင်းတရားကြီးသည် ယင်းတောဝန်ကြီးအား စံနန်းတော် ဦးမြောက်လှေကားအဆင်းတွင် ကိုယ်တော်တိုင် လက်သုံးတော်လှံဖြင့် ထိုး၍ စံနန်းတော်ပြင်သို့ ယူသွားလေရာ ... ယင်းတောဝန်ကြီးလည်း လက်ဝဲတခါးပြင် ရောက်လျှင် သေလေ၏။

❖ ❖ ❖ ❖ ❖

# မင်းတုန်းမင်း အပါးတော်မြဲ

မင်းတုန်းမင်းသားသည် ယင်းတောမင်းကြီးအား ကတိပေးထားသည့်အတိုင်း မောင်ဘိုးလှိုင် (ရှင်သာမဏေ)လေးအား မပြတ်ဂရုစိုက်ကြည့်ရှုတော်မူလေ၏။ မင်းအဖြစ်သို့မရောက်မီ အိမ်ရှေ့စံဘဝ၌ပင် ဆွေစဉ်မျိုးဆက် မင်းပြစ်မင်းဒဏ်မခံရလေအောင် အစ်မတော် စကြာဒေဝီမင်းသမီးကြီးနှင့် တိုင်ပင်တော်မူခဲ့၏။

ရွှေဘိုမင်းတရားကြီးမှာ သမီးတော် စကြာဒေဝီမင်းသမီးအားအချစ်ဆုံးဖြစ်သဖြင့် တပင်တိုင်စံနန်းနှင့်ထားပြီး များစွာအလိုလိုက်တော်မူလေသည်။ ထို့ကြောင့် မောင်ဘိုးလှိုင်ကလေးအား စကြာဒေဝီ၏ ဘုန်းရိပ်ကံရိပ်တွင် ခိုလှုံနေပါက ရာဇဝတ်ဘေးမှ ကင်းဝေးနိုင်မည်ဟု ယုံကြည်ခဲ့သည်။

ရွှေဘိုမင်းတရားကြီးတွင် စွဲကပ်နေသော စိတ်ရောဂါဝေဒနာမှာလည်း သက်သာလာသည်မရှိဘဲ၊ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးဝါးလာပြီး ဖောင်းဆန်နေတော့သည်။ ယင်းတောမင်းကြီး ဦးတုတ်ကို လုံဖြင့် ထိုးသတ်ချိန်၌ အတူအမှုထမ်းရွက်ဖော်ဖြစ်သော မကွေးမင်းကြီး ဦးကြာဥက ဘုရင်မင်းကြီးအား အတင်းသိုင်းဖက်ထားရှာခဲ့သေးသည်။ ဘုရင်ကြီးစိတ်ငြိမ်အောင် အတန်ငယ်စီစဉ်ပြီးမှ ပုဂံအိမ်ရှေ့မင်းသားအား လွှတ်တော်တက်၍ အုပ်ချုပ်စေပါမည့်အကြောင်း တင်လျှောက်ကြရသည်။

ယင်းကြောင့် ပုဂံမင်းသားသည် ရွှေဘိုမင်းတရားကြီး နတ်ရွာမစံမီကပင် ဘုရင်ကဲ့သို့ လွှတ်ရုံးတက်ကာ အုပ်ချုပ်နေရသူဖြစ်သည်။ ယင်းတောဝန်ကြီး သေဆုံးပြီးသည့်နောက် ဝန်ကတော်ကြီးသည် သားဖြစ်သူ မောင်ဘိုးလှိုင်အား သာမဏေအဖြစ်မှ လူဝတ်လဲစေ၍ မိမိပိုင် ရွှေ၊ ငွေ၊ ဘဏ္ဍာများနှင့်တကွ မင်းတုန်းမင်းသားထံ အပ်နှံလေ၏။

မင်းတုန်းမင်းသားကလည်း မောင်ဘိုးလှိုင်ကို မြောက်ဆောင်တော်ဘုရားထံ အပ်နှံတော်မူပြန်သည်။ သို့နှင့်ပင် မောင်လှိုင်သည် မင်းတုန်းမင်းသားနှင့် မြောက်ဆောင်တော် (စကြာဒေဝီ)တို့၏ မွေးစားသားအဖြစ်ဖြင့် ချီးမြှောက်ခြင်းကို ခံရလေ၏။ သားရင်းနှင့်မခြား

ပြုစုထားတော်မူကြပြီး၊ ထိုအရှင်နှစ်ပါးတို့မှ ထပ်မံ၍ သာမဏေပြု စေတော်မူပြီးလျှင် ဦးစွာ (ကဝိန္ဒာဘိသိရီသဒ္ဓမ္မဇ မဟာဓမ္မရာဇဂုရု) တံဆိပ်တော်ရ ပင်းဆရာတော်ဘုရားထံ အပ်နှံခဲ့သည်။

ပင်းဆရာတော်၏ ငယ်မည်မှာ ဦးလွန်းပြေဖြစ်၍ ရဟန်းဘွဲ့မှာ ဦးကဝိန္ဒဖြစ်သည်။ ထို့နောက် မောင်ဘိုးလှိုင်သည် မေဓာဘိဝံသ သဒ္ဓမ္မဇ မဟာဓမ္မရာဇာ ဓိရာဇဂုရုတံဆိပ်တော်ရ ပြည်ဆရာတော် ဘုရား၏ ထံတော်ပါး၌ သဒ္ဒါ၊ ဗျာကရိုဏ်း၊ ဆစ်ပိုင်းခဲရုပ်၊ ပုဒ်စပ် ပုဒ်လှည့်၊ နည်းအစဉ်တို့၌ ဝဠဥ္စန၊ အဝါးဝအောင် ကျနစွာ သင်ကြား လေ့လာရသည်။ ပြည်ဆရာတော်၏ ငယ်မည်ကား (ဦးကြီး)ဖြစ်ပြီး ရဟန်းဘွဲ့မှာ ဦးမေဓာဖြစ်သည်။

ထိုမှတစ်ဖန် ပညာဇောတာဘိဝံသ သိရိပဝရ ဝိဇယလက်ာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ (ဗားကရာ) သာသနာပိုင်ဆရာတော်ဘုရားထံ ဆည်းကပ်၍ ဓမ္မဒေသ၊ ဂရုပဒေသ၊ နယုပဒေသ၊ နေကျကုံလုံ၊ ဥသျှံကျင်းကျင်း၊ မဟင်းမလစ်အောင် ကြိုးစားလျက် ပညာသင်ကြားခဲ့ပြန်လေ၏။ ဗားကရာ သာသနာပိုင်၏ ငယ်မည်ကား (ဦးအင်း)ဖြစ်၍ ရဟန်းဘွဲ့မှာ ဦးပညာဇောတ ဖြစ်သည်။

အဆိုပါဆရာတော်တို့၏ ဂုဏ်ကိုကြည့်လျှင် မောင်ဘိုးလှိုင်သည်

ပညာအရာ၌ ဆရာကောင်း၊ သမားကောင်းတို့၏ အဆုံးအ ကို ငယ်စဉ်ကပင် ခံယူခဲ့ရပေသည်။ ပညာသင်ကြားခြင်းဖြင့် ပဉ္ဇင်းမျိုးဖြစ်သော မောင်ဘိုးလှိုင် (၁၇)နှစ်သားအရွယ်သို့ ရောက်သောအခါ တိုင်းရေးပြည်ရေးမှာ ပြောင်းလဲခြင်းတို့ ဖြစ်လေတော့၏။

ရွှေဘိုမင်းတရားကြီး၏ ရှုံးသွပ်သောရောဂါဝေဒနာတော်မှာ များစွာဆိုးရွားလာသဖြင့် တရုတ်မော်မင်းသားက နတ်ရှာစံသည့်တိုင် အစောင့်အကြပ်နှင့် နေရလေ၏။ ယင်းနတ်ရှာစံသည်နှင့် ပုဂံမင်းသား နန်းတက်တော်မူလေသည်။ ပုဂံမင်းမှာ အုပ်ချုပ်ရေးပိုင်း၌ လွန်စွာညံ့ဖျင်းပြီးလျှင် နိုင်ငံခြားသားတို့နှင့် ရောယှက်ပေါင်းသင်းပျော်ပါးကာသာ နေလေ့ရှိ၏။ ပုဂံမင်းနန်းသက်တစ်လျှောက် တိုင်းကားပြည်ရွာအုပ်ချုပ်ရေး ပျက်ပြားလာလေတော့သည်။

ယင်းသည် ဘိုင်ဆတ်ခေါ်သော မဟာမေဒင် နိုင်ငံခြားသားတစ်ဦးကို မြို့ဝန်အရာ၌ထား၍ ချီးမြှင့်မြှောက်စားထားသည်။ ထိုဘိုင်ဆတ်သည် ပြည်သူပြည်သားတို့ကို ညှင်းပန်းနှိပ်စက်၊ ငွေကြေးလာဘ်ယူ၊ ထောင်ထွင်းသတ်ဖြတ် အစရှိသဖြင့် ပြုကျင့်လေရာ ... တိုင်းကားပြည်ရွာ လွန်စွာညှိုးနွမ်းလေသည်။ ပုဂံမင်းသည် ဤအကြောင်းချက်တို့ကို နှောင်းသောအခါမှ သိလေရာ မြို့ဝန်ဘိုင်ဆတ်နှင့် မြို့စာရေး ငယိန်တို့အား သက္ကရာဇ် ၁၂၃၃–ခု၊ နတ်တော်လပြည့်

ကျော် ၇-ရက်နေ့တွင် အဆုံးစီရင်တော်မူလေသည်။

သို့သော် ဘိုင်ဆက်၏ပယောဂကြောင့် ပြည့်ရှင်မင်းနှင့် ပြည်သူ ပြည်သားတို့သည် အမြင်မကြည်လင်ဘဲ စိတ်ဝမ်းကွဲအက်လျက် ရှိလေတော့၏။ ထိုစဉ်အတွင်း နယ်ချဲ့တို့မှာ တိုင်းပြည်ဖယိုဖရဲ ဖြစ်စဉ် အချက်ကောင်းယူလျက် ပြဿနာရှာလာပြန်လေ၏။ မြန်မာ့ ရာဇဝင်တွင် အိန္ဒိယတိုင်းကို အစိုးရသည့် အင်္ဂလိပ်မင်း၏ တိုက် သင်္ဘောအုပ်(ကာမိုးဒေါ်လံဘာ)သည် အင်္ဂလိပ်မင်းအလံတော်အောက် တွင် ရှိနေသူတို့ကို ဟံသာဝတီမြို့ဝန်မင်းက ညှဉ်းပန်းနှိပ်စက်သည် ဟု အကြောင်းပြ၍ အရေးဆိုလာလေ၏။

တစ်ညသောအခါ၌ မြန်မာပိုင်ရေနန်းယာဉ်သာ သင်္ဘောကို မီးသင်္ဘော ၂ စင်း ဝဲယာမှတွဲ၍ တိတ်တဆိတ်ယူဆောင်သွားကြ သည်။ ဤမှစ၍ အင်္ဂလိပ်နှင့် မြန်မာတို့ ဒုတိယအကြိမ် စစ်ခင်းကြ တော့သည်။ အင်္ဂလိပ်စစ်တပ်သည် ၁၂၁၄၊ တန်ခူးလပြည့်ကျော် ၈-ရက်နေ့တွင် တိုက်သင်္ဘောများနှင့် ရန်ကုန်မြစ်ထဲသို့ ဝင်လာပြီး လျှင် သီလဝါမီးပြရှိ ကင်းတပ်များအား စတင်တိုက်ခိုက်ကြသည်။ ထိုနှစ် နတ်တော်လ၌ ပဲခူးကို အင်္ဂလိပ်တို့ ရရှိသွားကြလေတော့ သည်။

ဤသို့ အင်္ဂလိပ်တို့က မြန်မာနိုင်ငံပိုင်ဒေသတို့ကို ဒုတိယ

အကြိမ် သိမ်းယူနေခိုက်တွင် အမရပူရ၏ အုပ်ချုပ်ရေးသည် ရှေးကထက် ပိုမိုဆိုးရွားလာလေ၏။ ခိုးသား၊ ဓားပြစသော ရာဇဝတ်မှုခင်းများလည်း ထူပြောလာလျက် နန်းတွင်းရေးတို့ပါ ရှုပ်ထွေးလာကာ ကုန်းချောစကား ပြောတတ်သူတို့စကားသာလျှင် အောင်နိုင်ရေး အချက် ရှိနေလေ၏။

ထို့ကြောင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်တို့သည် ရွှေမြို့တော်၌ ဖြစ်ပွားသော ဓားပြမှုများတွင် အပါဝင်အဖြစ် သယောင် အပြစ်ရှာကြံခြင်းကို ခံရရှာလေ၏။ ထိုအခါ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားညီအစ်ကိုတို့သည် သက္ကရာဇ် ၁၂၁၄-ခု၊ ပြာသိုလဆန်း ၈-ရက်နေ့တွင် အမရပူရရွှေမြို့တော် ရှေ့မျက်နှာမြောက်စွန်၊ လေးကျွန်းတံခါးမှထွက်၍ မတ္တရာမြို့၌ လူထုကို စည်းရုံးပြီးလျှင် နောင်တော်ပုဂံမင်းကို ခြားနားရန်အလို့ငှာ ရွှေဘိုသို့ ချီတက်ကြလေ၏။

ထိုအခါ မောင်ဘိုးလှိုင်သည် ပဉ္စင်းအဖြစ်မှ လူဝတ်လဲ၍ မင်းတုန်းမင်းသားနှင့်အတူ လိုက်ပါလေ၏။ အချို့သောရာဇဝင်ကျမ်းများနှင့် စာပေသုတေသီတို့က မောင်ဘိုးလှိုင်ရွှေဘိုသို့ မင်းတုန်းမင်းသားတို့ ညီနောင်နှင့်လိုက်ပါရကြောင်းကို အောက်ပါအတိုင်း မှတ်သားထားကြောင်း တွေ့ရသည်။

ဖခင်ယင်းတောဝန်ကြီး ရာဇဝတ်သင့်၍ ကံတော်ကုန်သော အခါ ဘုရင်အမျက်တော်ရှနေချိန်၌ ဆွေစဉ်မျိုးဆက် သတ်လေမည် စိုးသဖြင့် မောင်ဘိုးလှိုင်သည် ဗားကရာတိုက်တွင် သတင်းသုံးလျက် ရှိသော မဟာဘိုဆရာတော်အလောင်း ဦးပဥ္စင်းထံ တိမ်းရှောင် ခိုအောင်းနေရရှာသည်။ ထို့နောက် ရှင်သာမဏေအဖြစ်မှ လူဝတ် လဲရပြန်လေ၏။

ထိုမဟာဘိုဆရာတော်သည် ရာဇဝတ်သင့်ခဲ့သော မမြကလေး ၏ သမီးလှိုင်ထိပ်ခေါင်တင် မင်းသမီးလေးမှာ စကြာဒေဝီ ကောက်ယူ မွေးစားထားသဖြင့် အသက်ချမ်းသာရာရကြောင်း သိတော်မူ၍ မင်းတုန်းမင်းသား၏ အိမ်တော်သို့ ကြွရောက်သွားလေ၏။

မင်းတုန်းမင်းသား ။ ။ "အရှင်ဘုရား ကြွလာတော်မူရင်းကို မိန့်တော်မူပါဘုရား"

ဦးပဥ္စင်း ။ ။ "စုံစမ်းရန်အကြောင်းထူးရှိသဖြင့် ကြွခဲ့ခြင်းပါ ဒကာတော်"

မင်းတုန်းမင်းသား ။ ။ "တင်ပါ့ဘုရား အမိန့်တော်ရှိတော်မူပါ"

ဦးပဥ္စင်း ။ ။ "အနောက်နန်းမတော်မမြကလေးရဲ့ သမီးတော် လှိုင်နှထိပ်ခေါင်တင် မင်းသမီးကလေး အား စကြာဒေဝီ မင်းသမီးက မွေးစားထား

တယ် ကြားရလို့ ဟုတ်မဟုတ် သိရအောင် လာခဲ့ပါတယ်"

မင်းတုန်းမင်းသား ။ ။ "အရှင်ဘုရား ကြားတော်မူသည့်အတိုင်း မှန်ကန်ကြောင်းပါ။ အစ်မတော်စကြာဒေဝီ က မွေးစားထားတော်မူသဖြင့် အသက် ဘေးမှ ချမ်းသာရကြောင်းပါဘုရား"

ဦးပဥ္စင်း ။ ။ "အိမ်း သာဓု၊ သာဓု၊ သာဓု ဒကာတော် ဒီလိုဆိုရင် ဦးပဥ္စင်းဆီမှာ ယင်းတောမင်း ကြီး ဦးတုတ်ရဲ့သားကလေး မောင်ဘိုးလှိုင် မှီခိုနေပါတယ်။ သူ့အတွက် ဒကာတော်နှင့် တိုင်ပင်ချင်ပါတယ်"

မင်းတုန်းမင်းသား ။ ။ "အဖရာဇဝတ်သင့်ပေမယ့် သားနှင့်မဆိုင် ပါဘုရား။ အသက်ချမ်းသာမှု စိတ်ချရအောင် အစ်မတော်ဘုရားထံ သွားရောက်အပ်နှံပါက သင့်လျော်မည် ထင်ပါသည်ဘုရား"

မင်းတုန်းမင်းသား၏ တင်လျှောက်ချက်ကို သဘောကျတော် မူသဖြင့် မဟာဘိုဆရာတော်လောင်း ဦးပဥ္စင်းသည် မောင်ဘိုးလှိုင် အတွက် စကြာဒေဝီ စံမြန်းရာ တပင်တိုင်နန်းသို့ ကြွရောက်ခဲ့

သည်။ အကြောင်းစုံကြားသိရသော စကြာဒေဝီ မင်းသမီးကလည်း မောင်ဘိုးလှိုင်အား သားအဖြစ်မွေးစား၍ ရာဇဝတ်ဘေးမှ ကာကွယ်ပေးမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့သည်။

ဤသို့ဖြင့် မောင်ဘိုးလှိုင်မှာ လက်ဦးဆရာကျ ဘိုးဆရာတော်ထံမှ ဒုတိယမဟာဘိုဆရာတော်ထံသို့ ရောက်ကာ ဓာတိယအကြိမ်တွင် စကြာဒေဝီမင်းသမီး၏ မွေးစားသားဘဝဖြင့် နေခဲ့ရပြန်လေ၏။ သက္ကရာဇ် ၁၂၀၇-ခုနှစ်တွင် ရွှေဘိုဘုရင်သည် ယာယီဓာတ်နန်းမှ အမရပူရသို့ ဝင်တော်မူလေသည်။ ဝေဒနာကား မသက်သာခဲ့ပေ။

သက္ကရာဇ် ၁၂၀၈-ခုနှစ်တွင် ရွှေဘိုမင်းတရားကြီး နတ်ရွာစံတော်မူလေသဖြင့် သားတော်ပုဂံမင်းတက်၍ နန်းသိမ်းပွဲခံယူခဲ့သည်။ ပုဂံမင်းသည် နှမတော် စကြာဒေဝီအား မြတ်နိုးတော်မူသဖြင့် မယ်တော်မိဖုရားခေါင်ကြီးထံ ပြုစုရန် ပြောင်းရွှေ့စေ၍ တပင်တိုင်ထားတော်မူသည်။ မိဖုရားခေါင်ကြီးထံ ပြောင်းရွှေ့စံနေတော်မူရမည်ဖြစ်သဖြင့် စကြာဒေဝီသည် မောင်ဘိုးလှိုင်အား ရှင်သာမဏေပြန်လည်ဝတ်စေပြီး ကျမ်းတတ်ဆရာတော်ကြီး အသီးသီးထံ အပ်နှံပညာသင်ကြားစေသည်။ လိုအပ်သော ပစ္စည်း ၄ ပါးအတွက် စကြာဒေဝီမင်းသမီးက တာဝန်ယူခဲ့သည်။

ပုဂံမင်းနန်းတက်၍ ၆ နှစ် ကြာသောအခါ နေပြည်တော်၏

အခြေအနေမှာ နန်းတွင်းရေးရှုပ်ထွေးလာလေတော့၏။ နောင်တော် ပုဂံမင်းတရားသည် မင်းလိုလိုက်၍ မင်းကြိုက်တင်လျှောက်လေ့ ရှိသော မှူးမတ်သေနာပတိများ၊ မိဖုရားများ၏ စကားကို ယုံတော်မူ၍ ညီတော်မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အပေါ် ရွှေစိတ်တော် ကွက်လာလေတော့သည်။ ပြည်ထဲရေးနှင့်ပတ်သက်သော အမှုကိစ္စများကိုလည်း ညီတော် ၂ ပါးအား ဂရုမထားဘဲ စိတ်လိုလိုက်ကာ ဆုံးဖြတ်စီရင်တော်မူလေ့ရှိသည်။

မင်းတုန်းမင်းသားလည်း စိတ်နှလုံးကြည်သာတော်မမူလေသဖြင့် အစ်မတော် စကြာဒေဝီအား နောင်တော်ပုဂံမင်း၏အမှုတို့ကို တင်လျှောက်လေသည်။ စကြာဒေဝီမင်းသမီးမှာ နှယ်နှယ်ရရမဟုတ်၊ ဗေဒင်သုံးပုံကို သူမတူအောင် တတ်ကျွမ်းသူဖြစ်သည်။ နေပြည်တော်အရေးနှင့် ပတ်သက်၍ ဗေဒင်ကိန်းခန်းအရ တွက်ချက်ကြည့်ရာ၌ ပုဂံမင်းတရား ထီးနန်းသက်ကုန်ချိန်ရောက်နေပြီကို သိရလေတော့သည်။

သက္ကရာဇ် ၁၂၁၄–ခုနှစ်၊ ပြာသိုလဆန်း ၈–ရက် သောကြာနေ့တွင် မင်းတုန်းမင်းသားနှင့် ညီတော်ကနောင်မင်းသားတို့သည် အစ်မတော်ဘုရားထံ ချဉ်းကပ်၍ တိုင်ပင်ဆွေးနွေးခြင်း၊ အကြံဉာဏ်တောင်းခံခြင်း ပြုကြသည်။ ထိုအခါ စကြာဒေဝီက

"အရှင်မင်းသား၊ မောင်တော်ပုဂံမင်းမှာ ထိးနန်းသက်ကုန်နေပါပြီ။ အရှင်မင်းသားကိုယ်တော်တိုင် ရွှေဘိုသို့ ချီတက်၍ ကြံစည်တော်မူပါက ဇေဒင်ကိန်းခန်းအရ အောင်မြင်ပါလိမ့်မည်။ စစ်ထွက်ခရီးစဉ်တစ်လျှောက် အစစတိုင်ပင်တော်မူရန် သားတော် (ဘိုးလှိုင်)ကို အသုံးပြုတော်မူပါ။ သားတော်ဘိုးလှိုင်က တတ်သိလိမ္မာပါသည်။

စကြာဒေဝီ၏ အကြံပေးမှုကြောင့် မင်းတုန်းမင်းသားသည် မောင်ဘိုးလှိုင်အား ရှင်သာမဏေဘဝမှ လူဝတ်လဲစေ၍ မိမိ၏အပါးတော်မြဲ အတိုင်ပင်ခံအဖြစ် အမှုတော်ထမ်းရွက်ရန် ခေါ်ယူလေ၏။ ယင်းအချိန်၌ မောင်ဘိုးလှိုင်အသက်မှာ (၂၃)နှစ်ဟု မှတ်သားရသည်။

စကြာဒေဝီ မင်းသမီးနှင့် မင်းတုန်းမင်းသားတို့၏ ကျေးဇူးတရားရှိသောကြောင့် မောင်ဘိုးလှိုင်သည် မင်းတုန်းမင်းအပါး ဖဝါးထပ်ချပ်မခွာ လိုက်ပါအမှုတော်ထမ်းခဲ့လေသတည်း။

❖ ❖ ❖ ❖ ❖

စိုးဘဝေပ

# မောင်ဘိုးလှိုင်၏ ရာဇဝင်ဂုဏ်ဖြပ်

သက္ကရာဇ် ၁၂၃၄–ခုနှစ်၊ မင်းတုန်းမင်းသားညီနောင် ပုန်ကန်သော အရေးတော်ပုံ၌ မောင်ဘိုးလှိုင်၏ အစွမ်းအစတို့ကို တွေ့မြင်လာရသည်။ ထိုညီနောင်တို့သည် ရွှေဘိုမြို့အနီး တအုံရွာ၊ ညောင်ပင်ကြီးစခန်းသို့ ရောက်ရှိလာသောအခါ မင်းတုန်းမင်းသားတို့၏ လူစုလူဝေးမှာ ရဲမက်တို့ ၂ ဘက်ညှပ်ထားခြင်းကို ခံနေရလေ၏။

အမရပူရမှ လက်နက်၊ လူသူ၊ အမှုထမ်းများပြားလှသော တပ်စုသည် မင်းတုန်းမင်းသားကိုဖိ၍ လိုက်တိုက်ခိုက်လေသည်။ ထိုအချိန်၌ ရွှေဘိုမြို့ဝန်သည်လည်း စီရင်စု ၄၆ စုနှင့် ခေါင်းမြင်းကျေးရွာရှိ အမှုထမ်းလက်နက်ကိုင်များအား စည်းရုံးစုဝေးစေ၍ ခုခံလျက်ရှိသည်။ လူအင်အားကိုကြည့်လျှင် ပုဂံမင်း၏ အင်အားကများပြီး မင်းတုန်းမင်းသား လူတို့မှာ နည်းပါးလျက်ရှိချေသည်။

မင်းတုန်းမင်းသားသည် စစ်ရေးစစ်ရာအတွက် မှူးမတ်ရဲမက်တို့နှင့် တိုင်ပင်လေရာ တပ်များကို မဟာမြိုင်အထိ ဆုတ်ခွာပြီးမှ ရွှေဘိုမြို့ကို သိမ်းပိုက်သင့်ကြောင်း သံတော်ဦးတင်ကြလေ၏။ ထို့နောက် မင်းတုန်းမင်းသားသည် မောင်ဘိုးလှိုင်၏ သဘောထားကိုလည်း မေးမြန်းတော်မူရာ ... "ဗေဒင်ကိန်းခန်းအရ မဟာမြိုင်အထိ တပ်တော်မဆုတ်သင့်ကြောင်း ယနေ့ပင်လျှင် ရွှေဘိုမြို့သို့ ချီတက်၍ တိုက်တော်မူသင့်ကြောင်း" တင်လျှောက်လေ၏။

မင်းတုန်းမင်းသားလည်း ညီတော်ကနောင်မင်းသားအား တိုင်ပင်၍ မောင်ဘိုးလှိုင်၏ လျှောက်ထားချက်ကို လက်ခံပြီး ရွှေဘိုဘက်သို့ တပ်ဦးပြန်တည်ကာ ရှပ်ရှပ်ချုံချုံ တိုက်ခိုက်သဖြင့် အောင်မြင်တော်မူလေသည်။

တစ်ဖန် မင်းတုန်းမင်းသားက စစ်ကိုင်းမြို့ကို သိမ်းသင့်မသိမ်းသင့် မှူးမတ်များနှင့် ဆွေးနွေးတိုင်ပင်တော်မူရာ မှူးမတ်များက "မင်းသား၏တပ်တော်သည် စစ်ပန်းနေပြီဖြစ်၏။ ထို့ကြောင့် စစ်ကိုင်းမြို့ကို မသိမ်းသင့်သေးပါကြောင်း"တင်လျှောက်ကြပြန်လေ၏။

သို့သော် မောင်ဘိုးလှိုင်ကမူ ဗေဒင်ကိန်းခန်းတွက်ချက်ကြည့်ပြီးနောက် "အောင်မြင်တော်မူနိုင်မည့် အကြောင်းရှိလေသဖြင့် ယခုပင် စစ်ကိုင်းမြို့ကို နေ့ချင်းညချင်း သိမ်းယူသင့်ကြောင်း"

လျှောက်ထားလေ၏။ မင်းတုန်းမင်းသားလည်း မောင်ဘိုးလှိုင်၏ စကားအတိုင်း စစ်ကိုင်းမြို့ကို တံခွန်လွှင့်ထူ၍ တိုက်ခိုက်လေရာ၊ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

ထိုအခါ မင်းတုန်းမင်းသားသည် မောင်ဘိုးလှိုင်အား "ဗေဒင်ကိန်းခန်းအရာ၌ လွန်စွာတတ်ကျွမ်း၍ ကြံရည်ဖန်ရည်နှင့် ပြည့်စုံပါပေသည်"ဟု ချီးကျူးထောမနာပြုလျက် နှစ်သက်မြတ်နိုးတော်မူလေ၏။ ထို့ကြောင့်လည်း မင်းတုန်းမင်းသားသည် ရွှေဘိုမြို့၌ ခေတ္တစံမြန်းတော်မူခိုက်မှာပင် မောင်ဘိုးလှိုင်အား **(စည်သူ့ဘွဲ့နှင့် ယောမြို့ကို အောင်ဆုအဖြစ်အပိုင်စားစေရာ)** ယောမြို့စား မောင်ဘိုးလှိုင်ဟု တွင်လေ၏။

မောင်ဘိုးလှိုင်မှာ အသက် (၂၃)နှစ်အရွယ်တွင် မင်းတုန်းမင်း၏ ပထမဆုံး . သူကောင်းပြု ခံရသူဖြစ်သည်။ မင်းတုန်းမင်းသည် ပုဂံမင်း၏ ထီးမွေနန်းမွေကို သိမ်းပိုက်ပြီးနောက် မောင်ဘိုးလှိုင်အား အိမ်တော်တစ်ဆောင် ဆောက်လုပ်ပေးသနား၍ အပါးတော်တွင် ခစားစေခဲ့သည်။ ထိုစဉ်အခါက မောင်ဘိုးလှိုင်အား နန်းရိပ် နန်းရာဘွင် **"ယောမြို့စားမင်းသား"**ဟူ၍ ထင်ပေါ်ကျော်ကြား လူသိများလျက်ရှိသည်။

အစစ၊ အရာရာ မင်းတုန်းဘုရင်၏ စိတ်တော်အတိုင်း အလိုကျ

ဆောင်ရွက်ပေးနိုင်သော ယောမြို့စားမင်းသားမောင်ဘိုးလှိုင်အား မင်းတုန်းမင်းက ထပ်မံပြီးလျှင် မြင်းတပ်အခွန်များကို သနားတော်မူပြန်လေ၏။ ဒုတိယအကြိမ်အဖြစ် (ကုလားဝန်) ရာထူးတို့ကိုပါ တိုးမြှင့်ခန့်အပ်ခဲ့သည်။ ကုလားဝန်ဆိုသည်မှာ စကားပြန်အလုပ်ဝတ္တရားကို ဆိုလိုခြင်းဖြစ်သည်။

နိုင်ငံခြားသံတမန်ဆက်ဆံရေးတွင် ကုလားဝန်မှာ မရှိမဖြစ်လိုအပ်သော ရာထူးဌာနန္တရဖြစ်ပြီး ရှေးမင်းများလက်ထက်တော်က ကုလားဝန်ကို (အာမီနီယံလူမျိုး)၊ တူရကီလူမျိုး၊ ပသီလူမျိုး စသည်တို့ဖြစ်ပြီး ယင်းတို့မှာ မင်းနေပြည်တော်မှာ ဆင်းသက်ပေါက်ဖွားသည့် သိုးဆောင်းလူမျိုးမဟုတ်သော မြန်မာ့သွေးတော်ခံ နိုင်ငံခြားအနွယ်တို့ကို ခန့်ထားလေ့ရှိသည်။

မောင်ဘိုးလှိုင်၏ ကုလားဝန်ရာထူးမှာ အနည်းငယ်ကွဲလွဲမှုရှိပြီး စကားပြန်တာဝန်ကို ဆောင်ရွက်ခြင်းမဟုတ်ဟု အချို့သမိုင်းမှတ်တမ်းများတွင် ရေးသားဖော်ပြကြသည်။ နိုင်ငံခြားသံတမန်အကြီးအကဲတို့ကို ဆိုင်ရာက ရှေ့တော်သွင်းသောအခါ မောင်ဘိုးလှိုင်က ၎င်းတို့ကို စကားပြန်မှတစ်ဆင့် စုံစမ်းမေးမြန်းပြောဆိုပြီးလျှင် စကားရိပ်စကားခြည်ကို လေ့လာအကဲဖြတ်သည်။

ထို့နောက် နိုင်ငံတော်မူဝါဒရေးရာတို့၌ ဘုရင်မင်းမြတ်အား

အကြံပေးသည်။ စင်စစ် မောင်ဘိုးလှိုင်မှာ နိုင်ငံခြားရေးရာတို့ကို ဆောင်ရွက်ရသော မကွေးမင်းကြီး၏ ဥပနိဿယကိုခံယူ၍ မကွေးမင်းကြီးအတိုင်း ဆောင်ရွက်တော်မူရသည်။ သက္ကရာဇ် ၁၂၂၁–ခုနှစ်တွင် မင်းတုန်းမင်းသည် ရတနာပုံမန္တလေးရွှေမြို့တော်ကြီးကို တည်တော်မူပြန်လေ၏။ ထိုအခါ မောင်ဘိုးလှိုင်၏ ဗေဒင်ကိန်းခန်းအကူအညီများစွာ ရယူခဲ့လေသည်။

မောင်ဘိုးလှိုင် အသက် ၂၄ နှစ်အရွယ်တွင် မကွေးမြို့စားဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ၏ သမီးခင်ဖြူနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ ယောက္ခမဖြစ်သူ မကွေးမြို့စားဝန်ကြီး၏ငယ်မည်မှာ ဦးကြာဥဖြစ်ပြီး ရွှေဘိုမင်းလက်ထက်မှပင် ဝန်ကြီးခန့်ထားခြင်း ခံရသူဖြစ်သည်။

ကျိဝန်လည်းဖြစ်ခဲ့ပြီး အလွန်ထက်မြက်၍ သတ္တိဗျတ္တိနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကြီးဖြစ်သည်။ ရွှေဘိုမင်းတရားကြီး ရူးသဖြင့် မောင်ဘိုးလှိုင်၏ ခမည်းတော် ယင်းတောဝန်ကြီး ဦးတုတ်အား လုံ့ဖြင့် ထိုးသတ်သောအခါ၊ ဘုရင်ကို ဖမ်းချုပ်ထားပြီးလျှင် သားတော်ပုဂံမင်းကို ထီးနန်းအပ်ခဲ့သူဖြစ်သည်။ ပုဂံမင်းလက်ထက်၌ ဦးကြာဥမှာ မင်းတိုင်ပင်အရာနှင့် ကျောက်ပန်းတောင်းမြို့ကိုစားရသည်။ ၁၂၁၄–ခုနှစ်၊ မင်းတုန်းမင်းအရေးတော်ပုံ၌ အမရပူရကို မင်းတုန်းမင်း

သိမ်းလေသော် ဦးကြာဥကပင် မြို့တံခါးဖွင့်ပေးခဲ့သည်။

မင်းတုန်းမင်းကြီးလက်ထက်၌ မူလစားမြေ မကွေးမြို့ကိုစား၍ **(သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့နှင့် အဂ္ဂမဟာ သေနာပတိဝန်ကြီး)** ဖြစ်လာခဲ့သည်။ ၁၂၂၈-ခုနှစ်တွင် ကုလားဝန်ရာထူးကို ထမ်းဆောင်ခဲ့သည်။ မြင်ကွန်း၊ မြင်းခုံတိုင်အရေးတော်ပုံ၌ မကွေး မင်းကြီးသည် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့သည်မဟုတ်။ သူပုန်တို့က လွှတ်တော်တွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်းကိုပင် ခံလိုက်ရသည်။ သို့သော်လည်း သူပုန်တို့ကို စားနပ်ရိက္ခာထောက်ပံ့ပေးခဲ့ဖူးသည်။ ထိုအရေးတော်ပုံအတွက် မင်းတုန်းမင်းကြီးထံတွင် ဟုတ်မှန်သည့်အတိုင်း ဖြောင့်ချက်ပေး၍ မိမိတရားကို မိမိစီရင်ရာ၌ ဤသို့ ထွက်ဆိုလေသည်။

**"သက်ရှိ၊ သက်မဲ့၊ ဥစ္စာပစ္စည်းကိုသိမ်းစေ။**
**မိမိကိုယ်လည်း မိမိသတ်စေ"**

ဟု စီရင်လေ၏။ သို့သော်လည်း မင်းတုန်းမင်းတရားကြီးသည် ရဲရဲဝံ့ဝံ့ မှန်ရာကိုထွက်ဆိုသော မကွေးမင်းကြီးအား အသက်စည်းစိမ်ကို ချမ်းသာပေး၍ "သက်တော်ရှည်အမတ်ကြီး" ရာထူးကို ချီးမြှောက်တော်မူပြီးလျှင် ကျောက်စီတောင်ဝှေးကို သနားတော်မူလေ၏။

မှတ်ချက်။ ။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ယောက္ခမဖြစ်သူ မကွေးမင်းကြီး ဦးကြာဥအခန်းအား နောက်ပိုင်းတွင် ပြည့်စုံစွာဖော်ပြပေးသွားပါဦးမည်။

❖ ❖ ❖ ❖ ❖

မိုးစာပေ

# မင်းတုန်းမင်းနန်းသိမ်းပွဲ နှင့် အဆဲပြဿနာ

သက္ကရာဇ် ၁၂၂၁–ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် အစ်မတော် စကြာဒေဝီကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်လျက် ရွှေလက်ဆွဲ၍ နန်းသိမ်းပွဲဝင်လေ၏။ စကြာဒေဝီမင်းသမီးကြီးမှာ မင်းတုန်းမင်းကြီးထက် (၂၂)နှစ်ခန့် ကြီးလေသည်။

မင်းတုန်းမင်းကြီး အပါးတွင် မှူးကြီးမတ်ရာ သေနာပတိ အများအပြား ခစားကြရသော်လည်း သူ့ရဲဝန်ဦးလုံးလောက် အရေး မပါလှကြပေ။ ထိုသူ့ရဲဝန်ဦးလုံးမှာ မင်းတုန်းမင်းကြီး၏ အသက်သခင် ကျေးဇူးရှင်ဟူ၍ဆိုလျှင် မှန်ပေသည်။ မင်းတုန်းမင်းသား ငယ်စဉ် ဘဝက ရောဝတီဆိပ်ကမ်း၊ ဘုရင့်မင်္ဂလာဖောင်တော်တွင် ရေကစား

ရင်း မြစ်တွင်းသို့ထိုးကျသွားဖူးရာ ဦးလုံးပြန်လည်ဆယ်ယူ ်း
သဖြင့် အသက်မသေခဲ့ရခြင်းဖြစ်သည်။

မင်းတုန်းမင်းသားကို ကယ်တင်ခဲ့ဖူးသော ကျေးဇူးကြောင့် ဦးလုံးမှာ (လှူပို့အုပ်ခေါင်း)ရာထူး၊ (သရဲဝန်)ရာထူးတို့ အပ်နှင်းခြင်း ခံရပြီး မင်းတုန်းမင်းကြီး နန်းသိမ်းပွဲခံသည်အထိ ထိုရာထူးနှင့်ပင် မြဲလျက်ရှိလေသည်။ သို့သော် သူရဲဝန်ဦးလုံးမှာ ပညာဉာဏ် နုံ့သူ ဖြစ်ပြီး လက်ရုံးရည်တွင်သာ လျင်မြန်ဖျတ်လတ်မှု ရှိသူဖြစ်သည်။

မင်းတုန်းမင်းကြီး၏ နန်းသိမ်းရာဇာဘိသေကပွဲ၌ နန်းရင်ပြင် တစ်ခုလုံး မှူးမတ်ဗိုလ်ပါအများ သောင်းသောင်းဖျဖျ ဝပ်တွားလျက် ခစားနေကြသည်။ မှူးကြီးမတ်ကြီးတို့မှာ ခေါင်းပေါင်းဖြူဖွေးလုံး တကားကားနှင့် ဟိုမှသည်မှ သွားလာလှုပ်ရှား၍ နေရာယူကြလေ၏။ ဦးလုံးသည်လည်း နန်းသိမ်းပွဲသို့ တက်ရောက်လာရာ ခန်းမဆောင်၌ ပရိသတ်များ ပြည့်ကြပ်နေသောကြောင့် ဦးလုံးအတွက် နေရာကောင်း မရတော့ပေ။

ဦးလုံးသည် မိမိကဲ့သို့သော ဘုရင်၏အသက်သခင်ဖြစ်သူ၊ အရေးပေးခံရသူတစ်ယောက်အဖို့ ဤကဲ့သို့ နေရာကောင်းမရ ရကောင်းလားဟု ဒေါင်းခနဲဒေါသဖြစ်သွားချေသည်။ သို့နှင့် ဘုရင့် ရှေ့တော်မှောက်သို့ရောက်ရန် တိုးဝှေ့ခစားရန် မဖြစ်နိုင်တော့သော

အခြေအနေသို့ ရှိနေသဖြင့် သင့်တော်ရာနေရာတစ်ခု၌ပင် အဝေးမှ ခစားလိုက်ရတော့၏။ စိတ်တွင်းမှမူ လုံးဝနေရာမရမှုအပေါ် မကျေနပ်ပေ။

သို့ကြောင့် စိတ်ထဲခံစားရသမျှပြောမိ၊ ရေရွတ်မိလေသည်။

"ဖောင်တော်ပေါ်က ကျတုံးကများ ... ဒီခေါင်းပေါင်းဖြူဖေါ့လုံးနဲ့ အကောင်တွေတစ်ကောင်မှ မမြင်ဖူးပေါင်ဗျာ ...၊ အခုနန်းသိမ်းပွဲကျကာမှ မအေဘေးတွေက ရှေ့က ရောက်နေကြတယ်"

ဟု မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီ မိဖုရားခေါင်ကြီးကြားလောက်အောင် အာကျယ်ကျယ်နှင့် ဆဲရေးတိုင်းထွာလိုက်လေ၏။ မင်းတုန်းမင်းကြီးလည်း ဦးလုံး၏ ဆဲဆိုရေရွတ်သံကို ကြားလေလျှင် စိတ်မကောင်းဖြစ်သွားတော်မူသော်လည်း မှူးမတ်ပရိတ်သတ်များအလယ်တွင် တစ်စုံတစ်ရာမျှ မိန့်ကြားတော်မူခြင်းမပြုဘဲ အတွင်းတော်သို့ ဝင်သွားလေသည်။

နောက်တစ်နေ့နံနက် ညီလာခံ၌ သူရဲဝန်ဦးလုံးက မှူးမတ်များကို ဆဲရေးတိုင်းထွာကြောင်း မင်းချင်းတစ်ယောက်က ထပ်မံ၍ မင်းတုန်းမင်းကြီးအား သံတော်ဦးတင် လျှောက်လေသည်။ သို့သော်လည်း မင်းတုန်းမင်းကြီးသည် တစ်စုံတစ်ရာ မိန့်တော်မမူဘဲ ဆိတ်ဆိတ်ပင်နေတော်မူခဲ့လေ၏။

ညဉ့်ညီလာခံ၌ ဦးလုံးသည် မင်းတုန်းမင်းကြီးအပါး ချဉ်းကပ်၍ အခစားဝင်နေလေ၏။ ထိုအခါမှ မင်းတုန်းမင်းကြီးက နန်းသိမ်းပွဲတွင် ဖြစ်ပွားခဲ့သော အဆဲပြဿနာအား မေးမြန်းမှုပြုလေ၏။

မင်းတုန်းမင်း ။ ။ "ဦးလုံးသည် နန်းရင်ပြင်၌ မင်းကြီးတွေကို ဆဲသည်ဟု ကြားရသည် ဘာကြောင့်ဆဲသတုန်း"

ဦးလုံး ။ ။ "ဘုန်းတော်ကြောင့် ဆဲကြောင်းပါ ဘုရား"

မင်းတုန်းမင်း ။ ။ "တော်တော်ပဲ မိုက်ပါလား ဟရို့။ အခစားဝင်ရောက်တဲ့ မင်းကြီးတွေဟာ ကိုယ့်ထက်အသက်ရော၊ ရာထူးရော ကြီးမြင့်တယ်ဆိုတာ မသိသလော။ ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိကို ထောက်ဆဦးမှပေါ့"

ဦးလုံး ။ ။ "အရှင်ဘုရား၏ နန်းသိမ်းပွဲမှာ ကျွန်တော်မျိုးကြီးသည်လည်း အရှင့်မျက်နှာတော်ကို နီးနီးကပ်ကပ် ဖူးမြော်ချင်တာပေါ့ဘုရား။ အခုတော့ သူတို့တတွေ ရှေ့က ကာဆီး ကာဆီးလုပ်နေကြတော့ ကျွန်တော်မျိုးကြီး အရှင့်အတွက် အသက်စွန့်ကြိုးပမ်းအမှုတော်ထမ်းခဲ့တာ အရှင်

မင်းကြီး အသိပါဘုရား”

မင်းတုန်းမင်း ။ ။ “အိမ်း ကိုယ်တော်မြတ် သိတော်မူပြီ။ နောက်ကို လူထဲသူထဲ ဤကဲ့သို့ မဆဲလေနှင့် ကြားလား။ မောင်မင်းအတွက် အမြင့်မြို့စားပေးမယ်၊ ကိုယ်တော်မြတ်နှင့် အနီးကပ်ဆုံးနေရာက အမှုတော်ထမ်းနိုင်အောင်လည်း သမိန်ဗျော်တ်စ၊ လက်ျာတော်ဝင်မှူး၊ ဤရာထူးကို ပေးသနားတော်မူမည်...၊ တိုက်တော်ထဲက ဝတ်စုံ ၄ စုံထုတ်ပေးလိုက်မယ် မင်းကြီး ၄ ပါးစီသွားပြီး အပြစ်ကင်းအောင် ကန်တော့ချေတော့”

ဤသို့ မင်းတုန်းမင်းကြီးအမိန့်တော်ရှိလေသဖြင့် ဦးလုံးလည်း ပီတိမျက်နှာဖြင့် အရှိုးပြင်လေတော့သည်။ မင်းတရားကြီး၏ အမိန့်တော်အတိုင်း မိမိထက် ြီးမြင့်သော ဝန်ကြီး ၄ ပါးအား သွားရောက်ဝန်ချကန်တော့လေ၏။ ထိုအခါ ... ဝန်ကြီးများကလည်း ...

“လုံးကို တို့များ စိတ်မဆိုးပါဘူးကွယ်၊ လုံးက ငါတို့ကို ရွှေနားတော်ကြားအောင် ဆဲဆိုရေရွတ်လိုက်လို့၊ မောင်မင်းမှာ မြို့စားရာထူး၊ ဘွဲ့ထူးတွေရတာပေါ့။ မင်းတရားကြီးနဲ့ မောင်လုံးဆိုတာ

ယယ်မွေးခြံပေါက်လို တစ်သက်လုံး နီးနီးကပ်ကပ်နေလာရတော့ နန်းတွင်းကိစ္စအကြောင်း ထူးရင်သာတို့က အလျှင်သိပါရစေကွယ်”

ဤသို့ အသီးသီးဆိုကြလျက်၊ မင်းကြီးကတော်များကလည်း ဦးလုံးအား ဝတ်စုံတစ်စုံစီနှင့် ဒေါ်င်းဒင်္ဂါး ၅၀ စီ ပေးလိုက်ကြသည်။ ထိုသူရဲဝန်ဦးလုံးသည် မဟ္တာရာတိုက်တွင် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် တိုင်လုံးများ အသင့်နေရာချထားပြီးဖြစ်သော်လည်း မြင်ကွန်းအရေးတော်ပုံ၌ မြင်ကွန်းမင်းသား၏ ဓားသွားအောက်တွင် အသက်ပျောက်ခဲ့ရှာလေသဖြင့် ကျောင်းကြီးပြီးအောင် ဆောက်လုပ် မသွားနိုင်ခဲ့ချေ။

သို့သော် မင်းတုန်းမင်းတရားကြီးက ဦးလုံး၏ ဒုတိယသမီး ခင်ညွာနှင့် သင့်မြတ်သော ဖောင်တော်ဝန်ကို (လှေသင်းအတွင်းဝန်) ရာထူးသို့ တိုးတက်ချီးမြှင့်ပြီးနောက် ...

“နင့်ယောက္ခမ ကျောင်းကြီးကို နင်ပြီးအောင်ဆောက်”

ဟု အမိန့်တော် ချမှတ်လိုက်လေသဖြင့် သမက်တော် လှေအသင်းဝန်က မဟ္တာရာကျောင်းတိုက်ကြီးကို အပြီးတိုင် ဆောက်လုပ်ခဲ့ရလေသည်။

ဦးလုံးအား နန်းရင်ပြင်တွင် အကြောက်အလန့်ကင်းစွာ ဆဲရေးတိုင်းထွာသူအဖြစ် အားလုံးကပင် မင်းတုန်းမင်းကြီး အပြစ်ဒဏ်

ခတ်တော့မည်ဟူ၍ အထင်ရှူးခဲ့သော်လည်း အဆဲကောင်းသဖြင့် ရာထူးပင်တိုးခဲ့လေတော့ရာ များစွာအံ့ဩပြောစမှတ် ရှိကြကုန်လေ၏။

❖ ❖ ❖ ❖ ❖

စိုးစာပေ

# ယောမြို့စား အတွင်းဝန်ဘဝ
# ဟုတ်တာလုပ်၍ မှန်ရာပြောသူ

သက္ကရာဇ် ၁၂၁၉–ခုနှစ်တွင် မောင်ဘိုးလှိုင်သည် အသက်အားဖြင့် ၂၈ နှစ်သို့တိုင်ခဲ့ပြီး၊ မင်းကြီးမင်းလှ … စည်သူ့ဘွဲ့နှင့် အတွင်းဝန်ယောမြို့စားအရာ သူကောင်းပြုခြင်းခံရ၍ ငွေခွန် ၁၂ ရပ်၊ အကောက်၊ ရေနံ၊ ဈေး၊ ပွဲ၊ ကင်းကူးတို့ကို စားရသည်။

ထို့အပြင် အတွင်းဝန် မဟာသေနာပတိရာထူးကို ခန့်အပ်ခြင်းခံရပြီးနောက် တိပိဋကတ်ကျောက်စာများကို ပုဒ်၊ ပိုဒ်၊ အက္ခရာ မချွတ်အယွင်းစေဘဲ ကျောက်ထက်အက္ခရာ ရေးထုခြင်းအလုပ် အမှုဆောင်၍ ကြီးမှူး၊ ကြပ်မတ်ဆောင်ရွက်တော်မူရပြန်လေ၏။

စိုးစာပေ

သက္ကရာဇ် ၁၂၂၅–ခုနှစ်တွင် အိမ်ရှေ့ကနောင်မင်းသား၏ အမိန့်အရ မဗ္ဗိမဒေသ ဝင်တိုင်းမှ ဆက်သလိုက်သော ... (ဘာသျှကာရဆရာ) စီရင်သည့် သက္ကဋဘာသာနှင့် (နိလာဝတီ) ဂဏန်းသင်္ချာကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားဆက်သွင်းရပြန်ပေသည်။

အသက်ငယ်ပင်ငယ်သော်လည်း ပညာတတ်မြောက်ခြင်းနှင့် ရာထူးဌာနန္တရ ကြီးကြီးမားမားတို့ကို လက်ခံရရှိဆောင်ရွက်တော်မူရသဖြင့် သူ့အား (ယောအတွင်းဝန်ဦးဘိုးလှိုင်)ဟု နန်းတွင်း တစ်မြင်လုံး လေးလေးစားစား ခေါ်ဝေါ်ဆက်ဆံကြသည်။

ဦးဘိုးလှိုင်၏သတင်းမှာ နေပြည်တော်တွင် လူတိုင်းပါးစပ်များမှာပင် ပြောစမှတ်ပြုလာရသည်။ ရာထူးဌာနန္တရတို့မှာလည်း ဒီရေအလား တစ်ရိပ်ရိပ်တက်လာလေ၏။ ထိုအချိန်၌ ဦးဘိုးလှိုင်သည် ကွယ်လွန်ခဲ့ပြီးဖြစ်သော အမိအဘတို့ကိုလည်းကောင်း၊ သင်ဆရာတို့ကိုလည်းကောင်း သတိတရရှိလေ၏။ မိမိဘဝမှာ မင်းခယောက်ျားဖြစ်လေရာ ... မင်းဆိုသည်မှာလည်း၊ ရန်သူမျိုး (၅)ပါးတွင် တစ်ပါး အပါအဝင်ဟု သိမှတ်ထားခဲ့သည့်အတိုင်း ရာထူးတို့ အဆင့်ဆင့် တက်လာသော်လည်း လိုက်လိုက်လှဲလှဲဝမ်းမြောက်ခြင်း မဖြစ်မိချေ။

မမြဲသောအနိစ္စတရားကိုသာ နှလုံးသွင်း၍ တစ်နေ့နေ့တွင် မိမိရာထူးများသည်လည်း အနိစ္စသဘောသို့ ရွေ့လျောရလေဦးမည်ဟု ကြိုတင်တွက်ဆထားမိလေ၏။ မိဘနှစ်ပါးမရှိသည့်နောက် တစ်ကောင်ကြွက် တစ်မျက်နှာဘဝတွင် သူ့အား ကယ်တင်ခဲ့ကြသည့် ကျေးဇူးရှင်တို့၏ ဂုဏ်ကိုလည်း ပြန်လည်ဆပ်ချင်ပေသေး၏။

ထို့ကြောင့် ဦးဘိုးလှိုင်သည် ငယ်ဆရာရင်းဖြစ်သော ကျဘိုး (ကျပိုး)ဆရာတော်နှင့် စကြာဒေဝီမိဖုရားကြီးတို့အား ကုသိုလ်ကောင်းမှုပြုတိုင်း (ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခရကြပါစေ)ဟု အမြဲဆုတောင်းမေတ္တာပို့လေ၏။ ထိုကျေးဇူးရှင်တို့၏ ကျေးဇူးဂုဏ်ကြောင့် ရာထူးဌာနန္တရများ ရရှိခဲ့ခြင်း၊ ပညာတတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ဦးဘိုးလှိုင် စဉ်းစားမိသည့် အချက်ကား မိမိသည် ရာထူးဂုဏ်ကြောင့် မာန်ယစ်ကာ ဘုရင်၏အချစ်တော်အဖြစ် အမှုထမ်းလျက် မင်းလိုလိုက်၊ မင်းအကြိုက်ဆောင်နေပါက အများပြည်သူအား စော်ကားရာ ကျပေမည်။ မိမိတတ်ထားသောပညာဖြင့် အများပြည်သူအကျိုးသည်ပိုးထမ်းရွက်ပါမှ လောကသံသရာနှစ်ဖြာနှစ်ဝ ကျေးဇူးများခြိမ့်မည်)ဟု နှလုံးပိုက်မိလာလေသည်။

ပြည်သူလူထု အကျိုးထိခိုက်မည့် အမှုမှန်သမျှ မငဲ့မညှာ၊ မျက်နှာမထောက် မှန်တိုင်းလျှောက်မည်။ မှန်တာလုပ်၍ ဟုတ်တာ

ပြောမည်။ ဘုရင်တို့မည်သည်မှာလည်း မင်းတို့ထိန်းသိမ်းစောင့် ရှောက်အပ်သော မင်းကျင့်တရား (၁၀)ပါးရှိသည်။ ထိုမင်းကျင့် တရား ၁၀ ပါးကို ချိုးဖောက်လျှင် မည်သည့်ဘုရင်ထံပါးသို့ ရာထူးများနှင့် ခံစားနေရစေကာမူ ထိုဘုရင်အား သတိတရား ရစိမ့် သောငှာ ချို့ယွင်းချက်မှန်သမျှ လျှောက်တင်မှသာ ပညာရှိမည် ပေမည်။

ယင်းသို့ ဆန္ဒဖြစ်ပေါ်လာသည်နှင့်အညီ၊ ညီလာခံသဘင်၊ လွှတ်တော်၊ အပါးတော်တို့တွင် ခစားတိုင်း (မှန်တာလုပ်ဟုတ်တာ ပြော) စနစ်ကို ကျင့်သုံးလာခဲ့တော့သည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၂၇-ခုနှစ်၊ တစ်နေ့သော ညီလာခံသဘင်၌ မင်းတုန်းမင်းတရား ကြီး၏ အလိုတော်နှင့် မကိုက်ညီသော ကိစ္စတစ်ရပ်ပေါ်ပေါက် လာလေတော့သည်။ ထိုအခါ မင်းတုန်းမင်းစိတ်၌

**"ဦးဘိုးလှိုင်သည် ငါ့အား ရှင်ဘုရင်တုမထင်၊ အရုပ်တု ထင်နေသလောမသိ။ ယခုတစ်လော ငါ့အား မခံမပြား ပြောဆိုဆက်ဆံဘိ၏"**

ထိုအရေးကိစ္စကြောင့် မင်းတုန်းမင်းတရားကြီးသည် ဦးဘိုး လှိုင်အား အတွင်းဝန်ရာထူးမှ နုတ်ပယ်ရုတ်သိမ်းလိုက်တော့သည်။ ယင်းအမိန့်တော် ချမှတ်သောအခါ ဦးဘိုးလှိုင်မှာ မတုန်မလှုပ်၊

ခပ်မဆိတ်သာလျှင် နေခဲ့သည်။ သက္ကရာဇ် ၁၂၂၈–ခုနှစ်သို့တိုင် ရောက်ခဲ့သော်လည်း ဦးဘိုးလှိုင်အား မူလအတွင်းဝန်ရာထူးကို ပြန်လည် မခန့်အပ်သေးပေ။ သို့သော်လည်း ယောမြို့စား မင်းလှ မဟာစည်သူဘွဲ့နှင့် အစိုးအနင်း နေရာတော်များအပြင် နိုင်ငံတော် တွင်းရှိ စားရသော ဈေးခွန်၊ ပွဲခွန်၊ ကင်းခွန်၊ ကူးတို့ခွန် စသည်တို့ကို စားမြဲစားရသည်။ ထို့အပြင် ကနောင်မင်းသားနှင့် တွဲဘက်၍ စက်ရုံအသီးသီးကို စီမံခန့်ခွဲရန် အပ်နှင်းခြင်းခံရသဖြင့် ဆောင်ရွက် တော်မူရသည်။

ဤအချိန်တွင် ဦးဘိုးလှိုင်သည် လောကုတ္တရာ အကျိုးစီးပွား အတွက် အလှူဒါနပြုရန် အကြံပေါ်လာခဲ့သည်။ ပိဋကတ်သုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာမှအစ ဂန္ထန္တရများကို အခကြေးငွေ ပေး၍ ငှားရမ်းကာ ကူးယူရေးသားပြုစုစေသည်။ ပေထက်အက္ခရာ ပရပိုက်စသည်တို့တွင် ရေးသားစေသည်။

မန္တလေးရွှေမြို့တော်၏ မြောက်ပြင်သရဲတပ် အရှေ့ဘက် မြေယာ၌ မန္တလေးတောင်တော်နှင့် ပဏာဟပ်စွာ အုတ်ကျောင်းတော် ကြီးတစ်ကျောင်း ဆောက်လုပ်ရန် စီစဉ်လေသည်။ မင်းတုန်းမင်း တရားကြီးသည် ဦးဘိုးလှိုင် ထိုအုတ်ကျောင်းတော်ကြီး ဆောက်လုပ် နိုင်ရန်အတွက် ဘဏ္ဍာတော်တိုက်မှ ငွေတစ်သောင်းထုတ်ပေးတော်

မူခဲ့သည်။

သို့သော်လည်း ယင်းငွေတစ်သောင်းနှင့် မလောက်ငှခဲ့ပေ။ ဦးဘိုးလှိုင်သည် မိမိစိတ်တိုင်းကျ အိန္ဒိယပြည်မှ ပန်းရံဆရာများကို ခေါ်ယူကာ ဆောက်လုပ်သောကြောင့် ငွေသိန်းဂဏန်းမျှ ကုန်ကျခဲ့သည်။ ထိုအုတ်ကျောင်းကြီးကို ၂ နှစ် ကြာမျှ ဆောက်လုပ်ခဲ့ရပြီး သက္ကရာဇ် ၁၂၃၃–ခုနှစ်တွင်မှ ပြီးစီးသည်ဟုသိရသည်။ အုတ်ကျောင်းကြီး၏ပုံစံမှာ ရောမ (အီတလီ) ဗိသုကာပုံစံကို မှီး၍ မြန်မာဆန်သော အင်္ဂတေပန်းတိုင်တို့ဖြင့် မွမ်းမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအုတ်ကျောင်းကြီးကို ယနေ့တိုင် “ယောမင်းကြီးတိုက်” ဟု ခေါ်လျက်ရှိ၏။

ယောမင်းကြီးတိုက်အား (သူရဲတပ်) အရှေ့ဘက်တွင် မားမားမတ်မတ် တွေ့နိုင်ပေသေးသည်။ သူရဲတပ်ဟူသည်မှာလည်း ဘိုးတော်မင်းတရားကြီး (မင်းတဲအိမ်ကင်း) အရပ်၌ စံမြန်းတော်မူစဉ်က ထိုနေရာတွင် သူရဲကောင်းအမှုထမ်းများအား နေရာချထားပေးရာအရပ်ဖြစ်သဖြင့် (သူရဲတပ်)ဟု ခေါ်တွင်ခြင်းဖြစ်သည်။

ဘိုးတော်မင်းတရားကြီးသည် သူရဲတပ်သားများကို လွန်စွာ အရေးပေးတော်မူခဲ့ပြီး မဟာမြတ်မုနိဘုရားကြီးအား အရက္ခိုဆွမ်းကပ်လှူရာတွင် ...

**"ဇီဇော်သူရဲတပ်မှ ဆွမ်းတော်ကြီးကို အဦးဆုံး တပ်စေ"**

ဟု အမိန့်တော် ချမှတ်ထားခဲ့သည်။

သူရဲတပ် ဆွမ်းတော်ကြီးအသင်းမှာ မန္တလေး၌ ဘိုးတော်ဘုရားလက်ထက်မှ ယနေ့တိုင်ရှိဆဲဖြစ်သည်။ မင်းတုန်းမင်းကြီး မန္တလေးရွှေမြို့တော်သစ်ကို တည်ရာတွင်လည်း လက်သုံးတော်သူရဲဝန်ဦးလုံးအား သူရဲတပ်ရပ်ကွက်တွင် (သူရဲကောင်းများသာ ထားရမည် သူရဲဈေးနှင့် မီးပါဈေးများပါ ဖွင့်လှစ်ပေးရမည်)ဟု အမိန့်တော်ချမှတ်ခဲ့သည်။

ထို့ကြောင့်လည်း မြောက်ပြင်သူရဲတပ်၊ သူရဲဈေးစသည်တို့မှာ ယခုတိုင် လွန်စွာစည်ကား ကြီးပွားလျက်ရှိသည်။ ဦးဘိုးလှိုင်သည် တစ်သိန်းခန့် ကုန်ကျခဲ့သော အုတ်ကျောင်းကြီးကို စိတ်တိုင်းကျ အောင်မြင်စွာ တည်ဆောက်ပြီးနောက် ကြည်နူးနှစ်သိမ့်မဆုံး ရှိခဲ့သည်။ မင်းတုန်းမင်းတရားကြီးထံ အခစားဝင်သောအခါ မင်းတုန်းမင်းတရားကြီးက ...

"ဘိုးလှိုင် ... နင့်အပေါ် ကျေးဇူးကြီးမားသော မဟာဘိုဆရာတော်ကို ရအောင်ပင့်၍ ကျောင်းပေါ်တင်ရမည်"

ဟု အမိန့်တော်မှတ်လေ၏။

❖ ❖ ❖ ❖ ❖

# ကျေးဇူးသိတတ်သော ယောအတွင်းဝန်

ဦးဘိုးလှိုင်သည် မိမိဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကြီးအား ကျေးဇူးရှင်ဖြစ်သည့် မဟာဘိုဆရာတော်ကို လှူဒါန်းရန် မူလကပင် စိတ်ရည်သန်ထားခဲ့ပြီးဖြစ်သည်။ ယခု မင်းတုန်းမင်း၏ အမိန့်တော်မြတ်နှင့် တစ်ထပ်တည်းကျလေပြန်သဖြင့် များစွာဝမ်းသာမိသည်။

သို့ဖြင့် ဦးဘိုးလှိုင်သည် ကျေးဇူးရှင် ဆရာတော်ဘုရားအား ကျေးဇူးဆပ်ရပေတော့အံ့ဟု နှလုံးပိုက်လျက် ဆရာတော်ကြီးရှိရာ မဟာဘိုရွာသို့ ချွေရံသင်းပင်းစုံညီစွာဖြင့် ထွက်ခွာလာခဲ့တော့သည်။ ကျောင်းသို့ရောက်လျှင် ...

"မန္တလေး ရွှေမြို့တော်တွင် ခမ်းနားတင့်တယ်သော အုတ်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးခဲ့၍ ကြွရောက်အလှူခံကာ သိတင်းသုံးတော်မူပါဘုရား"

ဟု လျှောက်တင်လေ၏။ မဟာဘိုဆရာတော်က "နေပြည်တော်တွင် မိုးထိလုနီးပါး ဆောက်လုပ်ကိုးကွယ်ပါမည်ဆိုစေကာမူ ရှုပ်ထွေးပွေလီသော မြို့ကိုဖြင့် မသတီ။ တောသားပီပီ တောမှာမို၍ နေထိုင်ရခြင်းသာ ပျော်မွေ့တော်မူသည်"ဟု ဦးဘိုးလှိုင်အား ခါးခါးသီးသီး ငြင်းဆိုလေ၏။

မဟာဘိုဆရာတော်သည် ရဟန်းကျင့်ဝတ်သိက္ခာကို အဓိကထားတော်မူသူဖြစ်သည်။ မင်းနှင့်၊ မှူးမတ်၊ သေနာပတိတို့ကိုမှီ၍ မင်း၊ ဆရာတော် အဖြစ်မခံလိုပေ။ ကျောင်းချင်းပြိုင်၍ သံဃာချင်းပြိုင်လျက် သူနိုင်ငါနိုင်ပြုကာ ဘုန်းကြီးအမှု ရှာကပ်ချင်သော ဆရာတော်မဟုတ်ပေ။ ဆိတ်ငြိမ်ရာဌာန၌ လောကုတ္တရာအကျိုးစီးပွားအလို့ငှာ ရဟန်းတရားအားထုတ်ကာ လွတ်လပ်စွာ သိတင်းသုံးလိုသော ဆရာတော်သာဖြစ်သည်။

ဦးဘိုးလှိုင်သည် ကျေးဇူးရှင်ဆရာတော်ဘုရားအား အမျိုးမျိုးအကြောင်းပြ၍ အကြိမ်ကြိမ်အဖန်ဖန် ပင့်လျှောက်သော်လည်း ငြင်းဆန်မြဲ ငြင်းဆန်နေသောကြောင့် နေပြည်တော်သို့ စိတ်ပျက်စွာ

ပြန်ခဲ့ရတော့သည်။ ဤအကျိုးအကြောင်းအား မင်းတုန်းမင်းကြီးထံ သံတော်ဦးတင်လျှောက်ရာ စိတ်တော်မကောင်းဖြစ်လျက် ဆိတ်ဆိတ် သာနေတော်မူလေသည်။

ဦးဘိုးလှိုင်သည် အိမ်တော်သို့ ပြန်ရောက်ပြီးနောက် ငယ်ဆရာ ဖြစ်သော မဟာဘိုဆရာတော်အား မည်သို့ပင့်ဆောင်သော် ရကောင်း အံ့နည်းဟု အကြံထုတ်လေ၏။ တစ်နေ့သောအခါ၌ အကြံအစည် တစ်ခု ပေါ်ထွက်လာကာ ထိုအကြံအစည်အတိုင်း ပြုရချေသော် ကောင်းအံ့ဟု တွေးမိလျက် ပြုံးမိလေ၏။ ထို့ကြောင့် မိမိ၏ စာရေးဖြစ်သော ချိုကိုခေါ်လိုက်လေ၏။ ချိုဆိုသည်မှာ မဟာဘို ဆရာတော်ကြီးက ဦးဘိုးလှိုင်ထံ အပ်နှံထားသော ဆရာတော်၏ တပည့်ရင်းပင်ဖြစ်သည်။

ဦးဘိုးလှိုင် ။ ။ "ဟဲ့ … ချို လာစမ်းပါဦးကွယ့်"

ချို ။ ။ "အမိန့်တော်ရှိပါဝန်မင်း"

ဦးဘိုးလှိုင် ။ ။ "မင်း ဒီရာထူးနဲ့နေရတာ ပျော်ပိုက်ရဲ့လား"

ချို ။ ။ "ပျော်ပိုက်လှကြောင်းပါဘုရား"

ဦးဘိုးလှိုင် ။ ။ "သည်ထက်မက ရာထူးပိုပြီး မလိုချင်ဘူး လား"

ချို ။ ။ "လိုချင်တာပေါ့ဘုရား"

ဦးဘိုးလှိုင် ။ ။ "အေး ဒီလိုဆိုရင် မဟာဘိုဆရာတော်ကြီးကို ငါ့အုတ်ကျောင်းပေါ်ရောက်အောင် ပို့နိုင်ရင်၊ ပင့်ပေးနိုင်ရင် ... မင်းကို ငါရာထူးတိုးပေးမယော့"

ချို ။ ။ "အဟုတ်လားဘုရား"

ဦးဘိုးလှိုင် ။ ။ "အဟုတ်ပေါ့ကွယ်၊ မင်းဆရာတော်သာရအောင် ပင့်ချေ..."

ချို ။ ။ "အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့မယ် ဘုရား မကြာစေရပါဘူး"

ဤသို့ဖြင့် စာရေးဖြစ်သူ ချိုသည် ဦးဘိုးလှိုင်အား ဝန်ခံကတိပြုပြီးနောက် ပျော်ရွှင်စွာဖြင့် မဟာဘိုဆရာတော်ကြီး သီတင်းသုံးရာ တောရွာကျောင်းသို့ သွားတော့သည်။ ချိုလည်း ဆရာတော်ကြီးထံပါးသို့ မဝင်မီ မင်းခစားအဝတ်အစားတို့ကို ချွတ်၍ ပိတ်ပုဆိုး၊ ပိတ်အကျႌ၊ ပိတ်တဘက်၊ ပိတ်ခေါင်းပေါင်းဖြင့် စိပ်ပုတီးနှင့် (ဝတ်ဖြူစင်ကြယ်)တစ်ဦးအသွင် ဝတ်ဆင်လိုက်လေ၏။

ဆရာတော်ဘုရားကြီးထံ ဝင်တွေ့သောအခါ ချို၏ပုံသဏ္ဌာန်ကိုမြင်ရာ လွန်စွာအံ့အားသင့်သော အမူအယာဖြင့် ကြည့်တော်မူပြီး မိန့်ကြားလေ၏။

ဆရာတော် ။ ။ "ဟဲ့၊ ချို့ပါလား ... ဘယ်လိုဖြစ်လာတာလဲ။ နေပြည်တော်မှာ အမှုထမ်းရင်း ငွေစားလို့ ပြေးလာခဲ့တာလား"

ချို ။ ။ "မဟုတ်ကြောင်းပါဘုရား၊ လူ့ကိစ္စ ရှုပ်ထွေးလှသဖြင့် သံဝေဂဖြစ်ပြီး ကိုယ့်ကျေးဇူးရှင် ဆရာတော်ကို ဝတ်ကြီးဝတ်ငယ်ပြုရင်း၊ ဆယ်ပါးသီလစောင့်ကာ အေးအေးဆေးဆေး ပုတီးစိပ်လို၍ လာခဲ့ခြင်းဖြစ်ပါတယ်ဘုရား"

ဆရာတော် ။ ။ "အိမ်း ... သည်လိုဆိုပြန်တော့လည်း အကောင်းသားပဲ ချို့ရဲ့။ ငါ့ကို ဝတ်ကြီးဝတ်ငယ်ပြုရင်း ဥပုသ်သီတင်းစောင့်ထိန်းနေတာက မြတ်တာပေါ့"

မဟာဘိုဆရာတော်ကြီးကား လွန်စွာရိုးသားတော်မူလေရာ တပည့်ချို၏ လျှောက်တင်ချက်ကို အကယ်ပင် ထင်မှတ်တော်မူ၍ သာဓုသုံးကြိမ် ခေါ်တော်မူလေ၏။ ထို့နောက် ည၊ နံနက် ချို၏ ဝတ်ကြီး၊ ဝတ်ငယ်ပြုစုမှုကို ခံယူတော်မူလေ၏။ ချိုသည်လည်း ဆရာတော်ကြီး၏ ဝေယျာဝစ္စနှင့် ကျောင်း၊ ဘုရား စသည့်ဝေယျာဝစ္စ ကုသိုလ်တော်ကိုယူလျက် ပုတီးစိပ်ပြလျက် နေလေ၏။

ချို့မှာ အကြံသမားပီပီ အကွက်ကောင်းကို စောင့်ဆိုင်းလျက် ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုရာမှ အချိန်အခါသင့်မသင့်ကို ချင့်ချိန်ရင်း အချိန်ကုန်လွန်စေ၏။ ဤသို့ဖြင့် မဟာဘိုဆရာတော်ကြီးထံ ချို့ရောက်လာခဲ့သည်မှာ တစ်လခန့်ရှိလေပြီ။ ဆရာတော်ကြီး၏ ယုံကြည်မှုကိုလည်း ရပြီဖြစ်လေ၏။

တစ်နေ့သ၌ ချို့သည် မဟာဘိုဆရာတော်ကြီးအား ခြေဆုပ်လက်နယ်၊ ဝတ်ပြုပေးရင်းမှ ဤသို့ စကားစလေ၏။

"အရှင်ဘုရား၊ လေးဆူဓာတ်ပုံ ရွှေတိဂုံကို ဖူးမြော်ဖူးပါသလားဘုရား"

ဤသို့ လျှောက်ကြားရာ

ဆရာတော် ။ ။ "အို မရောက်ဖူးဘူး။ ဘုရားလည်း မဖူးဘူးဘူးကွယ်၊ ကြားဖူးတာပဲရှိတယ်"

ချို့ ။ ။ "အရှင်ဘုရား၊ ယခုအချိန်မှာ ရောက်ချင်ရင် အလွယ်ကလေးပါ။ အရှင်ဘုရား သားတော် ဘိုးလှိုင်မှာ ဘုရင်ကြီးရဲ့ လက်ကိုင်ဖြစ်နေတာဘယ်နေရာမှာ ကျောက်မြောင်းသင်္ဘောဆိုက်စေဘယ်နေ့ရန်ကုန်စုန်စေဆိုရင် ဖြစ်တာပါဘုရား"

ဆရာတော် ။ ။ "ဒီလိုဆို နေရာကျသကွယ်၊ ချိုသင့်အောင် စီမံပေါ့၊ လေးဆူဓာတ်ပုံ ရွှေတိဂုံကို ငါတို့ အဖူးအမြော်သွားရအောင်"

ချို ။ ။ "တင်ပါ့ဘုရား၊ တပည့်တော် အသင့်ဖြစ်အောင် စီမံလိုက်ပါ့မယ်"

ချိုသည် ဆရာတော်ကြီးထံမှ အခွင့်ရလျှင်ရခြင်း ယော အတွင်းဝန် ဦးဘိုးလှိုင်ထံသို့ စာရေးသားကာ မြေမြန်တော်တစ်စီးအား အမြန်သွားရောက် ဆက်သရန် လွှတ်လိုက်လေ၏။

ဦးဘိုးလှိုင်လည်း စာရေးချိုထံမှ စာရလျှင်ရခြင်း လွန်စွာ ဝမ်းသာလျက် သင်္ဘောကို ကျောက်မြောင်းဆိပ်ကမ်းသို့ လာမည့် ရက်တွင် အကြိုထောက်စေလေ၏။ ဆရာတော်နှင့် ချိုတို့ ကျောက် မြောင်းသို့ သင်္ဘောဆိုက်ကြောင်း လူလွှတ်အကြောင်းကြားသည်နှင့် ချိုနှင့် ဆရာတော်တို့အား သင်္ဘောပေါ်တွင် သီးခြားနေရာပေး၍ ရတနာပုံသို့ စုန်ဆင်းခဲ့လေတော့သည်။

မန္တလေးဆိပ်ကမ်းသို့ သင်္ဘောဆိုက်လေလျှင် ချိုသည် မဟာဘိုဆရာတော်ကြီးအား ဦးဘိုးလှိုင်ဆောက်လုပ်ထားသော အုတ်ကျောင်းကြီးအပေါ်သို့ ပင့်ဆောင်လာခဲ့တော့သည်။ ဆရာတော် ကြီးအား သင်္ဘောပေါ်တွင် အညောင်းမိလာမည်ဖြစ်သဖြင့် ကျယ်

ကျယ်ဝန်းဝန်း ခေတ္တသီတင်းသုံးတော်မူပါရန် လျှောက်ထားကာ ချို့လည်း ဦးဘိုးလှိုင်အိမ်တော်အရောက် ခြေကုန်သုတ်ခဲ့လေတော့သည်။

ဦးဘိုးလှိုင် ။ ။ "ဆရာတော်ဘုရား ပါခဲ့ရဲ့လား ချို့"

ချို့ ။ ။ "အုတ်ကျောင်းကြီးပေါ်တွင် အရောက်တင်ခဲ့ပါပြီဘုရား"

ဦးဘိုးလှိုင် ။ ။ "အေးအေး မောင်မင်းတာဝန်ကျေပါပေတယ်။ ငါထားတဲ့ ကတိအတိုင်း မောင်မင်းကို ရာထူးပေးမယ်၊ ဒန်ကတော်ရေ ... သူ့ရဲ့ဈေးကို ကန်တော့ပွဲတစ်ပွဲအမြန်ပြေးဝယ်စမ်းပါတော့"

ဦးဘိုးလှိုင်လည်း အတိုင်းမသိသော ဝမ်းသာခြင်းဖြစ်ဘိ၍ ဝန်ကတော်ကြီးအား အလျှင်အမြန် ကန်တော့ပွဲတစ်ပွဲဝယ်ခိုင်းလေ၏။ ကန်တော့ပွဲရောက်သည်နှင့် ဝန်မင်းနှင့် ဝန်ကတော်တို့သည် လှည်းယာဉ်ကလေးစီး၍ မဟာဘိုဆရာတော်ကြီးရှိရာ အုတ်ကျောင်းတော်သို့ ထွက်ခဲ့ကြလေ၏။

ကျောင်းပေါ်သို့ရောက်လျှင် ဆရာတော်အား ဖူးမြော်ဝတ်ချပြီးသော် ...

"အရှင်ဘုရား ရန်ကုန်မြို့သို့ ဘုရားဖူးသွားရန် လမ်းပမ်း

ခရီး၊ သင်္ဘောကိစ္စကို ဘုရားတပည့်တော် ကြည့်ရှုစီမံပါဦးမည် ဘုရား။ ခရီးမထွက်မီ ခေတ္တယာယီအားဖြင့် ဘုရားတပည့်တော် ဆောက်လုပ်ထားသော အုတ်ကျောင်းတော်ကြီးကို ရေစက်ချ အလှူခံတော်မူ၍ သီတင်းသုံးတော်မူပါဦးဘုရား"

ဤသို့ လျှောက်ထားလေ၊ မဟာဘိုဆရာတော်ကြီးက လက်ခံသဘောတူတော်မူ၍ ကန်တော့ပွဲတစ်ပွဲနှင့် ရေစက်ချ လှူဒါန်း တော် မူလိုက်လေ၏။

ဦးဘိုးလှိုင်၏ တစ်သိန်းမျှတန်သော အုတ်ကျောင်းတော်ကြီးကို အလှူခံပြီးနောက် မကြာမီပင် ဆရာတော်ဘုရားကြီးက ရန်ကုန်သို့ ကြွလိုသည်ဟု အမိန့်တော်ရှိလေရာ၊ ဦးဘိုးလှိုင် ရုတ်တရက် အကြံအိုက်သွားပြီးနောက် ဆရာတော်ဘုရား စဉ်းစားချင့်ချိန်နိုင်ရန် ဥပါယ်တမျဉ် လျှောက်ထားပြန်လေ၏။

"အရှင်ဘုရားမှာ သက်တော်ကြီးသဖြင့် ရန်ကုန်သို့ ခရီးသွား ရာ၌ ရေကြောင်းမှာ သင်္ဘောစီးရသော်လည်း နယုန်၊ ဝါဆိုလဆို လျှင် လှိုင်းလေကြီးပါသည်ဘုရား။ သို့ပါ၍ ဤယောအုတ်ကျောင်း ကြီး၌ပင် တစ်ဝါဆိုပါဦးဘုရား"

ဆရာတော်ကြီးမှာ ဦးဘိုးလှိုင်တင်လျှောက်သည့်အတိုင်း အုတ် ကျောင်းတော်ကြီး၌ပင် တစ်ဝါဆိုတော်မူခဲ့သည်။ ဦးဘိုးလှိုင်ကား ...

လက်ဦးဆရာရင်းဖြစ်သော မိမိ၏ကျေးဇူးရှင်မဟာဘိုဆရာတော်ကြီးအား ဤသို့ မိမိဆောက်လုပ်ထားသည့် အုတ်ကျောင်းကြီးပေါ်သို့ မရောက်အရောက်တင်ကာ ကိုးကွယ်ကျေးဇူးဆပ်တော်မူလေသတည်း။

❖ ❖ ❖ ❖ ❖

# ယောအတွင်းဝန်၏
# အိမ်ထောင်ဘက်နှင့် အနွယ်တော်များ

ဦးဘိုးလှိုင်၏ဘဝမှာ အရှယ်မတိုင်မီမှာပင် ရှေ့တွင်ပြဆိုခဲ့သည့်အတိုင်း ဖခင်ဖြစ်သူ ယင်းတောမင်းကြီးမှာ ရွှေဘိုမင်းတရားကြီး လုံ့ချက်ဖြင့် အသက်ဆုံးပါးခဲ့ရပြီး၊ များမကြာမီနှစ်အတွင်း မိခင်ကြီးပါ ကွယ်လွန်သွားလေရာ၊ တစ်ကောင်ကြွက်တစ်မျက်နှာဘဝဖြင့် လောက အလယ် မျက်နှာငယ်ခဲ့ရသည်။

ကျေးရွာရှင် မဟာဘိုဆရာတော်ဘုရားနှင့် မင်းဘုန်းမင်းသား အစ်မတော် စကြာဒေဝီမင်းသမီးတို့ အကူအညီကြောင့် ဆရာကောင်း သမားကောင်းတို့ထံတွင် ပညာဆည်းပူးခဲ့ရ၍ ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်ခဲ့ရသည်။ ပညာဗဟုသုတရှာမှီး၍ မင်းသုံးသုခမိန်အဖြစ် နေရာရခဲ့သည်။

ဦးဘိုးလှိုင်မှာ ဘဝနာသူဖြစ်သဖြင့် ပညာကိုသာ တစူးတစိုက် ရှာဖွေသိမှီးနေလေသဖြင့် အခြားသော ကာမဘုံသားတို့၏ ဝိတက် စိတ်၊ ဝိစာရစိတ်များ မပွားများနိုင်အားပေ။ မိမိဘဝတွင် အဓိက ဦးထိပ်ထားသူများမှာ ကျေးဇူးရှင်သခင်များနှင့် ဆရာသမားတို့ပင် ဖြစ်သည်။ ထို့ကြောင့် အချိန်တန် အရွယ်ရောက်၍ လူလားမြောက် လာသည့်တိုင် ကြင်ဘက်ချစ်သူ၊ အပူမရှာခဲ့ပေ။

ဘဝတစ်သက်တာလုံး စာပေဖြင့်သာ ကုန်ဆုံးခဲ့လေသဖြင့် အချစ်ရေး၊ အချစ်ရာကိုလည်း စိတ်မှာပင် မကာစားမိခဲ့ချေ။ သို့သော် လည်း မင်းတုန်းမင်းကြီးသည် စကြာဒေဝီ မိဖုရားကြီး၏ မွေးစား သားသဖွယ်ဖြစ်ခဲ့သော မောင်ဘိုးလှိုင်အား အရွယ်မလွန်မီ ကြင်ယာ သက်ထား ရှာဖွေထိမ်းမြားပေးရန် အကြံတော် ပေါ်ခဲ့လေ၏။ ထို့ကြောင့် မောင်ဘိုးလှိုင်နှင့် သင့်တော်မည့် အိမ်ရှင်မကို စိတ်မှန်းဖြင့် ရွေးချယ်တော်မူလေ၏။

ထိုရောအခါ မကွေးမင်းကြီး၏ မျက်နှာသည် မင်းတုန်းမင်း ကြီး၏ မျက်စိအတွင်း ကွက်ကွက်ကွင်းကွင်း ထင်းလင်းစွာမြင်လာ လေသည်။ ထိုမကွေးမင်းကြီး၏ သမီး(ခင်ဖြူ)သည် ရုပ်ဆင်းအင်္ဂါ၊ ကြန်အင်လက္ခဏာနှင့် ပြီးပြည့်စုံ၍ ဘခင်မှာလည်း မှန်နန်းရှင်ဘ ကြီးတော်ဘုရားနှင့် စစ်ဖြစ်သောအခါ မြို့တံခါးကို ဖွင့်ပေးလျက်

ရွှေဘိုမင်းသားအား ဘုရင်အဖြစ်သို့ရောက်အောင် တင်မြှောက်ပေးခဲ့ဖူးသည်။

ခမည်းတော်ရွှေဘိုမင်းတရားကြီး စိတ်တော်ဖောက်ပြန်၍ ယင်းတောမင်းကြီး ဦးတုတ်အား လှံကစားလျက် ထိုးသတ်သောအခါ ဇွတ်အတင်းဝင်ဖက်၍ လှံတံကို လုယူပြီးနောက်၊ တိုင်းသူပြည်သားလူအများတို့တစ်စွန်းတစ်စ မကြားမပေါက်စေရအောင် စီစဉ်ကာသားတော်အကြီး ပုဂံအိမ်ရှေ့မင်းသားအား လွှတ်တော်တက်၍တရားစီရင်ရန် နန်းတင်ပေးခဲ့ဖူးသည်။

မိမိနှင့် ပုဂံဘုရင်တို့ စစ်ဖြစ်ပွားသောအခါ အနောက်တံခါးကိုဖွင့်၍ အသာတကြည်ပင် ဘုရင်သို့ရောက်အောင် မိမိအား နန်းတင်ပေးခဲ့သူဖြစ်သည်။ ဤမျှစွာသော ကျေးဇူးများခဲ့သည့် မကွေးမင်းကြီးအား တစ်နည်းတစ်ဖုံ ကျေးဇူးဆပ်ခြင်းအနေဖြင့် လွန်ကဲသောပညာဉာဏ် ဝီရိယရှိသူ၊ မြန်မာ့တစ်ခွင်တွင် ကျော်စောသတင်းနှင့်ပြီးပြည့်စုံသည့် မောင်ဘိုးလှိုင်အား သက္ကရာဇ် ၁၂၁၅-ခုနှစ်တွင်အမိန့်တော်ချမှတ်၍ ထိမ်းမြားလက်ထပ်မင်္ဂလာပြုပေးတော်မူခဲ့သည်။

၁၂၁၅-ခုနှစ်တွင် မောင်ဘိုးလှိုင်အား အတွင်းဝန်ယောမြို့စားအရာသူကောင်းပြုတော်မူလေ၏။ ထို့အပြင် ငွေခွန် ၁၂ ရပ်၊ အကောက်နှင့် ရေနံတွင်း၊ ဈေး၊ ပွဲခင်း၊ ကူးတို့များမှ ဝင်ငွေတို့

ကိုလည်း အပ်နှင်းတော်မူခဲ့သည်။

သက္ကရာဇ် ၁၂၁၉–ခုနှစ်တွင် ကလေးမြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရှည်မြို့၊ ထီးလင်းမြို့များကို အပ်နှင်းတော်မူပြန်သည်။ သက္ကရာဇ် ၁၂၃၃–ခုနှစ်တွင် မြောက်ပြင်သူရဲတပ်၊ အရှေ့ဘက် အုတ်ကျောင်းတံတားကြီးကို ဆောက်လုပ်၍ ကျောင်းရေစက်ချ၊ သားရှင်ပြု၊ သမီးနစ်ယောက်အား နားထွင်းမင်္ဂလာပြုခဲ့သည်။

မောင်ဘိုးလှိုင်နှင့် မကွေးမင်းကြီး၏ သမီးခပ်ဖြူတို့ အကြောင်းသင့် ပေါင်းဖက်ကြ၍ သား၊ သမီးများအဖြစ် ဤသို့တွေ့ရ၏။

၁။ သားကြီး မောင်မောင်ဘ

(မင်းလှကျော်ထင်ဘွဲ့ရ၊ ရွှေပြည်ဝန်မှာ အသက် ၂၄ နှစ်အရွယ်တွင် ကွယ်လွန်)

၂။ သမီးအကြီး ခင်ခင်ကြီး

(မှန်နန်းအပျိုတော် သုသီရိယာ ဘွဲ့နှင့် ယင်းတောရွာကို အပိုင်စားပေးသနားခံရပြီး အသက် ၂၃ နှစ်အရွယ်တွင် ကွယ်လွန်)

၃။ သမီးအငယ် ခင်ခင်လေး (ခေါ်) စောဥမ္မာ

(သုသီရိကဥ္စနာဘွဲ့နှင့် စဥ့်ကိုင်ရွာစားပေးသနားခြင်းခံရ)

သားသမီး ၃ ဦးရှိခဲ့သော်လည်း သမီးငယ် ခင်ခင်လေးတစ်ဦး

တည်းသာလျှင် သက်တမ်းစေ့နေထိုင်သွားပြီး အရွယ်ရောက်သော အခါ ညောင်ဝန်းဝန်ထောက်မင်း၏သား (ရွှေပြည်မောင်မောင်လေး)နှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။ ယင်းတို့မှ

ခင်မောင်ကြီး

ခင်မောင်ဒွေး

ခင်မကြီး

ခင်မလေးတို့ကို မွေးဖွားခဲ့သည်။

ဦးဘိုးလှိုင်နှင့် အကြောင်းပါခဲ့သော မကွေးမင်းကြီး၏ သမီး ခင်ဖြူကို သက္ကရာဇ် ၁၁၉၅-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅-ရက် နေ့တွင် အမရပူရမြို့တွင် ဖွားမြင်ခဲ့သည်။ သူ့ရဲဝန်ဦးထွန်းမှာ ခင်ဖြူ၏အဘိုးဖြစ်သည်။

ခင်ဖြူသည်လည်း ဦးဘိုးလှိုင်နှင့် ထိမ်းမြားပြီးနောက် သက္ကရာဇ် ၁၂၁၉-ခုနှစ်တွင် ရွှေပိန်းရင်စီး၊ မုစ်လှကန်းနားများကို ပွဲတက်သောအခါ စီးနင်း၍ အမေးတော်ခံကတော်ကြီး ၄ ပါး အနက်၊ ကတော်တစ်ပါးအရာနှင့် ခစားထမ်းရွက်ရသည်။ သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် ခင်ဖြူအား မင်းတုန်းမင်းတရားကြီးက အဝမြို့ ဈေးချိုကို အမိုင်စားပေးသနားတော်မူခဲ့ပြန်သည်။

ထို့နောက် မင်းတုန်းမင်း နတ်ရွာစံ၍ သီပေါမင်းနန်းတက်

လာသောအခါတွင်လည်း ရွှေပြည်ဝန်ကြီးကတော်အရာဖြင့် ခင်ဖြူအား သူကောင်းပြုခြင်းခံခဲ့ရပြီး သက္ကရာဇ် ၁၂၅၇–ခုနှစ်၊ ကဆုန်ပြည့်ကျော် ၇–ရက်နေ့တွင် သက်တော် ၆၂ နှစ်အရွယ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ခင်ဖြူ၏ ဖခင်မှာ မကွေးမင်းကြီးဖြစ်ပြီး မင်း ၃ ဆက်တိုင်တိုင် သူကောင်းပြုခြင်းခံရသူဖြစ်သည်။ ဉာဏ်ပညာဗဟုသုတ ပြည့်ဝသူဖြစ်ပြီး ဖခင်ဖြစ်သူ ရွှေပြည်ဝန်လက်ဝဲဝင်းတော်မှူး (မင်းလှကျော်ထင်ဘွဲ့ရ) ဦးတောကဲ့သို့ သူရသတ္တိနှင့် ပြည့်စုံလျက် သစ္စာ၊ သမာဓိရှိသူဖြစ်သည်။ စိတ်တွင်မလျော်ကန်ဟု ထင်မိချေက ရှုပ်ရှုပ်ချုံချုံပြုလုပ်တတ်သူလည်းဖြစ်သည်။

နောင်တော်ပုဂံမင်း နန်းကျ၍ ညီတော်မင်းတုန်းမင်းသားသို့ ထီးနန်းလွှဲအပ်သောအခါ "ညီတော်မင်း အသက်ရှည်ရှည်နေလိုလျှင် **(ငွေးကိုလုံအောင်ထိုင်)**ဟု နန်းကျဘုရင်က သတိပေးစကားပြောကြားခဲ့သူဖြစ်သည်။

(ငွေးကို လုံအောင်ထိုင်)ဟု ဆိုခြင်းမှာ မကွေးမင်းကြီးအား သတိဝီရိယနှင့် အခစားခံစေရန် ရည်ညွှန်း၍ သွယ်ဝိုက်မိန့်ကြားလိုက်ခြင်းပင်ဖြစ်သည်။ သို့သော်လည်း မင်းတုန်းမင်းကြီးသည် မကွေးမင်းကြီးနှင့် ပတ်သက်၍ အမှုမဲ့ အမှတ်မဲ့ပင် ရှိနေခဲ့သည်။

သက္ကရာဇ် ၁၂၂၈–ခုနှစ်တွင် မြင်ကွန်းအရေးတော်ပုံနှင့် ပဒိန်းအရေးတော်ပုံများ ပေါ်ပေါက်လာခဲ့ချေသည်။ ငွေးကိုလုံအောင် မထိုင်မိခဲ့သဖြင့် မင်းတုန်းမင်းကြီး အမှုတော်ပွေခဲ့ရတော့သည်။ မင်းတုန်းမင်းအား ပုန်ကန်ခြားနားသော မြင်ကွန်းနှင့် ပဒိန်းအရေးတော်ပုံတွင် မကွေးမင်းကြီးက စားရိတ်ထောက်ပံ့ပေးတော်မူခဲ့သည်။ သူပုန်များဘက်မှ မကွေးမင်းကြီး အသက်ဆက်ပေးနေသည်ကိုလည်း တိုင်းပြည်၌ သတင်းစကား တစ်စွန်းစထွက်လာလေရာ၊ ထိုသတင်းကို ဘုရင့်ရွှေနားတော်သို့တိုင် ကြားသွားခဲ့လေ၏။

ထိုအခါ မင်းတုန်းမင်းကြီးက မကွေးမင်းကြီးအား ရှေ့တော်မှောက် ခေါ်သွင်းစေ၍ စစ်ဆေးတော်မူသည်။

**မင်းတုန်းမင်း ။ ။** “နေပြည်တော်တွင် သတင်းဖြစ်ပွားသည့်အတိုင်း မင်းကြီးမှန်ပါသလား”

**မကွေးမင်းကြီး။ ။** “မြင်ကွန်းမင်းသားလည်း အရှင့်သားတော်ဖြစ်ပါသည်။ ပဒိန်းမင်းသားလည်း အရှင့်တူတော်ဖြစ်ပါသည်။ စစ်စရိတ်ထောက်ပံ့ကြောင်း မှန်ပါသည်ဘုရား”

**မင်းတုန်းမင်း ။ ။** “ရဲဝံ့ပါပေ့မောင်မင်း၊ ဓိုလ်ပိုအလယ်မှာ တုတ်တိုင်းမှန်ရာ သံတော်ဦးတင်သည်

**ဖြစ်၍ မင်းကြီးတရားကို မင်းကြီးပဲ စီရင်စေ”**

မြင်ကွန်းမင်းသားမှာ မင်းတုန်းဘုရင်နှင့် တောင်ရွှေရေးဆောင် မိဖုရားမှ ဖွားမြင်သည့်သားဖြစ်သည်။ ပဒိုန်းမင်းသားမှာ အိမ်ရှေ့ ကနောင်မင်းသား၏ သားတော်ဖြစ်ပြန်သည်။ ထိုအခါ မကွေးမင်း ကြီးလည်း မင်းတုန်းမင်းတရားကြီး အမိန့်တော်ချမှတ်သည့်အတိုင်း မိမိစီရင်ချက်ကို မိမိဘာသာရေး၍ ဆက်သလေတော့၏။

**“ရန်သူ သူပုန်မြင်ကွန်း၊ ပဒိုန်းတို့ကို စရိတ်ထောက်ပံ့ သူသည် ဘုရင့်သစ္စာတော်ကိုဖောက်၍ ရာဇဝတ်ပြစ်မှု ကျူးလွန်ရာရောက်သောကြောင့် သက်ရှိသက်မဲ့၊ ဥစ္စာ ပစ္စည်း မကွေးမင်းပိုင်ဆိုင်သည် မှန်သမျှ ... ဘုရင် မင်းတရားကြီးက သိမ်းယူစေ၊ မကွေးမင်းကြီးကိုလည်း ရာထူးမှချ၊ တစ်ဆွေတစ်မျိုးလုံး မီးလောင်တိုက်သွင်း စေ ...။ မကွေးမင်းကြီးအားလည်း သက်ဆုံးတိုင် စီရင်စေ”**

မင်းတုန်းမင်းကြီးသည် မကွေးမင်းကြီး၏ စီရင်ချက်ကို ကြား သိတော်မူလေသောကြောင့် ရွှေမျက်နှာတော် ညှိုးလေ၏။ ခစားနေကြ သော မှူးကြီးမတ်ရာ သေနာပတိတို့မှာလည်း ရင်တထိတ်ထိတ်နှင့်

မင်းတရားကြီး၏ ရှေ့နှုတ်တော်ထွက်၊ မိန့်ဆိုချက်ကို စောင့်ဆိုင်း လျက်ရှိကြသည်။

မင်းတုန်းမင်းတရားကြီးက ဤသို့ မိန့်ဆိုလေ၏။

**"မင်းကြီးသည် မင်းအဆက်ဆက် အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သော ဂုဏ်သိက္ခာရှိသည်။ မိမိကိုယ်၌ ဖြစ်မှုရှိသည်ကို မထိန်ချန် တုတ်တိုင်းမှန်ရာ တင်လျှောက်ဝံ့သော သူရသတ္တိလည်းရှိသည်။**

**ရှေးထုံးစဉ်လာအရ စည်းစိမ်ရာထူး မငဲ့ကွက်ဘဲ လမ်းမှန်အတိုင်း စီရင်ချက်ချဝံ့သော ဂုဏ်လည်းရှိပေသည်။ ထိုဖြောင့်မတ်သော မင်းကြီးကို ၎င်းကိုယ်တိုင် စီရင်ချက်ရေးခဲ့သည့်အတိုင်းမပြု၊ မစီရင်ထိုက်ပါပေ။**

**အသက်အန္တရာယ်ကို စိုးရိမ်သောကြောင့် နီးရာမားဘက်ကို ခိုကိုးချဉ်းကပ်ရခြင်းဖြစ်သည်။ သို့ဖြစ်၍ မကွေးမင်းကြီးအား သက်တော်ရှည်မင်းကြီးရာထူးအား ချီးမြှောက်တော်မူမည်"**

ဟု မင်းကြီးအမိန့်တော်ချမှတ်ပြီးနောက် ကျောက်စီတောင်ဝှေးကို ချီးမြှင့်ပေးသနားခဲ့သည်။ မင်းတုန်းမင်းတရားကြီး၏ အချို့သော စီရင်မှုများကို ကြည့်လျှင် နားလည်ခွင့်လွှတ်စိတ်ရှိကြောင်း

ထင်ရှားလှသည်။

သုဓမ္မာဆရာတော် ဦးလက္ခဏသည် ကာမပုံရည် ယိုမိတ်ကာ အပျိုတော်တစ်ဦးနှင့် မှောက်မှားလွန်ကျူးသောအမှုကို သိက္ခာမချဘဲ ပြုခဲ့သည်။ မင်းတုန်းမင်းကြီး ကြားသိတော်မူသောအခါ ဦးလက္ခဏ ကိုယ်တော်အား လူထွက်စေ၍ (ဦးကွန်း) အမည်နှင့် မင်းကြီး ဦးကောင်းထံ အပ်နှံထားရာ၊ ဘုရင်စနစ်ဖြင့် အသက် ချမ်းသာရာ ရခဲ့သည်။

ထို့အတူ စလေဦးပုညကို ဘုရင်မျက်တော်မူခဲ့သော်လည်း ဘုရင်စနစ်ဖြင့် မသတ်ဘဲ မြို့ဝန်ဦးသာအိုးထံ အပ်နှံထားခဲ့သည်။ သို့သော် မြို့ဝန်ဦးသာအိုးက မြို့ဝန်ကတော်အငယ်နှင့် ပလူးသည်ဟု အထင်ရှိသောကြောင့် မြို့ဝန်ဦးသာအိုးသတ်၍သာ ဦးပုညသေခဲ့ ရသည်။ ဘုရင်မင်းတရားကြီးက ဦးပုညကို မေးလေရာ လက်လွန် ပြီးကြောင်း သံတော်ဦးတင်လေရာ (လူကိုခွေးသတ်လေခြင်း) ဟု ကရုဏာစိတ်ဖြင့် ညည်းညူတော်မူရှာသည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် မင်းတုန်းမင်းကြီး အမျက် တော်ပြေချိန်၌ သုဓမ္မဆရာတော် ဦးလက္ခ(ဦးကွန်း)အား ရာထူး ပေးသနားတော်မူပါရန် လျှောက်ကြားရာ၌ ...

**"ကွန်းတာ ရာထူးနှင့်မတန်ပါဘူး ယောင်မင်း အသက်**

မသေရင်တော်ရောပေါ့… ဒီစကားမပြောနဲ့ ဘုရား စကားတောင် နားမထောင်တဲ့လူပဲ”

ဟု မင်းတုန်းမင်းကြီး မိန့်တော်မူလေ၏။

မြင်ကွန်းမင်းခုံတိုင် အရေးတော်ပုံနှင့် ပဒိန်းမင်းသား အရေးတို့တွင် ဦးဘိုးလှိုင်မှာ မင်းတုန်းမင်းကြီးအပါးတော်တွင် မရှိပေ။ မင်းတုန်းမင်းကြီး၏ စံနန်းတော်စာကြည့်ဆောင် ရောက်နေချိန်ဖြစ်သဖြင့် လွတ်ကင်းသွားရော၊ ကံကောင်းလှပေသည်ဟု ဆိုရေ့ည်ဖြစ်သည်။

မြင်ကွန်းမင်းအရေးတော်ပုံ၌ နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ပွက်ပွက်ထ၍ နေစေကာမူ ဦးဘိုးလှိုင်မှာ စာဝါသနာကြီးသူဖြစ်သည့်အတိုင်း စံနန်းတော်စာကြည့်အခန်းထဲ၌ စာကြည့်ရာသို့ မြင်းကွန်းမင်းသားရောက်လာ၍ စာဖတ်နေသော ဦးဘိုးလှိုင်ကို မြင်လေလျှင် နောက်ပါယ်ကျွန်တို့အား “သူ့ဟာသူ စာကြည့်နေတဲ့ ဝန်မင်းကို ဘာမှမလုပ်ကြနဲ့၊ စာကြည့်မပျက်ပါစေနဲ့”ဟု ဟန့်တားတော်မူလေ၏။

❖ ❖ ❖ ❖ ❖

# ယောမင်းကြီး၏
# စာပေကျမ်းအစောင်စောင်

ဦးဘိုးလှိုင်ကား ... ငယ်စဉ်ကပင် စာပေဝါသနာပါသောသူ ဖြစ်သဖြင့် စာနှင့်မျက်နှာ ခွာလေ့မရှိပေ။ အချိန်ရသမျှ စာကြည့်၊ စာဖတ်၊ စာရေး၊ စာလိုက်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်သာ ဖြစ်သည်။ ပညာရှိ ကျမ်းတတ်ဆရာတော် အသီးသီးထံ ချဉ်းကပ်၍ ပညာထပ်မံဆည်းပူးယူလေ့ရှိသည်။ လောကီ၊ လောကုတ္တရာ စွယ်စုံ နိုင်နင်းအောင် လေ့လာသင်ယူလျက်ရှိခဲ့သည်။

ပြဿနာအရပ်ရပ်ကိုလည်း ဝေဖန်သုံးသပ်၍ ပညာဖြင့်သာ အဆုံးအဖြတ် ရှာခဲ့သဖြင့် ပညာရဲရင့် ပွဲလယ်တင့်ခဲ့ရလေသည်။ သူ့အား ပညာမာန်ရစ်သည်ဟု အများက ယူဆထင်မှားခဲ့ကြသော်လည်း အမှန်တကယ်မူ လောကခံကို ဆင်ခြင်အောက်မေ့ကာ

တိဟိဘ်ပုဂ္ဂိုလ်ဆန်ဆန် ဆောင်ရွက်ခဲ့ခြင်းသာလျှင်ဖြစ်သည်။

မင်းတုန်းမင်းကြီး အထွဋ်အထိပ်ရောက်သည့်အခါ မင်းသား ဘဝကဲ့သို့ပင် ချဉ်းကပ်ခစားခြင်းပြုပြီး၊ အခွင့်ရေးရရာရကြောင်း အတွက် မင်းလိုလိုက်၊ မင်းကြိုက်မဆောင်ခဲ့ပေ။ဟုတ်တိုင်းမှန်ရာ သာ ပြုမူပြောဆို ကျင့်ကြံခဲ့သည်။ ထို့ကြောင့်လည်း မင်းတုန်းမင်း တရားကြီးက ရံဖန်ရံခါ ရွှေစိတ်တော်အလိုမကျသည့်အခါတိုင်း ရာထူးမှချ၍ နယ်နှင်ခြင်းခံခဲ့ရသည်သာဖြစ်သည်။ မန္တလေးရတနာပုံ ကို တည်ထောင်စဉ်က ဦးဘိုးလှိုင်၏နာမည်သည် ဝန်ကြီး၊ ဝန်ကလေး စာရင်းတွင် မပါဘဲ တိမ်မြုပ်နေကြောင်းတွေ့နိုင်သည်။ ဤသည် မှာလည်း ဦးဘိုးလှိုင်သည် အသာစံ၍ ထင်ပေါ်ကျော်ကြားမှု မလို လားကြောင်း သိသာနိုင်သည်။

မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် ဦးဘိုးလှိုင်အား ဤသို့ ဝေဖန်ထောက်ချင့်ခဲ့ဖူးပေသည်။

**“ဦးဘိုးလှိုင်ကို ငါ့ဝန်ကြီးခန့်ဖို့ အကြံတော်ရှိသော်လည်း ... သင်းက မာနကြီးလွန်း၍ ဆိုင်းငံ့နေရတယ်။ သင်းကို လွှတ်တော်ဝန်ကြီးခန့်ပြန်ရင်လည်း ငါ့အနားမှာ တိုင်ပင်စရာဆိုလို့ သူတစ်ယောက်သာရှိတယ် ... သည့်အပြင် အတွင်းဝန်များမှာ သူ့လောက် အရေး**

များစွာ မပါပေဘူး"

ဟု မိန့်တော်မူဖူးသည်။

ယင်းကို ထောက်ချင့်သော် ... မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်၌ အဘယ်မျှအရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ထင်ရှားစွာ သိသာနိုင်ပေသည်။

ဦးဘိုးလှိုင်မှာ စာပေရေးရာနှင့် ပတ်သက်၍ လောကီလောကုတ္တရာ စွယ်စုံတော်သော ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်သည်။ သက္ကရာဇ် ၁၂၂၀–ခုနှစ်တွင် ဦးဘိုးလှိုင်အသက် ၂၉–နှစ်အရောက်၌ တိပိဋက၊ သေလက္ခရ၊ ကျေ..က်စာများကို တည်းဖြတ်ပြင်ဆင်၍ ကျောက်ထက်အက္ခရာတင်ရန် တာဝန်ခံ၍ စီစဉ်ပေးရသည်။

သက္ကရာဇ် ၁၂၂၅–ခုနှစ်တွင်၊ မဇ္ဈိမဒေသ၊ ဝင်တိုင်း၊ ဘာသျှကာရဆရာ၊ သက္ကဋဘာသာနှင့် ရေးသားထားခဲ့သောကျမ်းကို (လိလာဝတီအမည်ဖြင့်) မြန်မာပြန်ဆို၍ ရေးသားရသည်။ ထိုကျမ်းမှာ ဂဏန်းသင်္ချာကို အဓိပ္ပါယ်ရှင်းလင်းအောင် ဖော်ပြထားခြင်းဖြစ်ပြီး ကနောင်မင်းသားအား ဆက်သွင်းရသည်။

သက္ကရာဇ် ၁၂၂၇–ခုနှစ်တွင် ထန်းရည်အကြောင်းနှင့် ပတ်သက်သော အရေးအသားကို မင်းတုန်းမင်းတရားကြီး မနှစ်မြို့သောကြောင့် ရာထူးမှ လျှော့ချကာ အကျယ်ချုပ်နှင့် ထားခြင်းခံရ

ပြန်သည်။ သက္ကရာဇ် ၁၂၂၈–ခုနှစ်တွင်မှ (ယောမြို့စား မင်းကြီး မင်းလှမဟာစည်သူ) ဘွဲ့ကို အခမ်းအနား၊ အဆောင်အယောင်နှင့် တကွ ပြန်လည်ပေးအပ်ခဲ့သည်။

သက္ကရာဇ် ၁၂၃၁–ခုနှစ်တွင် မြန်မာ့ကြေးနန်းနှင့် ပတ်သက်၍ ကြေးနန်းစကားပြောနည်းကို (လိပိဒိပိကာ) အမည်ပေး၍ ကျမ်း တစ်စောင် ရေးသားပြုစုခဲ့သည်။ ထိုကြေးနန်းစာ ပေါ်လာသဖြင့် ယခင် ခြေမြန်တော် ဆက်သားတို့ဖြင့် သတင်းအချက်အလက် ပို့ပေးခြင်း၊ ဆက်သွယ်ခြင်းထက် ပိုမိုမြန်ဆန်လာသဖြင့် များစွာ အကျိုးဖြစ်ထွန်းခဲ့သည်။

ထိုနှစ်အတွင်း၌ပင် (အဿဗောဒ)ကျမ်းဟု ခေါ်ဆိုသော မြင်းကျမ်းတစ်စောင် ရေးသားပြုစုခဲ့ပြန်သည်။ မြင်းတို့နှင့် ပတ်သက် ၍ ဖွဲ့ဆို၊ ဖွဲ့ကောင်းရွေးချယ်နိုင်ရန်၊ ရတနာသိုက်ဝင်မြင်းများ မွေးမြူသူအပေါင်း အားထားရာ ကျမ်းစာအုပ်ဖြစ်သည်။

ထိုနှစ်မှာပင် (သဒ္ဒသင်္ဂဟ)ကျမ်းဟု အမည်ပေးထားသော လောကုတ္တရာ လေ့လာလိုက်စား၊ ဆည်းပူးနိုင်ရန် သဒ္ဒါကျမ်း တစ်စောင်ကို ရေးသားပြန်လေ၏။ သဒ္ဒသင်္ဂဟကျမ်းမှာ မြန်မာစာပေ လောက၌ များစွာဆူပူလှုပ်ရှားသွားခဲ့သော ကျမ်းတစ်စောင်လည်း ဖြစ်သည်။

ထိုကျမ်းနှင့်ပတ်သက်၍ ကြိုတင်၍ အမြင်ရင့်သန်သော ဦးဘိုးလှိုင်သည် သူမရှိသည့်နောက် ထိုကျမ်းအတွက် ပျက်လိုပျက်စီး မဖြစ်နိုင်ရန် သက်သေအထောက်အထား ခိုင်လုံစွာနှင့် သေးဆီးရန်ကာ စီရင်ခဲ့သည်။

သက္ကရာဇ် ၁၂၃၄–ခုနှစ်တွင် ပခန်းမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူ တောင်းပန်သဖြင့် (မဟာသမထ ဝိနိစ္ဆယ)ကျမ်းကို ရေးသားခဲ့သည်။ စာပေကျမ်းဂန် တတ်မြောက်သူသည် ပညာမာန်ရစ်တတ်ကြသည့် သဘောရှိသဖြင့် မင်းတုန်းမင်းကြီးက ဦးဘိုးလှိုင်အား ပညာဂုဏ်မောက်သည်ဟု သတ်မှတ်တော်မူလေ၏။

သို့ကြောင့်လည်း မင်းတို့မျက်စောင်း အကြောင်းသုံးပါးမရွေး ဦးဘိုးလှိုင်နှင့် ပတ်သက်ကာ ပြဿနာပေါ်ပေါက်လေတိုင်း ဦးဘိုးလှိုင်ကိုသာ အဆိုးချလေ၏။ ယင်းအစွဲအလမ်းကြောင့် သက္ကရာဇ် ၁၂၃၅–ခုနှစ်တွင် ဦးဘိုးလှိုင်အား မူလအဆောင်အယောင်များအပြင် ဝက်မစွပ်မြို့ကို အပိုင်စား ပေးသနားတော်မူလေ၏။

ရွှေပြည်ဝန်ကြီးအဖြစ်လည်း ခန့်ထားခြင်း ခံရလေသည်။ အရှေ့ပြင်တွင် ဆောက်လုပ်နေသော မင်းတုန်းမင်းတရားကြီး၏ ရွှေကျောင်းတော်ကြီးကိုလည်း နှောင့်နှေးကြန့်ကြာမှု မရှိအောင်

မိုးစာပေ

စိမံခန့်ခွဲ၍ အုပ်ချုပ်ရန် တာဝန်လွှဲအပ်ခြင်းခံရလေ၏။

ထိုရာထူးတိုးသောနှစ်မှာပင် စလင်းမြို့စား (သုသိရိမြတ်စွာရတနာဒေဝီ)က ဦးဘိုးလှိုင်အား တောင်းပန်သဖြင့် ကာယနုပဿနာကျမ်းတစ်စောင်ကို ရေးသားရပြန်လေ၏။ သက္ကရာဇ် ၁၂၃၉–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄–ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် တောင်နန်းတော် ညီလာခံ၌ ဦးဘိုးလှိုင်အား ခေါ်ယူ၍ ဝိပဿနာဉာဏ် ၁၀ ပါးအကြောင်းကို ပြုစုရေးသားပေးရန် အမိန့်တော်ချမှတ်ခဲ့သည်။

ဦးဘိုးလှိုင်သည် ဝိပဿနာဉာဏ် ၁၀ ပါးနှင့် ပတ်သက်၍ အကျဉ်းချုပ်ကိုရေးပြီး၊ အလယ်အလတ်ကိုလည်း ရေးသည်။ ထို့နောက် အကျယ်တဝင့် နိုက်နိုက်ချွတ်ချွတ်ကိုလည်း ရေးသည်။ ထိုဝိပဿနာဉာဏ် ၁၀ ပါးကျမ်းအား မင်းတုန်းမင်းကြီး သဘောကျနှစ်မြို့က်တော်မူလေ၏။

မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် သားတော်သီပေါမင်း နန်းတက်တော်မူစဉ်၊ သီပေါမင်းလက်ထက်၌ ခမည်းတော်လက်ထက်ကဲ့သို့ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ စောင့်ထိန်းခြင်းလျော့ပါးလာသဖြင့် ဦးဘိုးလှိုင် များစွာစိတ်မချမ်းမြေ့ ဖြစ်ဘိသည်။ သီပေါမင်းတရားသည် သူ့အား ခမည်းတော် မင်းတုန်းမင်းတရားကြီး

ခိုးဝေပ

ခန့်ထားတော်မူခဲ့သည့်အတိုင်း ရာထူးမြဲစေသော်လည်း အခြားအခြားသော ဌာနတို့၌ မင်းလိုလိုက်၊ မင်းကြိုက်ကို လျှောက်တင်တတ်သူ မင်းမှုထမ်းများကိုသာ အခွင့်အရေး များစွာပေးလေ့ရှိလေ၏။

သီပေါမင်းမှာ အသက်ရွယ်ငယ်ရွယ်သည့်အလျောက် ရာဇမာန်တက်၍ မိဖုရား၏အလိုကို ဘာမဆို လိုက်လျောတတ်လေသည်။ ပြဿနာကိစ္စရပ်တစ်ခုကို အချိန်ယူ၍ သင့်မသင့် စဉ်းစားချင့်ချိန်တတ်ခြင်းမရှိဘဲ ဦးဦးဖျားဖျား လျှောက်တင်သည့်စကားကို ယုံကြည်တော်မူလေ၏။ ယင်းအကြောင်းတို့ကို ရည်ရွယ်၍ သီပေါမင်း ဝေဖန်သုံးသပ်နိုင်ရန် အလို့ငှာ နောင်မင်းအဆက်ဆက် ကျင့်သုံးလိုက်နာပါက ရစေခြင်းအလို့ငှာ (ရာဇဓမ္မသင်္ဂဟ)ကျမ်းကို ရေးသားပြုစုဆက်သွင်းလေရာ ... ရာထူးမှ အချခံလိုက်ရတော့သည်။

သက္ကရာဇ် ၁၂၃၄–ခုနှစ်၊ ရာထူးချထားခြင်းမှ တစ်ဖန်ရာထူးပြန်လည်ခန့်အပ်ခြင်း ခံရသည့်အချိန်တွင် ဦးဘိုးလှိုင်သည် (နဝသိဒ္ဓိ) အမည်ရှိ ဗေဒင်လက်ရိုးကျမ်းကို ပြုစုခဲ့သည်။ ထိုကျမ်းမှာ ဗေဒင်လိုက်စားသူတို့အတွက် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသော ကျမ်းတစ်ဆူဖြစ်သည်။

ထိုကျမ်းရေးခြင်းရည်ရွယ်ချက်မှာ သီပေါဘုရင်သည် ထိုအချိန်က အနောက်တိုင်းအပြုအမူများကို ရွှေနန်းတော်အတွင်း၌ လက်ခံ၍

နန်းတော်ကြီးမှာ အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်လုနီးပါး အခြေသို့ ရောက်ရှိနေချိန်ဖြစ်သည်။ ထိုအချိန်၌ အနာဂတ်မြန်မာ ပြည်၏ ကံကြမ္မာကို လူပညာရှိ၊ ရဟန်းပညာရှိတို့သည် ဗေဒင် ကိန်းခန်းကြည့်၍ ဝေဖန်မှု ပြုကြကုန်လေ၏။

ဦးဘိုးလှိုင်၏ ဗေဒင်ကျမ်းရိုးကို လေ့လာကြည့်သော် အနာဂတ် ဟောကိန်း မည်သို့ရှိမည်ကို သိနိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်။

ထို့နောက် နဝသိဒ္ဓန္တ ဗေဒင်ကျမ်းနှင့် မလုံလောက်ဟု သဘောပိုက်ကာ (ဥတုဘောဇနသင်္ဂဟ)ကျမ်းကို ရေးသားပြုစုပြီး နောက် (မဟာသုဇာတက) ဗေဒင်ကျမ်းကို ထပ်မံရေးသားပြုစုခဲ့ သည်။ ဦးဘိုးလှိုင်သည် မိမိအရှင်သခင်၏ အကျိုးစီးပွားနှင့်တကွ တိုင်းသူပြည်သားတို့ အကျိုးစီးပွားကိုပါ ရှေ့ရှုသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

ထို့ကြောင့်လည်း သူကွယ်လွန်အနိစ္စမရောက်မီစပ်ကြား အဖိုးထိုက်အဖိုးတန် ကျမ်းကောင်းကျမ်းမြတ်များကို ရေးသားပြုစု သွားခြင်းဖြစ်သည်။ ယောအတွင်းဝန် ဦးဘိုးလှိုင်ကား လေးစားထိုက် သူပင်ဖြစ်ပြီး မင်းနှစ်ဆက်တိုင်တိုင် သူကောင်းပြုခြင်းခံရသူဖြစ်သည်။

## ဦးဘိုးလှိုင် ရေးသားပြုစုခဲ့သော ကျမ်းများ

၁။ လိလာဝတီကျမ်း (ဂဏန်းသချ်ာကျမ်း)

၂။ အဿဘောဒကျမ်း (မြင်းကျမ်း)

၃။ သဒ္ဒသင်္ဂဟကျမ်း (သဒ္ဒါကျမ်း)

၄။ (ဓာတုပြသံသဓာတ်ကျမ်း)

၅။ လိပိဒီပိကာကျမ်း (ကြေးနန်းစာကျမ်း)

၆။ ဝိမုတ္တိရသကျမ်း (လွတ်မြောက်ရာကျမ်း)

၇။ မဟာသမတဝိနိစ္ဆယကျမ်း

၈။ ကာယနုပဿနာသတိပဋ္ဌာန်ကျမ်း

၉။ ဝိပဿနာဉာဏ်ဆယ်ပါးကျမ်း

၁၀။ နဝသိဒ္ဓန္တလက်ရိုးကျမ်း (ဗေဒင်လက်ရိုး)

၁၁။ ဥတုဘောဇနသင်္ဂဟကျမ်း

၁၂။ အလင်္ကာနိသျှကျမ်း

၁၃။ ဒိုးချင်းပျက်စာစောင်

၁၄။ နိဗ္ဗာနဒီပကစာ

၁၅။ ဝိဇယသုတ်

၁၆။ သံဃသုတ်

၁၇။ အဘူတာသာဂရကျမ်း

စိုးဝါဝေ

၁၈။ ရာဇဓမ္မသင်္ဂဟကျမ်း

၁၉။ မဟာသုဇာတကကျမ်း

စသည်တို့ဖြစ်သည်။ ကျမ်းပေါင်း ၂၀ ကျော် ပြုစုခဲ့သော်လည်း အချို့သော ကျမ်းများမှာ မီးဘေး၊ ခြဘေး၊ အန္တရာယ်တို့ကြောင့် ရှာဖွေ၍ မရတော့ပေ။

ကနောင်မင်းသားကြီး အမိန့်ဖြင့် ပထမဦးဆုံး ရေးသားခဲ့သော လီတာဝတီကျမ်း (သင်္ချာကျမ်း) လက်ရေးမူကို စာပေဗိမာန် စာတည်းချုပ် ဦးကျော်ခင်၏ထံတွင် တွေ့ရှိရသည်။ ဦးကျော်ခင်သည်လည်း ထိုယောမင်းကြီး ဦးဘိုးလှိုင်၏ လက်ရေးမူကို အရာတော် မြို့နယ်၊ ဦးမင်းတောရ ရှင်သိရိကုဏ္ဍလမှ ကျေးဇူးပြု၍ လက်ဝယ်ရထားခြင်းဟု သိရသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဖန်ချက်ဝန်မင်းထင် ပညာသိဒ္ဓိကျော်နှင့် တွဲဖက်၍ အင်္ဂလိပ်-ခရော် (ကမ္ဘာစကြာ) မည်သော ကျမ်းကို (လောကဓာတ်ဆေးကျမ်းကြီး) ဟူသော အမည်ဖြင့် ၁၂၃၀-ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄-ရက်နေ့တွင် ရေးသားစီရင်ခဲ့သေးကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

ထိုလောကဓာတ်ဆေးကျမ်းကြီးကို (ဓာတုပြဿသ)ဓာတ်ကျမ်းကြီးနှင့် တွဲဖက်၍ ၂ စောင်တွဲ အနေဖြင့် ရန်ကုန်မြို့ဝံသာရက္ခ

ဝိုးဓာ၁၁

ပိဋကတ်စာပုံနှိပ်က ၁၂၉၀-ပြည့်နှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ အချို့သူတို့က လောကဓာတ်ဆေးကျမ်းကြီးနှင့် ဓာတုပြဒ်ဓာတ်ကျမ်းကြီးနှစ်ခုစလုံး ယောမင်းကြီးဦးဘိုးလှိုင် ရေးသားသည်ဟု အမှတ်မှားခဲ့သည်။ ထိုဓာတုပြဒ်ဓာတ်ကျမ်းကို ရေးသားပြုစုပြီးမှ မြန်မာ့ကြေးနန်းသုံး (လိပိဒီပိကာ)ကျမ်းကို ပြုစုခဲ့သည်။

ဦးဘိုးလှိုင်သည် မိမိဆန္ဒအလျှောက် (မဟာသုဇာတက) ကျမ်းကို ရေးသားပြုစုသည်ဟု စာပေသုတေသီတို့ သုံးသပ်ကြသည်။ ထိုကျမ်းမှာ လူတို့အသက်ရှည်၊ မရှည် ... ကောင်း၊ မကောင်း သုဘာသုဘ အဟောအပြောများကို နောင်လာနောင်သားများ သိစိမ့်စေခြင်းငှာ ရေးသားထားသော ကျမ်းဖြစ်သည်။

ယောမင်းကြီး ဦးဘိုးလှိုင်သည် ယင်းဗေဒင်ကျမ်းကို ၁၈၇၂-ခုနှစ်၊ ဇူလိုင် ၂၀-ရက်တွင် ရေးသားပြုစုပြီးခဲ့၏။ ဦးဘိုးလှိုင်က ဗေဒင်ကျမ်းများသည် သက္ကတဘာသာဖြင့်သာရှိကြသဖြင့် မြန်မာတို့ အဟောအပြောများကို မှန်ကန်အောင် ဟောပြောနိုင်မှုမရှိကြောင်း ဆိုခဲ့သည်။ သို့ဖြစ်၍ ဤမဟာသုဇာတကကျမ်းကို ပြုစုရခြင်း ဖြစ်ကြောင်း ဝန်ခံခဲ့သည်။

ယောမင်းကြီးသည် နက္ခတ်ဗေဒင်ကို ကျွမ်းကျင်သူဖြစ်၍ သူ၏ မဟာသုဇာတကကျမ်းတွင် (အာယုဒါယ)တွက်ပုံနှင့် ဗုတိရ

မည်ကို ဆိုနိုင်သော (နိယျာနိက) အပိုင်း(ကွယ်လွန်ချိန် အသက် အပိုင်းအခြား)တို့ကို တွက်ချက်ဖော်ပြထားသည်။

ထို့ကြောင့်လည်း ယောမင်းကြီး ဦးဘိုးလှိုင်သည် ယင်း ကျမ်းကို ပြုစုပြီးနောက် အခြားသောကျမ်းများ ဆက်လက်ရေးသား ပြုစုခြင်း မတွေ့ရတော့ပေ။ မိမိ၏ အယုဒ်ဿ အသက်အပိုင်းအခြား ကို တွက်ချက်၍ ကြိုသိနေသောကြောင့် ထပ်မံ၍ ကျမ်းမပြုခြင်း များ ဖြစ်သလောဟု စဉ်းစားဖွယ်ဖြစ်သည်။

❖ ❖ ❖ ❖ ❖

# ဦးဘိုးလှိုင်အချက်နှင့် မင်းတုန်းမင်းအရှက်

တစ်နေ့သော ညီလာခံသဘင်၌ မင်းတုန်းမင်းကြီးသည် အတွင်းရေးကိစ္စနှင့် ပတ်သက်၍ အတွင်းဝန်ဖြစ်သော ယောမင်းကြီး ဦးဘိုးလှိုင်နှင့် ဆွေးနွေးရာမှ အငြင်းပွားကြလေသည်။ မင်းတုန်းမင်းကြီးသည် သာသနာတော်ကို ဦးထိပ်ထား၍ စိပ်ပုတီးမြဲသော ဘုရင်တစ်ပါးဖြစ်သော်လည်း ပုထုဇဉ်သားမို့ (ကာမဘောဂီရာဂညို့) တွင် ပျော်မွေ့တော်မူလေသည်။

ခြေတော်တင်မောင်းမကိစ္စနှင့် ပတ်သက်၍ သူ့ရဲဝန်ဦးလုံးအား လက်ကတုံးတောင်ဝှေးပမာ အသုံးချတော်မူလေသည်။ ထိုအကြောင်း

ကို ဦးဘိုးလှိုင်မှာ အတွင်းသိဖြစ်သဖြင့် စောင်းပါးရိုပ်ခြေသံတော်ဦး တင်ရာမှ မင်းတုန်းမင်းကြီး အလိုမကျဘဲ မျက်နှာတော်ညိုကာ ဒေါသ ဝေခဲ့သည်။ အရှက်လည်း ရပုံရှိလေသည်။

ဦးဘိုးလှိုင်မှာ ဘုရင့်အကျိုးကို တစ်လျှောက်လုံး သယ်ပိုးလာ ရာမှ တိုင်းပြည်အကျိုး ထမ်းရွက်ရန် အချိန်တော်လေပြီဟု နှလုံး ပိုက်ထားသည့်အတိုင်း အလျှော့မပေးဘဲ အငြင်းပွားရာမှ အတိုက်အခံ ဖြစ်လာကြခြင်းဖြစ်သည်။ ဦးဘိုးလှိုင်သည် ညီလာခံတွင် ပညာရှိ သုခမိန်များပါ သိပါစေတော့ဟု ရည်ရွယ်၍ မှူးမတ်ဗိုလ်ပုံအလယ် တွင် အောက်ပါအတိုင်း သံတော်ဦးတင်လိုက်လေသည်။

"အစ်မ၊ နှမ၊ သမီးကကို၊ စ၍ဆက်နှင်း
လက်ဆောင်သွင်း၍ စိုးမင်းချစ်မြတ်
ထိုအမတ်သည်၊ အတတ်မရှိ
သတ္တိကင်းကွာ၊ ဘုန်းကြီးလာမူ
ပြည်ရွာပျက်ကြောင်းတစ်ပါးတည်း ..."

ထိုတင်လျှောက်ချက်ကြောင့် မင်းတုန်းမင်းကြီးသည် မျက်နှာ သာပေး ရွှေရေးပန်းကန်တက်လာသော ဦးဘိုးလှိုင်၏ နှုတ်ဝစီကို ကြားလေလျှင် ရာဇမာန်ပွားလျက် လက်စွဲတော်လှံတံအား ရာဇပလ္လင် နှင့် ဆောင့်လိုက်သည်။

မင်းတုန်းမင်းကြီး ။ ။ "ဒီလုံဟာ ဘယ်သူကိုင်တဲ့လှံလဲ သိုး ။ "
ဦးဘိုးလှိုင် ။ ။ "အရှင်ခမည်းတော် ရွှေဘိုမင်းတရားကြီး ကိုင်တဲ့လှံပါဘုရား"
မင်းတုန်းမင်း ။ ။ "ဒီလှံနဲ့ ဘယ်သူ့ကို စီရင်ခဲ့သလဲမောင်မင်း"
ဦးဘိုးလှိုင် ။ ။ "မှန်လှပါ ... ကျွန်တော်မျိုးကြီး ခမည်းတော် ကျေးဇူးရှင် ယင်းတောမင်းကြီးကို စီရင်ခဲ့ ကြောင်းပါဘုရား"

မင်းတုန်းမင်းကြီးက ဦးဘိုးလှိုင်အား စူးစူးဝါးဝါးကြည့်တော်မူသောအခါတွင် ရင်ဘတ်ကိုကော့ပေး၍ ...

"ထိုးတော်မူပါဘုရား ... ထိုးတော်မူပါ"

ဟု တင်လျှောက်လိုက်လေရာ၊ မင်းတုန်းမင်းကြီးသည် ခြောက်လှန့်၍ မရတော့သော ဦးဘိုးလှိုင်အား ခတ်စိမ်းစိမ်းကြည့်၍ လှံတံကိုကိုင်ဆွဲကာ အတွင်းတော်သို့ ဝင်သွားလေ၏။

ညီလာခံတွင် ကျန်ရစ်သောမှူးကြီးမတ်ကြီးတို့ ဝိုင်းဝန်း၍ ဦးဘိုးလှိုင်ကို အပြစ်တင်ကြသည်။

"မောင်ဘိုးလှိုင် ... မင်းတင်လျှောက်တာက တင်းမာလွန်းလှ သကွယ် ... နည်းနည်းပါးပါးလည်း အလျှော့ပေးဦးမှပေါ့"

ထိုအခါ ဦးဘိုးလှိုင်ပြန်ပြောသည်မှာကား ...

"ကျွန်ုပ်အဖို့ မင်းတရားကြီး၏ လုံထိုးခံရ၍ သေခြင်းက မြတ်ပေသေးသည်။ မင်းလိုလိုက် မင်းကြိုက်တင်သည့်အတွက် နိုင်ငံတော် ပျက်စီးရမည်။ မင်းကျင့်တရား ပျက်ပြားရသည်။ ကျွန်ုပ် ကြောင့် ဤကဲ့သို့ဖြစ်ရသည်ဟု ကဲ့ရဲ့သင်္ကြိုဟ်အပြစ်ဆိုကြမည်ကို ကျွန်ုပ်မခံလို"

"မကောင်းသတင်း အပုပ်နံ့ကြောင့် ပြည်သူအပေါင်း နှာခေါင်း ရှုံ့ကြလျှင် ရက်ဖွယ်ကောင်းလှသည်။ မျုးမတ်တို့မည်သည်မှာ တိုင်းပြည်၏ ဒုတိယအကြီးအမှူးများ ဖြစ်ကြသည်။ မိမိဘုရင် တည့်မတ်စွာ စိရင်နိုင်ဖို့ စီမံခန့်ခွဲလျက် တင်ခွင့်ရှိက အသက်စွန့်ကာ ရဲရဲဝံ့ဝံ့ တင်ကြရမည်။ သို့မှ မျုးမတ်နှင့် တူတော့မည်။ ကျွန်ုပ်ကား ... မင်းကပ်စိုးမြှောင်အချောင်ချီးမြှင့်ခြင်းကို မခံလို"

ဦးဘိုးလှိုင်သည် ဤကဲ့သို့ စိတ်တွင်းရှိသမျှ ပွင့်လင်းစွာပင် ပြောချလိုက်သည်။ မင်းတုန်းမင်းတရားကြီး မျက်တော်မူသဖြင့် နောက်တစ်နေ့၌ ဦးဘိုးလှိုင်အား အကျယ်ချုပ်ဖြင့် ရာထူးမှ လျှော့ချ ထားစေလေသည်။ သို့သော်လည်း ဦးဘိုးလှိုင်သည် ဂုဏ်ဖြေမပျက် ခဲ့ပေ။

မင်းတုန်းမင်းတရားကြီးအား ရဲဝံ့စွာတင်လျှောက်ခဲ့ခြင်းမှာလည်း အမှန်အားဖြင့် ဘုရင့်အတွက်သာလျှင် ဖြစ်ပေသည်။ ချီးမြှင့်ပူဇော်

ထိုက်သူကို မချီးမြှင့်မပူဇော်ဘဲ မချီးမြှင့်ထိုက်သူကို ချီးမြှင့်နေပါက အောက်ခြေလွတ်၍ လောကသံသရာ နှစ်ပြာနှစ်ဝ အကျိုးမဲ့မည့် အရေး မြော်တွေးကာ မိမိရာထူးလျှော့ကျ မကျ ပဓာနမပြုဘဲ ဤကဲ့သို့ တင်လျှောက်ခဲ့သူဖြစ်သည်။

ဦးဘိုးလှိုင်၏ တင်လျှောက်ချက်မှာလည်း မင်းတုန်းမင်းကြီး အဖို့ အနာပေါ်တုတ်ကျသည့်အလား အခံရခက်သွားဟန်တူလေ သည်။ အဘယ်ကြောင့်ဆိုသော် သရဲဝန်ဦးလုံးသည် ပညာဉာဏ် နည်းပါး၍ လက်ရုံးအားထားလျက် အမှုတော်ထမ်းရွက်နေသူ ဖြစ်သည်။ သို့သော် မင်းတုန်းမင်းတရားကြီးက ဦးလုံးအား အခွင့် အရေးပေးခြင်းတွင် အကြောင်း ၂ ချက်ရှိသည်။

ပထမအကြောင်းမှာ ... သက္ကရာဇ် ၁၂၀၃–ခုနှစ်၊ ရွှေဘို ဘုရင်နှင့် မင်းတုန်းမယ်တော် မိဖုရားတို့ ဒဂုံမြို့သို့ စုန်ဆင်းရန် ဧရာဝတီမြစ်ကမ်းတွင် အစီအစဉ်ပြုလုပ်နေကြစဉ် ... မင်းတုန်း မင်းသားမှာ ငယ်ရွယ်သူပီပီ ဖောင်တော်ပေါ်၌ ကစားနေရင်း ရေထဲသို့ ထိုးကျသွားတော့သည်။

ထိုအခါ အများသူငါ အံ့အားသင့်နေကြသော်လည်း ကာယ ဗလသသမား မောင်လုံးသည် ဂဗျောသောပါးရေထဲသို့ ခုန်ဆင်းလျက် မင်းတုန်းမင်းသားငယ်ကို ဆယ်ယူလိုက်သည်။ ထိုအခါ၌ မယ်တော်

ဝိုးဝေ

ဘုရားက **(ဒီတို့က မင်းကို မွေးရုံသာမွေးလိုက်ရသည် အခုတော့ လုံးကယ်တဲ့အသက်ပဲ ရှိပါတော့ကလား)**ဟု အမိန့်တော်ရှိပြီးနောက်၊ ထိုအချိန်မှစ၍ မောင်လုံးအား မင်းသားအုပ်ရာထူးကို ချီးမြှင့်လိုက်တော့သည်။

ဦးလုံးသည် ရွှေဘိုမင်းတရားကြီးလက်ထက်တော်မှ ပုဂံဘုရင်လက်ထက်တော်အထိ သရဲဝန်ရာထူးပေးသနားခြင်း ခံခဲ့ရသည်။ ယခု မင်းတုန်းမင်းကြီးလက်ထက်တော်၌လည်း သရဲဝန်ရာထူးကိုပင် ချီးမြှင့်ထားရှိသည်။

ဒုတိယအကြောင်းမှာ ... သရဲဝန်ဦးလုံးတွင် သမီးနှစ်ယောက်ရှိ၍ သမီးအကြီးမှာ အသက် ၁၄ နှစ်အရွယ် ရောက်ရှိကာ သမီးအငယ်မှာ ၁၂ နှစ်အရွယ် ရှိပြီဖြစ်သည်။ ရွှေရင်သိမ်းသစ်၊ ချစ်ချင်စဖွယ် သမီးငယ်ကလေးများနှင့် ဦးလုံးသည် မင်းတုန်းမင်းကြီးရွှေ့တော်တွင် လွှမ်းစွာအရေးပါအရာရောက်လျက် ရှိလေသည်။ ဦးလုံးသည် အရွယ်မ‌ေ ရောက်တရောက် သမီးအကြီးကို မင်းတုန်းမင်းတရားကြီး ခြေတော်တင်ရန် တိုးလျှိုဝပ်တွားလျက် တီးတိုးသံတော်ဦးတင်လေ၏။

မင်းတုန်းမင်းကြီးက အရွယ်ကိုစစ်မေးလျက် တော်မတော်၊ သင့်မသင့် ... ချင့်ချိန်မှုသည့်တိုင်အောင် ဦးလုံးက ဖွတ်အတင်း

အဓမ္မဆက်သခြင်း ပြုလေသည်။ ဦးဘိုးလှိုင်က ထိုအကြောင်းကို အကြောင်းစုံသိထားလေရာ ထိုအကြောင်းကို ရည်ရွယ်လျက် မင်းတုန်းမင်းတရားကြီး နောင်တစ်ဖန် မှားတော်မမူရန် အသက်စွန့်၍ ရဲဝံ့စွာလျှောက်တင်လိုက်ခြင်းဖြစ်သည်။

သူ့ရဲ့ဝန်ဦးလုံး မျက်နှာပွင့်ခြင်းအကြောင်းမှာ ထိုအချက်ကြောင့်ပင်ဖြစ်သည်။ ဤသို့ မင်းတုန်းမင်းတရားကြီးသည် သူ့ရဲဝန်ကြီးဦးလုံးအား အများနှင့်မတူအောင် အခွင့်အရေး ပေးလွန်းတော်မူလေရာ ဦးလုံးကလည်း မည်သူ့ထံမှ သစ္စာမခံဘဲ မင်းတရားကြီးအပေါ် ကျိုးနွံစောင့်သိခဲ့သည်။

သက္ကရာဇ် ၁၂၂၈–ခုနှစ်တွင် မြင်ကွန်းမြင်းခုံတွင် ညီအစ်ကိုတို့ အရေးတော်ပုံမပေါ်ပေါက်မီ မြင်ကွန်းမင်းသားကိုယ်တိုင် သူ့ရဲ့ဝန်ဦးလုံးအား မိမိထံ သစ္စာခံရန် ပြောဖူးခဲ့သည်။ ထိုအခါ ဦးလုံးက

"ကျွန်ုပ်ကား မင်းတရားကြီး၏ ကျွန်ုပ်ဖြစ်သည်၊ အရှင်မင်းသားငံ သစ္စာတော်မခံနိုင်"ဟု ပြောင်ပြောင်တင်းတင်း ငြင်းခဲ့သူဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ကျေးကျွန်ပီပီ ကနောင်မင်းသားလုပ်ကြံခံရမှုတွင် မြင်ကွန်းမင်းသား၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရရှာလေသည်။

❖ ❖ ❖ ❖ ❖

# ကင်းဝန်မင်းကြီး၏
# စာချုပ်အရေးတော်ပုံ

ယောအတွင်းဝန်ဦးဘိုးလှိုင်အား မင်းတုန်းမင်းကြီး အမျက်တော်ရှသဖြင့် အရာတော်မှ ချထားကာ အကျယ်ချုပ်ဖြင့် အမရပူရသို့ ပို့ထားစဉ်ကဖြစ်သည်။ သက္ကရာဇ် ၁၂၃၆–ခုနှစ်၌ မင်းတုန်းမင်းကြီးသည် ကင်းဝန်မင်းကြီး ဦးကောင်းအား သံအမတ်ခန့်အပ်၍ ဦးချိန်ကို စာရေးတော်ကြီးအဖြစ်ထားကာ ဗြိတိန်နှင့် ဥရောပသို့ စေလွှတ်တော်မူလေ၏။

အင်္ဂလန်သို့ရောက်လျှင် ဧကရီဘုရင်မကြီးထံ ဝင်ရောက်၍ သံတမန်အရ နှစ်နိုင်ငံချစ်ကြည်ရေးဆောင်ရွက်ရန်နှင့် ကူးသန်း

ရောင်းဝယ်ရေးစာချုပ်များ လိုအပ်ပါက ချုပ်ဆိုကြရန်ဖြစ်သည်။ ထိုစဉ်က အင်္ဂလိပ်နှင့် ပြင်သစ်တို့မှာ အပြိုင်အဆိုင် နယ်ချဲ့ထွင်နေပြီး နိုင်ငံရေးမီးတငွေ့ငွေ့ တောက်လောင်နေချိန်လည်းဖြစ်သည်။ ထို့ကြောင့် မြန်မာတို့မှာ အင်္ဂလိပ်နှင့် မိတ်ဖြစ်ဘိသကဲ့သို့ ပြင်သစ်တို့နှင့်လည်း မိတ်ဖြစ်ရန်လိုပေသည်။

ဤအတွက်ကြောင့် ကင်းဝန်မင်းကြီးဦးဆောင်သော သံအဖွဲ့အား ပြင်သစ်နိုင်ငံသို့ပါ သွားရောက်စေလိုခြင်းဖြစ်သည်။ ဤအခါတွင် ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံနှင့် စာချုပ်တစ်ခုကိုပါ ချုပ်ဆို၍ ပြန်လာခဲ့လေ၏။ ထိုစာချုပ်မှာ ပတ္တမြားနယ်ကို ဓာတ်သတ္တုတူးဖော်ရန် အလို့ငှာ ပြင်သစ်တို့အာ အခွင့်အရေးပေးသော စာချုပ်ဖြစ်သည်။ ဤစာချုပ်ကို မင်းတုန်းမင်းကြီးက သဘောမတူဖြစ်လေ၏။ ထို့ကြောင့် စာချုပ်ပါအချက်အလက်တို့ကို ဘုရင်မင်းမြတ်က အတည်ပြုရန်အတွက် ပြင်သစ်သံတို့ မန္တလေးသို့ ရောက်သောအခါ မင်းတုန်းမင်းတရားကြီးသည် စာချုပ်ကို အတည်မပြုစေရန် အကြောင်းရှာလေသည်။

မင်းတုန်းမင်းတရားကြီးအဖို့ မိမိထံပါး၌ တိုင်ပင်ရန် ရွှေပြည်ဝန်ကြီး၊ ယောအတွင်းဝန်ဦးဘိုးလှိုင်မရှိသည်နှင့် မိဖုရားများကို ခေါ်တော်မူကာ ... စိတ်ပျက်သံကြီးဖြင့်

"မမတို့ ... မမတို့၊ ဈေးရောင်း ... ယက်ကန်းရက် အလုပ်နှင့် အသက်မွေးဖို့ ကြံကြပေတော့ ... ငါတို့ကျောက် တွင်းကို မဆင်မခြင် ကင်းဝန်သည် သဘောအတိုင်းရောင်းခဲ့ သောကြောင့် ယခုစာချုပ်ရတော့မည်။ မရောင်းနိုင်လျှင် စစ်ဖြစ် ရန်သာ ရှိတော့သည်"

ဤသို့ ညည်းတွားတော်မူလေ၏။

ထိုအခါ မိဖုရားခေါင်ကြီးက "ရောင်းသူက ရောင်းခဲ့စေကာမူ ဖျက်သူကဖျက်ရမည်ဖြစ်၍ သားတော်ဘိုးလှိုင်ကို ခေါ်ပါလား"ဟု အကြံပေးလေ၏။ မိဖုရားကြီး အကြံပေးချက်အရ အမရပူရ၌ အကျယ်ချုပ်ဖြင့် နေရသော ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်အား ပြန်ခေါ်၍ မူရင်းရာထူးကို ပြန်ပေးသည့်အပြင် ဝတ်မစွပ်မြို့ကိုပင် အပိုင်စားပေးခဲ့သည်။

ရွှေပြည်ဝန်ဦးဘိုးလှိုင် နန်းတော်သို့ လိုက်လာပြီးလျှင် အတွင်း တော်သို့ ဝင်ရောက်ခစားလေ၏။ ဤအခါ၌ မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီ မိဖုရားကြီးတို့မှာ ဇေတဝန်ဆောင်၌ စံမြန်းနေတော် မူလျက်ရှိသည်။ မိဖုရားခေါင်ကြီးကပင် တိုင်းပြည်နှင့်ဆိုင်သော အရေးကြီးနေသည့် စာချုပ်အကြောင်းကို ပြောပြလျက်

"မောင်ရင်လှိုင် ကြံရေးသာရှိပေတော့သည်။ နက်ဖြန်နံနက်

ပြင်သစ်အဝယ်တော်သံများနှင့် စကားဆိုရလိမ့်မည်"

ဟု မိန့်တော်မူလေ၏။

ထိုအခါ ဦးဘိုးလှိုင်က "စိုးရိမ်စရာ မရှိကြောင်းပါဘုရား၊ နက်ဖြန်သံများဖြင့် အဆောင်၌ပင် စကားပြောဆိုရပါမည့်အကြောင်း ထိုအခါတွင် နန်းစဉ်ရတနာငမောက်ကျောက်ကြီးကိုလည်း ခေတ္တ သနားတော်မူပါ"

ဟူ၍ သံတော်ဦးတင်လေရာ "မောင်မင်းသဘောရှိရာ ဆောင်ရွက်လေ"ဟု အလုံးစုံလွှဲအပ်တော်မူလေ၏။ နောက်တစ်နေ့နံနက်တွင် ပြင်သစ်နိုင်ငံမှ အဝယ်တော်တို့ အဆောင်တော်၌ ရောက်ရှိပြီး အတန်ကြာမှ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်သည် အဆောင်တော်သို့ ဝင်တော့သည်။

ထိုအခါ ရွှေပြည်ဝန်ကြီးက ပြောပြသည်မှာ ...

"နိုင်ငံကို အုပ်စိုးသော မင်းချင်းဖြစ်ကြပေသည်။ ကျောက်တွင်းကို စာချုပ်ကတိရှိသည့်အတိုင်း ရောင်းရပေတော့မည်။ သို့သော် ကျောက်တွင်းကို အဖိုးဖြတ်ရန်မလိုသေး။ ဤကျောက်ကြီး တစ်လုံးကိုသာလျှင် ဦးဆုံးတန်ဖိုးဖြတ်ကြည့်ကြပါဦး"

ဟု ပြောပြီးသော် နန်းစဉ်ငမောက်ကျောက်ကြီးကို ထုတ်၍ ပြလေ၏။ အဝယ်တော်ပြင်သစ်သံများက တစ်ယောက်ပြီးတစ်ယောက်

ပြောင်းကြည့်ရှုကြပြီးသော် တညီတညွတ်တည်း ...

"ဤကျောက်ကြီးကို ကျွန်ုပ်တို့အဖိုးမဖြတ်နိုင်ပါ"

ဟု ပြောဆိုကြလေ၏။

ထိုအခါ ရွှေပြည်ဝန်ဦးဘိုးလှိုင်ကပင် ...

"သည်ကျောက်တစ်လုံးကိုမျှ အဖိုးမဖြတ်နိုင်ပါလျှင် သင်တို့ ကျောက်တစ်တွင်းလုံးကို မည်သို့အဖိုးဖြတ်နိုင်မည်နည်း။ ဤကျောက်မျိုးသည် ကျောက်တွင်းက မည်မျှလောက်ထွက်နိုင်မည်ကို မည်သူ သိနိုင်အံ့နည်း။ ဤကျောက်တစ်လုံးကိုမှ အဖိုးမဖြတ်နိုင်ဘဲနှင့် အဝယ တော်ကိုယ်စားလှယ် ပြုလုပ်လာသည်မှာ အံ့ဩဖွယ်ကောင်းသည် ပေးစမ်းစာချုပ် ..."

ဟူ၍ စာချုပ်ကို ပြန်လည်တောင်းယူလိုက်လေ၏။

ယင်းနောက် နန်းဆောင်မှဆင်းသွားလေတော့သည်။

**မှတ်ချက်**

ဤစာချုပ်ပါမှတ်တမ်းတို့တွင် အချို့သောသမိုင်းစာအုပ်တို့၌ အင်္ဂလိပ်တို့နှင့် စာချုပ်သည်ဟု ဖော်ပြထားပြီး အချို့ သမိုင်းစာအုပ်တို့တွင် ပြင်သစ်တို့နှင့် စာချုပ်ကြောင်း ဖော်ပြထားသည်။ သမိုင်းဝင်အထက် မြန်မာပြည်ဝေဇက်တီး ယားတို့တွင် ဖော်ပြထားမှုမှာ အောက်ပါအတိုင်းသာဖြစ်ကြောင်း

ပူးတွဲတင်ပြပေးလိုက်ပါသည်။

မြန်မာသံအဖွဲ့သည် မန္တလေးသို့ ပြန်ရောက်လာရာ၊ ကင်းဝန်မင်းကြီးသည် ၎င်း၏ဆောင်ရွက်ချက်တို့ကို မင်းတုန်းမင်းတရားကြီးအား နားတော်လျှောက်တင်လေ၏။

ဘုရင်မင်းမြတ်သည် ပြင်သစ်တို့အား ကျောက်မျက်ရတနာတို့ကို တူးဖော်လုပ်ကိုင်ခွင့်ပေးသည့် စာချုပ်ပါအချက်တို့ကို သဘောကျတော်မမူလေ။ ဤသို့ အခွင့်အရေးပေးရန် သံအမတ်ကြီး၌ အာဏာမရှိဟု မိန့်တော်မူလေ၏။ ထို့နောက် ဘုရင်မင်းမြတ်သည် ရှေ့တော်၌ ခစားနေကြသော မှူးကြီးမတ်ရာ သေနာပတိတို့အား ဘုရင်ရတနာဖြစ်သော နန်းစဉ်ပတ္တမြား ငမောက်ကျောက်ကို လက်တွင်တင်ပြ၍ တန်ဖိုးကိုဖြတ်ကြစေသည်။

မှူးမတ်တို့သည် ဦးခိုက်လျက် ကမ္ဘာပေါ်ရှိ ဤကဲ့သို့သော ရတနာမျိုးတွေ့နိုင်ခဲ့ပါသည်ဘုရားဟု တင်လျှောက်ကြလေ၏။ ထိုအခါ ဘုရင်မင်းမြတ်သည် "ငမောက်ကျောက်"ကို ဝှဲပြ၍ (ဤကျောက်ကိုမျှ တန်ဖိုးမဖြတ်နိုင်ခဲ့ပါလျှင် ငါတို့၏ ပတ္တမြားတွင်း၌ ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ရတနာများ မည်မျှရှိမည်ကို မည်သူပြော နိုင်မှာလဲ ငါ၏နိုင်ငံတော်တွင်း၌ထွက်သော ပတ္တမြားမျိုးသည် မည်သည့်နိုင်ငံမှာမှမထွက်။ ယင်းသို့ဖြစ်လျှင် ငါတို့၏ ပတ္တမြားတွင်း

ကို နိုင်ငံခြားသားများအား လုပ်ကိုင်ခွင့်ပေးရန် သင့်ပါပြီးမည်လော) ဟု မိန့်တော်မူလေသည်။

ထို့ကြောင့် စာချုပ်အတည်မဖြစ်ချေ။

နောင်သောအခါ ပြင်သစ်နှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို မင်းတရားကြီး၏ အလိုအရ ပြင်ဆင်စေရန် ပြင်သစ်သို့ မြန်မာ သံအဖွဲ့တစ်ဖွဲ့ ထပ်မံသွားရောက်၍ အရေးဆိုကြသည်။

ထိုအရေးလည်း ပျက်ပြယ်သွားလေ၏။

မည်သို့ပင်ဆိုစေကာမူ ကင်းဝန်မင်းကြီး ဦးကောင်း၏ စာချုပ် ပြဿနာအား ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ဖော်ပြပါအတိုင်း ဉာဏ်ရည်ထက်သန်စွာ သခေ်ပညာဏ်တို့ဖြင့် ဆုံးဖြတ်ပယ်ဖျက် နိုင်စွမ်းမှာ ချီးကျူးဖွယ်ရာပင် ဖြစ်ပေသည်။

❖ ❖ ❖ ❖ ❖

မိုးစာပေ

# မင်းတုန်းမင်း ဖဲချပ်များနှင့် ယောမင်းကြီးအယူအဆ

နယ်ချဲ့အင်္ဂလိပ်တို့မှာ မြန်မာ့ပိုင်နက်အား နည်းအမျိုးမျိုးဖြင့် ရယူလိုသဖြင့် အကြောင်းအမျိုးမျိုး ရှာကြလေ၏။ မည်သို့မည်ပုံ သိမ်းပိုက်ရမည်ကို နည်းပရိယာယ်များစွာဖြင့် ကြံစည်နေကြသည်။ မင်းတုန်းမင်းကြီးမှာ ဘုန်းသမ္ဘာရှင်လည်းဖြစ်၊ ပညာရှိ မှူးမတ်ကောင်းများလည်း ရှိချိန်ဖြစ်သောကြောင့် သူ့ကျွန်ဘဝ မရောက်ခဲ့ရခြင်းဟု ဆိုနိုင်ပေသည်။

ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာလူမျိုးများနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့၏ အကျင့်စာရိတ္တ ပျက်ပြားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကြံဆောင်ခဲ့ကြပြန်သေးသည်။

တစ်ခါသော် အင်္ဂလိပ်အဝယ်တော်များက (ကိုးမီးကစားရန်) ဖဲထုပ်များ နန်းတွင်းသို့ တမင်သယ်ဆောင်လာပြီးသော် လက်ဆောင် ပေးသွားခဲ့လေသည်။ အင်္ဂလိပ်များသည် ဖဲကစားနည်းကိုပါ ဦးစွာ ပထမ သံတော်ဦးတင်လျှောက်ထား၍ သင်ပြပေးသွားခဲ့ကြသည်။ ထို့ကြောင့် ဖဲကစားနည်းအတတ်ပညာကို အစပျိုးသောသမိုင်းမှာ မြန်မာနိုင်ငံ၌ နန်းတွင်းမှ စသည်ဟု ပြော၍ ရစကောင်းပေသည်။

ဖဲကစားနည်းတွင် တစ်ကိုနှစ်ကနိုင်၍ အစဉ်အတိုင်း ဂဏန်း ကြီးရာက နိုင်ပေသည်။ သို့သော်လည်း ၉ ဂဏန်းကိုမူ ၁၀ ဂဏန်းက မနိုင်ချေ။ ၁၀ မှာ အရှုံးကြီးရှုံး၍ (ဘူ)ဟု ခေါ်ကြောင်း မင်းတရားကြီးအား လျှောက်ထားသင်ပြပေးသွားသည်။

ထို့ပြင် ထို ၉ ဂဏန်းကို (ကုလား ၃ ကောင်)ကနိုင်၍ ယင်းကုလား ၃ ကောင်အား (တစ်သုံးလုံး)က နိုင်ပါကြောင်း သံတော်ဦး တင်သွားကြလေ၏။ မင်းတုန်းမင်းတရားကြီးလည်း တနင့်ပင် ရေးမှတ်သားစေခဲ့ပြီး စိတ်ထဲတွင် စနောင့်စနင်း ဖြစ်ရှာ နေခဲ့သည်။

ကြီးသော ဂဏန်း ၉ ကို ကုလား ၃ ကောင်က နိုင်သည် ဆိုသောအရာကို သဘောမတွေ့ဘဲ စိတ်မချမ်းမြေ့ပင် ဖြစ်ခဲ့သည်။ ထို့ကြောင့် ဦးဘိုးလှိုင်ကို အမြန်ခေါ်၍ မေးမြန်းတော်မူရပြန်လေ၏။

မင်းတုန်းမင်း ။ ။ "မောင်မင်း ဒီ ၉ မီး ဖဲကစားနည်းကို လေ့လာစမ်းပါ။ ၉ ကို ကုလားကနိုင်တယ်ဆိုတာ ငါ စိတ်မချမ်းသာဘူး။ မောင်မင်းတွေးကြည့်စမ်း"

ဦးဘိုးလှိုင် ။ ။ "သည်ဟာဖြင့် ကုလားကို ဘယ်ဟာက နိုင်သလဲ ဆိုတာ အရှင်မင်းကြီး မေးတော်မမူလိုက်ဘူးလား ဘုရား"

မင်းတုန်းမင်း ။ ။ "ကုလားကိုတော့ တစ်သုံးလုံးက နိုင်တယ်လို့ သံတော်ဦးတင်သွားတယ်မောင်မင်း၊ ငါမှတ်သားထားတယ်"

ထိုအခါ ဦးဘိုးလှိုင်သည် တောက်ပသောမျက်လုံးအစုံ၊ ရွှင်ပြုံးသော မျက်နှာဖြင့် မင်းတုန်းမင်းတရားကြီးအားကြည့်၍ လျှောက်တော်မူသည်မှာ ...

"သည်လိုဆို စိုးရိမ်တော်မမူပါနဲ့ဘုရား ... အဲဒီတစ်သုံးလုံး ပေါင်းလိုက်ရင် ၃ ဂဏန်းရပါသည်။ (သုံး) ဆိုသည်မှာ အင်္ဂလိပ်နံပါ။ အရှင်မင်းကြီးဟာ အင်္ဂါသားဖြစ်သည့်အတွက် ကုလားကို မချနိုင်ပါတယ်ဘုရား"

ဤသို့ ယောမင်းကြီးဦးဘိုးလှိုင် လျှောက်တင်လေမှ မင်းတုန်းမင်းကြီး မျက်နှာမှာ ရွှင်ကြည်လျက် နေသားတကျ ပြန်ဖြစ်လေ၏။

ဦးဘိုးလှိုင်ကိုလည်း ဆုလာဘ်များစွာ ပေးသနားတော်မူလေ၏။ သို့ရာတွင် အင်္ဂလိပ်များ လက်ဆောင်ပေးသွားခဲ့သော ဖဲထုပ်မှာ နန်းတော်အတွင်းဝယ် လွန်စွာကြိုက်ပျော်မွေ့နေပေတော့သည်။

သားတော် သမီးတော်များသည် ၉ မိး ဖဲကိုသာ ကစားနေကြသဖြင့် တမ်းတမ်းစွဲဖြစ်လျက် အချိန်မီညီလာခံသို့ မဝင်လာနိုင်ဘဲ ရှိကြကုန်လေ၏။ ထိုအရေးကြောင့် မင်းတုန်းမင်းတရားကြီး စိတ်နှလုံး မသာမယာဖြစ်လေသဖြင့် ဦးဘိုးလှိုင်အား ခေါ်ယူဆွေးနွေးရာ ဦးဘိုးလှိုင်က "ဖဲကစားဥပဒေ" ထုတ်ပြန်၍ တားမြစ်ပိတ်ပင်တော်မူပါရန် အကြံပေး သံတော်ဦးတင်လျှောက်ခဲ့သည်။

ထိုမှစ၍ အစသည်လည်း နန်းတွင်းမှ စတင်ခဲ့ပြီးလျှင် ဖဲ (လောင်းကစား) ဥပဒေမှာလည်း နန်းတွင်းမှပင် ဦးစွာထုတ်ဆင့် တားမြစ် ရပေတော့သည်။ ယောမင်းကြီးဦးဘိုးလှိုင်နှင့် ပတ်သက်၍ ဘုံကျော်ဆရာတော်ဘုရားကြီးသည် အမြဲတမ်းနိမိတ်ကောက်ယူ၍ မိန့်တော်မူလေ့ရှိသည်။

(ယောယိမ်းလိုက်၊ ဘသားယိမ်းလိုက်) ဟူသော သံချပ်ထိုးသံများ ကလေးလူကြီး ပါးစပ်ဖျား၌ ဆိုကြသည်ကို ကြားရလျှင် ဆရာတော်ကြီးက ...

"ဘိုးလှိုင် ရာထူးက ပြုတ်ပြန်ပြီထင်တယ်"

ဟု မိန့်တော်မူရာ၊ အကယ်ပင် ဦးဘိုးလှိုင်မှာ မင်းတရားကြီး အမျက်ရှသဖြင့် အရာကျ ရာထူးချခံထားရသည်သာဖြစ်သည်။ ထို့အတူ … (ယော … ယောနိပ်ပါပေ့၊ ဘသားနိပ်ပါပေ့) ဟူသော သံချပ်သံများ ကြားရပြန်လေလျှင် ဆရာတော်ဘုရားကြီး က …

"ဟဲ့ … ဘိုးလှိုင်တစ်ယောက် ရာထူးပြန်ရပြီထင်တယ်"

ဟု မိန့်တော်မူသည့်အတိုင်း ဦးဘိုးလှိုင် ရာထူးပြန်ရသည်ကို တွေ့ရသည်။

ဦးဘိုးလှိုင်ကား … ပညာရဲရင့်သဖြင့် ပွဲလည်တင့်သူပင် ဖြစ်ပေတော့သည်။

❖ ❖ ❖ ❖ ❖

# သမျှစ်ရည် မုံးယစ်ခြင်းနှင့် နန်းတွင်းပြဿနာ

သက္ကရာဇ် ၁၂၃၃–ခုနှစ်မှာ ပဥ္စမသင်္ဂါယနာတင်မည့်နှစ် ဖြစ်သောကြောင့် မင်းတုန်းမင်းကြီးနှင့်တကွ နန်းတွင်း၌ အမှုထမ်း အားလုံး သာသနာရေးကိစ္စတို့ဖြင့် အလုပ်များလျက်ရှိကြသည်။ ထိုနှစ် တန်ဆောင်မုန်းလ၌ မင်းတုန်းမင်းကြီးသည် ယောအတွင်းဝန် ဦးဘိုးလှိုင်အား စလင်းမြို့သို့ စေလွှတ်တော်မူပြီး၊ ပုဂံပြည်ရှိ ကျောက်စွာမင်း တည်ထားခဲ့သည့် ဘုရားတစ်ဆူကို ပြင်ဆင်ရန် ဖြစ်သည်။ သို့သော် ဦးဘိုးလှိုင် စလင်းသို့ပင် မရောက်ဘဲ မြင်းခြံ၌ပင် မင်းတုန်းမင်းကြီး အမျက်တော်ရှသဖြင့် ပြည်တော်ပြန်ခဲ့ရကာ အချုပ်ကျခဲ့ ပြန်လေသည်။

ထိုပြဿနာကို အစပျိုးသူမှာ တောင်ထားဝယ်မိုလ်(အောပ်မြင့်)ပင်ဖြစ်သည်။ ထိုအကြောင်းကို မော်ဘီဆရာသိန်းကြီး၏ ပါးစပ်ရာဇဝင်၌ ဤသို့ဖော်ပြထားကြောင်း တွေ့နိုင်သည်။

"ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်သည် မြင်းခုံမြို့သို့ ရောက်သောအခါ ပညာသည်အချင်းချင်း စကားစပ်လျှဉ်းမိသည်နှင့် ဆွေးနွေးကြရာ **(သဗျစ်ရည်သည် ဆေးခါးကြီးရည်နှင့်တူကြောင်း၊ ဆေးအဖြစ် အနည်းငယ်သောက်သော် အပြစ်မရှိကြောင်း … သို့သော် များစွာသောက်သုံးပါက မူးယစ်စေသောကြောင့် အပြစ်မကင်းကြောင်း)**စသည်ဖြင့် ပြောကြားသည်။

ထိုစကားမှာ အထောက်တော်တောင်ထားဝယ်မိုလ်၏နားသို့ ပေါက်ကြားသွားလေ၏။ ထိုအခါ စကားအချိတ်အဆက် အနက်အဓိပ္ပါယ်တို့ကို ဘာမျှသိဟန်မတူသော တောင်ထားဝယ်မိုလ်သည် နေပြည်တော်ရှိ မင်းတုန်းမင်းတရားကြီးအား အကြောင်းစုံ တင်လျှောက်လေတော့သည်။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီးက ဦးဘိုးလှိုင်အား ချက်ချင်းနေပြည်တော်သို့ ဆင့်ခေါ်၍ စစ်မေးလေသည်။

ဦးဘိုးလှိုင်လည်း မကွယ်မဝှက်၊ ဟုတ်တိုင်းမှန်ရာကို အစစ်မေးခံလေသည်။

"မှန်လှပါဘုရား၊ သဇျစ်ရည်သည်၊ အနောက်နိုင်ငံဆေးကျမ်း အလိုအားဖြင့် ဆေးခါးကြီးရည် ဖြစ်ပါသည်။ အသင့်အတင့် သောက် သုံးပါက လေကို နိုင်ပါသည်။ ရင်ချောင်ပါသည်။ စားသောက်၍ မြိန်ယှက်ပါသည်။ လွန်စွာသောက်လျှင် မူးစေတတ်ပါသည်"

ဟူ၍ တင်လျှောက်လေ၏။ ထိုအခါ မင်းတုန်းမင်းတရား ကြီးက ...

"ဘိုးလှိုင်၊ မောင်မင်းသည်ပညာရှိဖြစ်သောကြောင့် ပြောဖွယ် မရှိ၊ သို့သော် ... နိုင်ငံတွင်းရှိ ကျွန်တော်မျိုးတို့သည် မောင်မင်းလို ပညာရှိမဟုတ်။ ရွှေပြည်ဝန်ကြီးက အရက် ဇျစ်ရည်(ဝိုင်) သောက် လျှင် အပြစ်မရှိဘူးတဲ့ဟေ့ဟု ၄င်းတို့လိုရာ အဓိပ္ပါယ်ကောက်ပါက တစ်နိုင်ငံလုံးသောက်စား၍ အပါယ်သို့သွားရာလမ်းကို ဖောက်ပေး သည်နှင့် မတူပေဘူးလား"

ဟု အမိန့်ရှိပြီးသော် ရွှေပြည်ဝန်ကြီး ယောအတွင်းဝန် ဦးဘိုးလှိုင်အား အရာမှနုတ်၍ အမရပူရတွင် အကျယ်ချုပ်နှင့် ထားစေပြန်လေ၏။

မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းတွင် ဤအရေးကို(အတွင်းဝန် ယောမြို့စားအရာမှ ကျသည်မှာလည်း ထောက်လှမ်းသူ၏ စကား အရပေါက်ကျရခြင်းဖြစ်သည်။ ဦးဘိုးလှိုင်သည် ကိုယ်တိုင်အရက်သောက်

သည့်အပြင်၊ မူးယစ်အောင် များစွာမသောက်လျှင် အပြစ်မရှိဟု အခြားသူများလည်း ပြောကြားသည့်အတွက်ဖြစ်သည်)ဟု ဖော်ပြပြီး ရှင်ဘုရင်က စစ်ဆေးသည့်အခါတွင်လည်း အောက်ပါအတိုင်း တင်လျှောက်လေသည်။

"ဘုရားဟောရင်း ပါဠိတော်မှာ (ဘာဝိတံဝါဗဟုလီကတံဝါ) ပါသည်ကိုထောက်၍ ပွားများစွာ၊ အကြိမ်များစွာသောက်၍ မူးယစ်မှသာ အပြစ်ရှိကြောင်း၊ သုရာမေရယမှာ ကမ္မပထမပါ၊ သုရာမေရယမှုကို ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အတွင်း ထည့်သွင်းကောက်ယူရကြောင်း၊ ဆေးနှင့်ရော၍သောက်လျှင် ဆေးအဖြစ်မျှတရုံသောက်လျှင် အပြစ်မရှိကြောင်း" တင်လျှောက်သည်။

ဤပြဿနာအရေးကြောင့် မင်းတုန်းမင်းကြီး စိတ်ခုတော်မူ၍ ၆ လ ကြာမျှ အရာမှ ချထားတော်မူခဲ့သည်။ အထက်မြန်မာပြည်ဂေဇက်တီးယားတွင် သမိုင်းတင် မှတ်တမ်းရေးခဲ့သည်မှာ ဤသို့ဖြစ်သည်။

> **"ယောအတွင်းဝန် မန္တလေးမှ ထွက်ပြီဆိုသည်နှင့် ရန်သူတို့သည် မင်းတုန်းမင်းကြီးအား ကုန်းချောစကားဆိုကြတုန်လေ၏။ ယောအတွင်းဝန်သည် အရက်သောက်လျှင် အပြစ်မရှိဟု ပြောလေ့ရှိကြောင်း၊ ၎င်းကိုယ်တိုင်**

လည်း အရက်သောက်ကြောင်း၊ မူးယစ်လာသောအခါ တွင်လည်း ဘုရင်မင်းမြတ်အား ဆန့်ကျင်သောစကား တို့ကို ပြောကြားကြောင်း။

စသည်ဖြင့် ဆိုကြသည်။ မင်းတုန်းမင်းကြီး လွှတ်စွာ အချက်ထွက်သည်နှင့် အမြောက်ဝန်မဟာမင်းခေါင် နော်ရထာကို စေလွှတ်၍ ယောအတွင်းဝန်ကို ဖမ်းဆီး စေသည်။ ဖမ်းဆီးရာအရပ်မှာ မြင်းခြံမြို့ဖြစ်၍ ၄င်းမြို့မှ မန္တလေးသို့ အချုပ်နှင့်ခေါ်ဆောင်လာရသည်။ မင်းတရား ကြီးသည် မှူခင်းကို မည်သို့မျှ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ယောအတွင်းဝန်အား ရာထူးမှ ချထားပြီးလျှင် အမရ ပူရတွင် အတန်ကြာသည်အထိ အကျယ်နှင့် ထားရှိသည်။

နောင်သောအခါ မင်းကြီးသည် စွပ်စွဲချက်ကို မမှန် ကြောင်း ကြားသိလေသော် နောင်တရပြီးလျှင် ယောမင်းကြီး ဦးဘိုးလှိုင်အား မူလနေရာတွင် ရွှေပြည်ဝန်အဖြစ်ဖြင့် ပြန်လည်ထားရှိခဲ့သည်။

သေရည်အရက်သောက်စားခြင်းနှင့် ပတ်သက်၍ "မူးအောင် မသောက်လျှင် အပြစ်မရှိ"ဆိုသည့်စကား အယူအဆကို ယော မင်းကြီး ဦးဘိုးလှိုင်ထက် ပြင်းထန်စွာ လက်ခံသော ပုဂ္ဂိုလ်များမှာ

စံကျောင်းဆရာတော်နှင့် ဆူးခါးဆရာတော် ဦးတေနောင်တို့ပင် ဖြစ်သည်။ ထိုဆရာတော်များမှာ သောက်စားမှုးယစ်၍ အိပ်နေလျှင် (ကမ္ဘပထမြောက်)ဟု အယူရှိကြသည်။

တစ်ခါသော် ... ကင်းဝန်မင်းကြီး ဦးကောင်းသည် မိမိ အိမ်တော်သို့ သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးလေသည်။ ကင်းဝန်မင်းကြီး အိမ်တော်သို့ ဆွမ်းစားရန် ဆူးခါးဆရာတော် ဦးတေနောင်တို့အဖွဲ့ပါ ပါလာလေသည်။ ထိုအခါ ကင်းဝန်မင်းကြီးက ကြိုတင်၍ ဆရာတော်များအား လျှောက်ထားသည်မှာ ...

"ယနေ့ ဆရာတော်ဘုရားများ တပည့်တော်၏ ဆွမ်းစား၌ (သုရာပါန)မှလွဲ၍ ဓမ္မခန္ဓာပေါင်း (၈၄၀၀၀)ကို ကြိုက်ရာဆွေးနွေး နိုင်ပါသည်ဘုရား။ သုရာပါန ဓမ္မခန္ဓာကို တပည့်တော်အိမ်ပေါ်တွင် မဆွေးနွေးစေချင်ကြောင်းပါဘုရား"

ကင်းဝန်မင်းကြီး ဦးကောင်းသည် အရက်သေစာ သောက်စားခြင်းကို လွန်စွာစက်ဆုပ်မုန်းတီးသော မင်းကြီးတစ်ဦးဖြစ်ပေသည်။ စံကျောင်းဆရာတော်နှင့် သင်္ဂဇာဆရာတော်ကြီးတို့နှစ်ဦး အရက်သေရည် သောက်စားခြင်း အကျိုးအပြစ် အယူအဆမှာလည်း တစ်ပါးနှင့်တစ်ပါး မတူညီကြပေ။

စစ်ကိုင်းခရိုင် စာရေးရွာဇာတိဖြစ်သော စာပေဝါသနာပါသူ

ဦးတင်သည် ရုံဖန်ရုံ၌ နေပြည်တော်သို့ ကူးလာကာ မန္တလေးမြို့ မြောက်ပြင်တွင် နေတော်မူသည့် စံကျောင်းဆရာတော်ထံသို့ စာပေပရိယတ္တိများ ဆွေးနွေးခြင်းပြုလေ၏။ ဦးတင်မှာ ထန်းရေ၊ အရက် သောက်ခြင်း၌ ဝါသနာထုံသူလည်းဖြစ်သည်။

"မောင်တင်ရေ ... ထန်းရေအရက်သောက်ပြီး ကာယကံ၊ ဝစီကံ မကျူးလွန်ရင် ကမ္မပထမမြောက်ဘူးကွ ... မစင်စားပြီး အိပ်နေသလို မတင့်တယ်တာဘဲရှိတယ်"

ဦးတင်သည် စံကျောင်းဆရာတော်၏ မိန့်ကြားချက်ကို အရိုးစွဲအောင် မှတ်သားထားလေသည်။ စာပေဆွေးနွေးပွဲပြီးနောက် စစ်ကိုင်းဘက်သို့ အပြန်၌ ဦးတင်သည် သင်္ဃဇာဆရာတော်ကြီး၏ ကျောင်းအနီးမှ ဖြတ်လာရာ ... ဆရာတော်ကိုမြင်သဖြင့် ဝင်ရောက် ဦးချလျက် သံသယကင်းရှင်းအောင် သေရည်သေရက် သောက်စားခြင်းနှင့် ပတ်သက်၍ စံကျောင်းဆရာတော်ဟောပြောချက်ကို ထပ်မံတင်လျှောက်ပြန်လေသည်။

"ဆရာတော်ဘုရား ... စံကျောင်းဆရာတော်က ထန်းရည်အရက်သောက်စားပြီး ကာယကံ၊ ဝစီကံ၊ မကျူးလွန်လျှင် ကမ္မပထမမြောက်လို့ မိန့်တော်မူလိုက်ပါတယ်ဘုရား။ တပည့်တော် အသောက်ဝါသနာပါမှန်းသိလို့ မိန့်ကြားတော်မူလေရော့သလားလို့ သံသယ

ဖြစ်မိပါတယ်ဘုရား”

ယင်းသို့ ဦးတင်လျှောက်ထားလေရာ … ပုံတိုပတ်စ ပြောလေ့ရှိသော ဆရာတော်ဖြစ်သည့်အတိုင်း သင်္ဂဇာဆရာတော်ကြီးက မိန့်တော်မူသည်မှာ …

“မောင်တင်ရေ … ငါတစ်ခုပြောပြဦးမယ်၊ တစ်ခါ တုန်းက အညာသားတစ်ယောက်ဟာ အောက်ပြည်အောက် ရွာကို စာရင်းငှား သွားလုပ်သတဲ့ကွယ့်။ စာရင်းရှင်မှာ ကျွဲ အကောင် ၆၀ ရှိလေရဲ့။ ညနေ ကျွဲကျောင်းလို့ ပြန်လာရင် (ဟေ့ အညာသား … စိုင်လေးကို တိုင်ချည်ပြီးပြီလား)လို့ မေးသတဲ့။

စာရင်းရှင်က စိုင်လေးလို့ခေါ်တဲ့ကျွဲကို ညနေတိုင်း မေးလေ့ မေးထရှိနေလေတော့ အညာသားစိတ်ထဲမှာ သံသယဝင်လာတယ်၊ ကျွဲအကောင် ၆၀ ရှိတဲ့အထဲက စိုင်လေးကိုချည်း ချည်တိုင်မှာ ချည်ပြီးပြီလားလို့ ဘာလို့များ မေးနေတာလဲ အကြောင်းသိရအောင် စုံစမ်းဦးမှ … လို့ စိတ်ထဲကစဉ်းစားရင်း။

နောက် ၂ လ၊ ၃ လကြာတဲ့အခါမှာ အညာသားစာရင်း ငှားက ခင်းများမှာ ကျွဲတွေ အကောင် ၆၀ လောက်ရှိတဲ့

အထဲက (စိုင်လေး)တစ်ကောင်ထဲ ခွဲအချည်နိုင်းတာ ဘာကြောင့်လဲဗျာ လို့မေးလိုက်သတဲ့။ သည်တော့ စာရင်းနိုင်က (ဟဲ့... အညာသားရဲ့ အ.လဲ အပါရဲ့။ (စိုင်လေး)ကို မချည်ထားရင် ကျန်တဲ့ ကျွဲ ၅၉ ကောင်ဟာ ဘယ်ကောင်းကောင်းအိပ်ရပါတော့မလဲ။ စိုင်လေးဟာ ကျွဲပေါက်ဆိုးကလေးရယ်)လို့ ပြန်၍ပြောလိုက်သတဲ့။

အဲ့ဒီသဘောမျိုးပဲ မောင်တင်ရေ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကုသိုလ်တရားများကို (အာရတိဝိရတိပါပါ)လို့ ပါပါထဲကို အားလုံးထည့်လိုက်တယ် ... စိုင်လေးနဲ့တူတဲ့ ထန်းရည်၊ အရက်ကိုတော့ (မဇ္ဇပါနစသံယမော)လို့ သီးခြားဟောတော်မူခဲ့တယ်။

ထန်းရည် အရက်သောက်လိုက်ပြီဆိုရင် အမိ၊ အဘ ဆရာသမားမရှောင် မရှိမသေ မလေးမစားပြု မှားတတ်ကြတယ်။ သူရာမေရယကံထိုက်တယ်မောင်တင်ရေ...”

ဟု သင်္ဂဇာဆရာတော်ကြီးကဟောကြားတော်မူရာ ဦးတင်လည်း အကျွတ်တရားရ၍ (ထန်းရည်အရက်ကို ပါဏုပေတံ လှူပါပြီဘုရား)ဟု ဆရာတော်ဘုရားကြီးထံ လှူပြီးနောက် စစ်ကိုင်းဘက်သို့ ကူးသွားလေသည်။

စံကျောင်းဆရာတော်ဘုရားသည် ထိုအယူရှိတော်မူသည့်အတိုင်း တပည့်လယ်တီဆရာတော်ကလည်း ထိုအတိုင်းပင် ဆုံးဖြတ်၍ (ပရမတ္ထဒီပနီ)တွင် ရေးသားပြုစုရာ၊ လယ်တီဆရာတော်၏ ပရမတ္ထဒီပနီကျမ်းကို ကိုးကား၍ ရေးသားခဲ့ပေသည်။

ဤကဲ့သို့သော အငြင်းအခုံမျိုးမှာ တောင်တွင်းမှ စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ထန်းရည်၊ အရက်သောက်ခြင်းနှင့် ပတ်သက်၍ အပြစ်မရှိဟု အဆုံးအဖြတ် ပြုမိသောကြောင့် ယောအတွင်းဝန် ဦးဘိုးလှိုင်အား ရာထူးမှချ၍ အမရပူရသို့ အကျယ်ချုပ်နှင့် နေထိုင်စဉ် ဦးဘိုးလှိုင်သည် ပထမခင်မကန်ဆရာတော် ဦးပြားထံ နံနက်တိုင်း ဆွမ်းတစ်အုပ်ကျိုး၍ လှူဒါန်းလေသည်။ တစ်နေ့သောအခါ ခင်မကန်ဆရာတော်ဘုရားက

"ဟဲ့ ... ဘိုးလှိုင်၊ အမရပူရမှာ သင်ဘာလုပ်နေသလဲ၊ နန်းတော်ကို မပြန်ရသေးဘူးလား" ဟူ၍ မေးမြန်းတော်မူလေရာ၊ တပည့်ရင်း (ဒုတိယ ခင်မကန်ဆရာတော်ဖြစ်လာမည့် ဦးခါးက) ဦးဘိုးလှိုင်၏ အဖြစ်အပျက်ကို ကုန်စင်အောင်လျှောက်တင်ပြလေ၏။

ဦးဘိုးလှိုင်အကြောင်းကို ကြားသိရသော ခင်မကန်ဆရာတော်ကြီးမှာ များစွာစိတ်မချမ်းမသာ ဖြစ်တော်မူ၍ တစ်နေ့သောအခါတွင် ဆွမ်းစားပြီးချိန်၌ သာမဏေတစ်ပါးကို အဖော်ခေါ်ဆောင်လျက်

နန်းတော်သို့ ဝင်ခဲ့လေသည်။ မင်းတုန်းမင်းတရားကြီးသည် မည်သည့်အခါမျှ နန်းတော်သို့ မလာရောက်ဖူးသော ဆရာတော်ကြီးကို တွေ့မြင်လေသဖြင့် အကြောင်းထူးအံ့ဟု ယူဆကာ ကိုယ်တိုင်ပင် နေရာထိုင်ခင်းပေးခြင်း၊ ရေကပ်ခြင်းအမှုတို့ကို ပြုလုပ်တော်မူလေသည်။

"တပည့်တော်အား ဆိုဆုံးမစရာရှိပါက မိန့်ကြားဆုံးမတော်မူပါဘုရား"

ဟု မင်းတုန်းမင်းကြီး လျှောက်ထားတော်မူလေရာ ... ဆရာတော်ကြီးလည်း (ကာမာဝစရ) အကျိုးတရားကို ဟောတော်မူလေသည်။

"ကာမာဝစရ ... အကျိုးထူးတရားတော ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည်ထက် ဒကာတော် ရေမြေ့ရှင်ကိုယ်တော်တိုင် ကိုယ်တွေ့ဖြစ်ခဲ့မှာမို့ စဉ်းစားကြည့်ပေါ့။ တောင်ထားဝယ်ဗိုလ် လျှောက်တင် စကားကို ဒကာတော် လုံးစေ့ပတ်စေ့ နားလည်ခြင်းတော တောင်ထားဝယ် ဗိုလ်ကာမာဝစရ ကုသိုလ်ကောင်းတယ်လို့ မှတ်ပါ။ ကာမာဝစရ ကုသိုလ်ညံ့သူတော့ ဆေးခါးကြီးရေကို သဖျစ်အရက်ဖြစ်အောင်ပြောရအောင် ကြံကြိုက်လာရတယ်"

ခင်မကာန်ဆရာတော်ဘုရားကြီးသည် ဦးဘိုးလှိုင်အကြောင်းနှင့် ပတ်သက်၍ ဆင်ဖေ့ရန်ရှောင် မိန့်ကြားတော်မူပြီးနောက် ကျောင်းသို့ ပြန်ကြွခဲ့လေ၏။

ဤသောအခါတွင်မှ မင်းတုန်းမင်းတရားကြီးသည် ဦးဘိုးလှိုင်အား ရာထူးချထားခဲ့ခြင်းကို သတိရလာတော်မူပြီး၊ မကြာမီ သံတော်ဆင့်တစ်ယောက်အား ဦးဘိုးလှိုင်ထံသို့ စေလွှတ်လေသည်။ ဦးဘိုးလှိုင်ရောက်လာလေလျှင် မူလရာထူး အဆောင်အယောင်အတိုင်း ပြန်လည်ချီးမြှောက်ခြင်း ပြုပြန်လေသည်။

❖ ❖ ❖ ❖ ❖

# အင်္ဂလိပ်တို့အကြံနှင့်
# ယောမင်းကြီး ဦးဘိုးလှိုင်၏ဉာဏ်

ဤအကြောင်းအရာတို့မှာ ကင်းဝန်မင်းကြီးအား သံရာထူးဖြင့် အင်္ဂလန်ပြည်၊ ပြင်သစ်တို့သို့ ဦးဆောင်စေလွှတ်ပြီး ပြန်လာရာ၊ မိမိသဘောအားဖြင့် သတ္တုတွင်းထွက် သယံဇာတတူးဖော်ရေးစာချုပ် ပဋိညာဉ်ထားခဲ့သောကြောင့် ပြင်သစ်တို့စာချုပ်ရန် မြန်မာပြည်သို့ ရောက်လာခဲ့ကြသည်။ ဂပ္ပမြားထွက်ရှိရာဒေသအား မင်းတုန်းမင်းကြီး စာချုပ်၍ လုပ်ကိုင်ခွင့် မပေးလိုသောကြောင့် ဦးဘိုးလှိုင်အား ပျက်ပြယ်သွားစေရန် ဆောင်ရွက်တော်မူခဲ့သည်။

ဤစာချုပ်ပြဿနာရှင်းပြီး များမကြာမီတွင် အင်္ဂလိပ်တို့က မြန်မာပိုင်နက်အား သိမ်းပိုက်လိုခြင်းအလို့ငှာ အကြောင်းအမျိုးမျိုး

ရှာခဲ့ကြတော့သည်။ ဤအကြောင်းကို အထက်ဗမာပြည်က ဂေဇက်တီးယားတွင် ဖော်ပြပါရှိခြင်း မရှိသော်လည်း အချို့သော ရာဇဝင်ကျမ်းတို့၌ ဖော်ပြပါရှိလေသဖြင့် မင်းတုန်းမင်းတရားကြီးနှင့် ယောမင်းကြီး ဦးဘိုးလှိုင်တို့ နန်းတွင်းအရေးတော်ပုံ ပြဿနာတို့အား စုံလင်စေခြင်းအလို့ငှာ ဖော်ပြပေးခြင်းဖြစ်သည်။

နယ်ချဲ့ဗြိတိသျှ ကေရီဘုရင်မကြီးထံမှ မြမန်းစကြာသဘော်တစ်စင်းနှင့်အတူ အရာရှိတစ်ယောက်ကို မင်းတုန်းမင်းကြီးထံတော်သို့ ပို့လွှတ်လိုက်သည်။ ယင်းတို့၏ အစီစဉ်ကား ... မြမန်းစကြာသဘော်အား မင်းတုန်းမင်းကြီးသို့ ဆက်သစေပြီး ယင်းသဘော်ကို စီးနင်းကြည့်ရန် သဘော်ပေါ်အရောက် ပင့်ခေါ်၍ ဘုရင် သဘော်ပေါ်ရောက်သည်နှင့် မြမန်းစကြာသဘော်အား အပြင်းခုတ်မောင်းစေကာ ဗြိတိသျှပိုင်နက်မှ အင်္ဂလန်အရောက်ဆောင်ကြည်းရန်ဖြစ်သည်။

တာဝန်ပေးအပ်ခံရသော အရာရှိကို မြန်မာတို့က နောင်တွင် (မဆုတ်မင်းကြီး)ဟု ခေါ်၏။ မဆုတ်မင်းကြီးဆိုသည်မှာ မဆုတ်မနစ်စတမ်း မင်းတုန်းမင်းကြီးအား ကေရီမကြီးထံ အရယူဆောင်ကြဉ်းရမည့် မင်းကြီးဟု ဆိုလိုသည်။ မြမန်းစကြာသဘော်ကို ဗန်းပြ၍ မင်းတုန်းမင်းကြီးအား အပါဆောင်ယူရန် ကြိုးစားခြင်းပင်ဖြစ်သည်။

ထိုအကြောင်းကို အမတ်တော်များထံမှ မင်းတရားကြီး

သိတော်မူလေလျှင် စိတ်နှလုံးနောက်ကျိလျက် ကြံရာမရဖြစ်လေသည်။ နန်းတွင်းအခဆောင်အသီးသီး၌လည်း ဤသတင်းမှာ တစ်ခဏချင်း ပျံ့နှံ့သွားခဲ့၏။ မင်းတုန်းမင်းတရားကြီး စိတ်တော်ညစ်နွမ်း၊ ဦးနှောက်ရှုပ်၍ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည်ကို စကြာဒေဝီ မိဖုရားခေါင်ကြီးသိတော်လေသော် ...

"သားတော်ဘိုးလှိုင်ကို ခေါ်ယူတိုင်ပင်တော်မူပါဘုရား"

ဟု လျှောက်တင်ရာ၊ ဤအချိန်မှာလည်း ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်မှာ ရာထူးပြုတ်၍ အမရပူရမြို့သို့ ပို့ထားခြင်းနှင့် ကြုံကြိုက်နေပြန်၍ အကြံရခက်နေလေ၏။ မင်းတုန်းမင်းကြီးလည်း နောက်ဆုံးတွင် သံတော်ဆင့်တစ်ယောက်အား အလျင်အမြန်ပင် ဦးဘိုးလှိုင်ထံ စေလွှတ်ခေါ်ယူခဲ့လေသည်။

ဦးဘိုးလှိုင်ရောက်လာသောအခါ အကြောင်းကိစ္စကို မင်းတရားကြီးက ဖွင့်ဟမိန့်ကြားလျက် တိုင်ပင်တော်မူရာ ...

"စိုးရိမ်တော်မမူပါနှင့်၊ ဤကိစ္စအား လျှိုင် ပြီးပြတ်အောင် ဆောင်ရွက်တော်မူပါမည်ဘုရား"

ဤသို့ သံတော်ဦးတင်ပြီးလေလျှင် မင်းတုန်းမင်းတရားကြီးလည်း ဝမ်းမြောက်ကျေနပ်တော်မူ၍ ဦးဘိုးလှိုင်အား ရာထူးအဆောင်အယောင်များကို ပြန်လည်အပ်နှင်းတော်မူလေ၏။ နောက်တစ်နေ့

နံနက်သို့ရောက်သောအခါ ... ဦးဘိုးလှိုင်သည် မဆုတ်ကြီး နန်းတော်သို့ဝင်ရန် ၎င်း၏ စစ်သား ၁၀ ယောက်၊ မြန်မာရဲမက် ၁၀ ယောက်၊ ဆင်တပ်မှ ဆင် ၁၀ စီး၊ မြင်းတပ်မှ မြင်းစီးသူရဲကောင်း ၁၀ ယောက်တို့ကို စီစဉ်လျက် မဆုတ်မင်းကြီးအား ကြိုဆိုလေ၏။

ကေရိဘုရင်မကြီးထံမှ မဆုတ်မင်းကြီးကို မလှုပ်နိုင်အောင် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့နှင့် ပိတ်ညှပ်၍ မင်းတုန်းမင်းကြီးရွှေတော်မျောက်သို့ အရောက် ခေါ်ဆောင်တော် မူခဲ့လေ၏။ ဦးဘိုးလှိုင်သည် မင်းတုန်းမင်းကြီးနှင့် ခွဲခြားမရအောင် တူလှသော စားတော်ဝန် ဦးခဲအား ဘောင်း၊ နားဒွေး၊ မင်းဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်စေပြီး မင်းတုန်းမင်းကြီး ထွက်တော်မူဟန်နှင့် မြေနန်းတော်၌ နေလေ၏။

ထိုအခါ မင်းတုန်းမင်းတရားကြီးကို မမြင်ဘူးသော မဆုတ်မင်းကြီးသည် စားတော်ဝန်ဦးခဲအား အကယ်ပင် ဘုရင်မင်းတရားကြီးထင်မှတ်၍ အရိုအသေပေးလေ၏။ ဦးဘိုးလှိုင်က ဤသည်မှာ ဘုရင်မဟုတ်သေးကြောင်း၊ ဘုရင်၏ စားတော်ဝန်မျှသာဖြစ်ကြောင်း ပြောပြရာမှ မဆုတ်မင်းကြီး အရှက်တော် ရသွားလေသည်။

ထို့နောက်တွင်မှ မင်းတုန်းမင်းတရားကြီးသည် စကြာဒေဝီ

မိဖုရားခေါင်ကြီးနှင့်အတူ ထွက်စံတော်မူရာ၊ ဝဲယာဆိုင်းများက ထွက်စည်တီးပေးရလေ၏။ မင်းနှစ်ပါးသည် သီဟာသနပလ္လင်ပေါ်မှ မဆုတ်မင်းကြီးအား ညှိခံစကား မြွက်ကြားတော်မူလေ၏။

"အစ်မတော် ကေရီဘုရင်မကြီး ဘေးအန္တရာယ်ကင်းရှင်း၍ သက်တော်ရာကျော်ရှည်စေကြောင်း ... နေ့တိုင်း မေတ္တာပို့သ ပါသည်။ စီးတော်မူရန် မြမန်းစကြာသဘော်ဆက်သခြင်းကို ကျေးဇူး တင်စွာဖြင့် လက်ခံပါသည်။ အစ်မတော်သို့လည်း လက်ဆောင်ပဏ္ဏာ များ ပြန်လည်ဆက်သပါသည်"

ဟု မင်းတုန်းမင်းတရားကြီးက မိန့်ကြားရာ ... မဆုတ် မင်းကြီးသည် ကေရီဘုရင်မကြီးထံမှ အမိန့်တော်ကို ပြန်လည် သံတော်ဦးတင်လေသည်။

"အရှင်မင်းတရားကြီးထံ ဆက်သသော ဤမြမန်းစကြာ သဘော်ကောင်းမွန်ကြောင်း ကျွန်တော်မျိုးကိုယ်တိုင် မောင်းနှင်ပြရ ပါမည်။ အရှင်မင်းတရားကြီး စီးနင်းကြည့်တော်မူပါရန် သဘော် ထက်သို့ ကြွတော်မူပါ ..."

ဟု သံတော်ဦးတင်သည်နှင့် တစ်ပြိုင်နက် ယောအတွင်းဝန် ဦးဘိုးလှိုင်က ကြားဖြတ်၍ မဆုတ်မင်းကြီးအား ပြောဆိုသည်မှာ...

"ကျွန်ုပ်တို့ ဘုရင်မင်းတရားကြီးသည် ကောင်းမွန်ကျန်းမာ

တော်မမူပါ ... သမားတော်ဟူးရားများက လေစိမ်းပင် အတိုက်မခံသင့် မြို့ပြင်မထွက်သင့်သေးကြောင်း ဆိုထား၍ သည်းခံတော်မူပါ။ နောင်တွင်မှ မြမန်းစကြာသဘော်ကို စီးနင်းကြည့်တော်မူပါမည် ကျန်းမာဖို့ရန် လွန်စွာအရေးကြီးချိန်ဖြစ်ပါသည်"

ဦးဘိုးလှိုင် ဤသို့ဆိုသောအခါ အကြံစည်ရှိသော မဆုတ်မင်းကြီးမှာ မျက်နှာအမူအယာ များစွာပျက်သွားလေသည်။ ဦးဘိုးလှိုင်လည်း လိုရင်းကို ဆိုပြီးနောက် ညီလာခံကို ရုပ်သိမ်း၍ မင်းတုန်းမင်းတရားကြီးလည်း ကျန်းမာရေးငဲ့ကွက်လျက် အတွင်းတော်သို့ ဝင်တော်မူပါရန် တင်လျှောက်လေသည်။

ထိုအခါ ဝင်စည်တီးလျက် ညီလာခံစဲလေ၏။

အကြံစည် မအောင်မြင်လေသော မဆုတ်မင်းကြီးလည်း ဘိလပ်သို့ပြန်ရန် ပြင်ဆင်ရလေ၏။ ကောရီဘုရင်မကြီးထံသို့ မဆုတ်သော လုံ့လဖြင့် မြန်မာဘုရင်မင်းတုန်းမင်းတရားကြီးအား အပါ ဆောင်ကြဉ်းခဲ့ပါမည်ဟု ကတိပြုပြီးမှ ဘုရင်မပါဘဲ လက်ချည်းပလာ ပြန်ရလေသောကြောင့် ထိုအရာရှိ မဆုတ်မင်းကြီးလည်း အရှက်ရကာ ဘိလပ်သို့ မရောက်မီ ပင်လယ်တွင်းသို့ စုန်ဆင်း၍ မိမိကိုယ်ကို အဆုံးစီရင်သွားရှာလေသည်။

ဤအကြိမ်တွင်လည်း ယောမင်းကြီး ဦးဘိုးလှိုင်ပင် ဖြတ်ထိုး

ဉာဏ်ကောင်းကောင်းဖြင့် ပြဿနာကို ရှင်းလင်းပေါ်နိုင်ခဲ့ပြန်သည်။ များမကြာမီ၌ ထပ်မံ၍ အင်္ဂလိပ်တို့နှင့် စကျင်တောင် အရောင်း အဝယ်ကိစ္စ ပေါ်ပေါက်ခဲ့ပြန်သည်။

ဤပြဿနာပေါ်စဉ်ကလည်း ဦးဘိုးလှိုင်မှာ မင်းတုန်းမင်း အပါးတွင် အခအစား မရှိ၊ ဘုရင်မင်းတရား မျက်တော်မူပြန်သဖြင့် အမရပူရသို့ ရောက်နေချိန်ပင်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးနှင့် ဦးဘိုးလှိုင်တို့မှာ ၆ ကြိမ်မျှ အမျက်တော်ရှ၍ ရာထူးချခံရခြင်း ရှိခဲ့သည်ဟု ရာဇဝင်တွင် တွေ့ရသည်။ ဤစကျင်တောင်အရောင်း အဝယ်ကိစ္စတွင်လည်း အင်္ဂလိပ်တို့က တမင်စစ်ဖြစ်ရန် ကြံရွယ်၍ အကောက်ဉာဏ်ဆင်၍ ဝယ်ယူလိုခြင်းပင်ဖြစ်သည်။ ပြဿနာကြီး လွန်းလျှင် မင်းတုန်းမင်းတရားကြီးမှာ ဦးဘိုးလှိုင်ကိုပင် အတွင်းတော်၌ တိုင်ပင်ရမြဲဖြစ်သဖြင့် ယခုအခါတွင်လည်း မင်းချင်းတို့ကို ဦးဘိုးလှိုင် အား အခေါ်လွှတ်ရပြန်လေ၏။

အကြောင်းကိစ္စအလုံးစုံကို ဦးဘိုးလှိုင်အား မိန့်ကြားလိုက် သည်နှင့် ယခင်နည်းအတိုင်းပင် မိမိဖြေရှင်းပေးမည်ဖြစ်၍ စိုးရိမ် တော်မမူရန် သံတော်ဦးတင်လေ၏။

နောက်တစ်နေ့နံနက်၌ ဦးဘိုးလှိုင်သည် အင်္ဂလိပ်အဝယ် တော်များအား ဇေတဝန်ဆောင်တွင် နေရာချထား၍ စကျင်တောင်

အရောင်းအဝယ်ကိစ္စကို ပြောဆိုကြသည်။

ဦးဘိုးလှိုင် ။ ။ "အဝယ်တော်များ စကျင်တောင်ကိစ္စကို တပ်ပြကြပါဦး"

အဝယ်တော် ။ ။ "အင်္ဂလန်နေပြည်တော်မှာ ကမ္ဘာ့ခေတ်မီနိုင်ငံကြီးဖြစ်အောင် လမ်းများဖောက်လုပ်နေပါတယ်။ လမ်းခင်းကျောက်များလိုသဖြင့် စကျင်တောင်မှ ကျောက်များကို ဝယ်ယူဖို့ ကေရီဘုရင်မကြီး အမိန့်တော်အတိုင်းအဝယ်လာပါတယ်"

ဦးဘိုးလှိုင် ။ ။ "စကျင်တောင်ကို ကျွန်ုပ်တို့ မရောင်းလိုပါဘူး။ ကေရီဘုရင်မကြီး မြို့မလမ်းများကောင်းမွန်စွာ ဖောက်လုပ်ပြင်ဆင်နိုင်ဖို့ လက်ဆောင်အဖြစ်ပေးလိုပါတယ်"

အဝယ်တော် ။ ။ "ချစ်ကြည်ရေးအတွက် လက်ဆောင်ပေးမည်ဆိုတာ ဝမ်းမြောက်ကျေးဇူးတင်ပါတယ်"

ဦးဘိုးလှိုင် ။ ။ "ဒါပေမဲ့ အဝယ်တော်တို့၊ မြန်မာစကားပုံမှာ (အသွားရှိလျှင် အပြန်ရှိရပါတယ်) ... တစ်ခု မေးပါရစေဦး။ ယခု ကေရီဘုရင်မကြီး ပိုင်ဆိုင်သော ဒဂုံမြို့မှာရှိသည့် သိင်္ဂုတ္တရကုန်းတော်ဟာ

ဘာများထွက်ပါသလဲ"

အဝယ်တော် ။ ။ "သိဂ္ဂုတ္တရကုန်းတော်မှာ မည်သည့်ဝတ္ထုပစ္စည်း မျှ မထွက်ရှိပါ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဦးထိပ်ထားသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ တော်ပဲရှိပါတယ်"

ဦးဘိုးလှိုင် ။ ။ "ကျွန်ုပ်တို့ စကျင်တောင်ကုန်းမှာ လမ်းခင်းစရာ စကျင်ကျောက်များထွက်ပါတယ်၊ ကေရီမရဲ့ သိဂ္ဂုတ္တရတောင်ကုန်းမှာ တစ်စုံတစ်ရာမျှ မထွက် ပါ။ သို့သော် မြန်မာလူမျိုးတို့ ဆည်းကပ် ကိုးကွယ်ရန် စေတီတော်မှာ ကျွန်ုပ်တို့အဖို့ လိုလားနှစ်သက်ဖွယ်ရာဖြစ်ပါသည်။ ဒါကြောင့် ဝတ္ထုပစ္စည်းထွက်တဲ့ ကျွန်ုပ်တို့ စကျင်တောင်နဲ့ ဝတ္ထုပစ္စည်းမထွက်တဲ့ ကေရီမကြီးရဲ့ သိဂ္ဂုတ္တရ တောင် လဲအလှယ်ပြုပါ ... ကျွန်ုပ်တို့အား သိဂ္ဂုတ္တရတောင်ကို လက်ဆောင်အဖြစ်ပေးပါ"

ထိုသို့ ဦးဘိုးလှိုင်တောင်းဆိုလိုက်သောအခါ အင်္ဂလိပ်အဝယ် တော်တို့သည် မျက်နှာများအောက်သို့ချလျက် အတန်ကြာသည် အထိ စဉ်းစားနေကြကုန်လေ၏။ ပြီးမှ

"ဤအရေးသည် ကျွန်ုပ်တို့မပိုင်ပါ။ အရေးပါသော မင်းကြီးများထံမှ အမိန့်ရလျှင် အကြောင်းပြန်ပါမည်"

ဟု ဆိုကြရာ ဦးဘိုးလှိုင်သည် ပြုံးလျက်

"ကောင်းပါပြီ တောင်းချင်လဲနိုင်လျှင် အကြောင်းပြန်ပါ"

ဟုပြော၍ နန်းတော်မှ ဆင်းသွားလေတော့သည်။ အင်္ဂလိပ်အဝယ်တော်များလည်း အကြံအစည်အထမမြောက်တော့ဘဲ တပ်ဆုတ်လျက် ပြန်ခဲ့ကြလေတော့၏။

ဦးဘိုးလှိုင်၏ စွမ်းရည်ထက်သော ဉာဏ်နှင့်သခေ်ပညာဏ်တို့အား မည်သူမျှ လိုက်မမီနိုင်ကြသဖြင့် ကောင်းချီးပေးယုံမျှသာ ရှိကြကုန်လေသတည်း။

❖ ❖ ❖ ❖ ❖

၁

# မိန်းမဟူသည် ထိုကဲ့သို့သည်

ယောမင်းကြီး ဦးဘိုးလှိုင်ကား ပညာရှိ ပီသပါပေသည်ဟု နောင်းလူတို့က ချီးမွမ်းစွဲမှတ်ကြကုန်လေ၏။ အချို့သူတို့မှာကား ... ပညာရှိသော်လည်း သတိပြစ်ခဲကြ၏။ သတိလက်လွတ် ဖြစ်တတ်ကြ၏။ အသိကို သတိနှင့် ချုပ်အုပ်နိုင်မှု၊ နှိမ်နင်းနိုင်မှုသည် အရာရာကို အေးမြငြိမ်းအေးစေပြီး လူ့လောကအလယ်တွင် ဝင့်ထယ်တောက်ပစေနိုင်ပေသည်။

ယောမင်းကြီးဦးဘိုးလှိုင်သည် ယောမြို့စားဘဝကပင် မကွေးမင်းကြီး၏ သမီးခင်ဖြူနှင့် အကြောင်းဆက်၍ ပေါင်းဖက်ခဲ့ကြသည်။ မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး စကြာဒေဝီတို့ကိုယ်တိုင် ရွေးချယ်ပေးစားခဲ့သူလည်းဖြစ်သည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံ အကြားတွင် ကတောက်ကဆဟူ၍ အသေးအမွှားကလေးပင် မရှိခဲ့ကြပေ။

သားသမီးများ ဝေစည်၍ သာယာရွှင်မြူးစွာ ဘဝကို ဖြတ်သန်းခဲ့ကြသည်။ ရေမြင့်လျှင် ကြာတင့်သည်ဟူသော စကားဆိုရိုးအတိုင်း မင်းတရားကြီး မြှောက်စားပြန်လျှင် ကောင်းမွန်စွာပင်ချမ်းမြေ့စွာနေရ၍ မင်းတရားကြီး အမျက်တော်သိုမိ၍ ရာထူးမှချပြန်လျှင် အမရပူရတွင် ခြံစိုက်၊ ရက္ကန်းခတ် စသည်ဖြင့် အေးအေးလူလူပင် အသက်မွေးကြပြန်၏။ ခင်ဖြူအဖို့ မင်းခယောကျ်ားဖြစ်သော ယောမင်းကြီးအပေါ် ငြိုငြင်ခြင်း၊ ငြူစူခြင်းအလျှင်းမရှိခဲ့ပေ။

ယောမင်းကြီး ဦးဘိုးလှိုင်ကား စာပေဗဟုသုတကို လွန်စွာလိုက်စားသူဖြစ်သည်။ စာပေနှင့်မျက်နှာ ခွာသည်ဟူ၍ မရှိ၊ ဖတ်လျှင်ဖတ်၊ မှတ်လျှင်မှတ်။ သို့မဟုတ်ပါက ရေးလျှင်ရေးနှင့် တကုတ်ကုတ် အားထုတ်ကြိုးစားသူဖြစ်သည်။ ထိုအရေးကြောင့် ဇနီးဖြစ်သူခင်ဖြူအား ကယုကယင် ပြုလုပ်ချိန်မရ၊ ညအိပ်ချိန်ရောက်မှပင်လင်မယား ကျီဆယ်ခွင့် ရကြတော့သည်။

စာပေဗဟုသုတလိုက်စားလွန်းသော ဦးဘိုးလှိုင်မှာ မိန်းမတို့သဘောကို မသိမဟုတ်၊ ကျွမ်းကျင်လိမ္မာပါးနပ်စွာ အကြွင်းမဲ့သိသူဖြစ်သည်။ သို့စေကာမူ မိမိ၏အတွင်းဝန် ဂုဏ်ဒြပ်နှင့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ထောက်ထားကာ အသိတရားကပ်၍မိန်းမမြတ်တို့အင်္ဂါဖြင့် အညီစောင့်ထိန်းတန်ကောင်းရဲ့ဟု မိမိဇနီး

အား သဘောထားခဲ့သည်။

ဦးဘိုးလှိုင်နှင့်ခင်ဖြူတို့ ပေါင်းသင်းခဲ့၍ သားသမီး ၃ ယောက်ပင် ရရှိလာခဲ့ပြီဖြစ်သည်။ တစ်ဦးသဘောကို တစ်ဦးသိ၍ အလိုလိုက်အကြိုက်ဆောင်တတ်ကြပေသေးသည်။ သို့သော်ကား ...

တစ်နေ့သ၌ အိမ်တွင်းရေးကိစ္စနှင့် ပတ်သက်၍ အိမ်တော်စာရေးကြီးတစ်ဦးသည် ဦးဘိုးလှိုင်အား အသိပေးရန် စာကြည့်ခန်းထဲသို့ ဝင်သွားလေသည်။ ထိုအချိန်၌ ဝန်ကတော်ခင်ဖြူမှာ အိမ်တော်တွင် မရှိခိုက် ဖြစ်လေ၏။ ဦးဘိုးလှိုင်သည် စာရေးကြီးအားအကြောင်းမထူးဘဲ မိမိအနားကပ်လာဖွယ်မရှိ။ အကြောင်းမဲ့ မဟုတ်တန်ဟုတွေးလျက် အမေးပြုလေသည်။

ဦးဘိုးလှိုင် ။ ။ "မောင်မင်း ဘာအကြောင်းများ ပြောစရာ ထူးလို့လဲကွယ့်"

စာရေးကြီး ။ ။ "လျှောက်တင်ရန် အကြောင်းထူးတစ်ခုရှိကြောင်းပါဘုရား"

ဦးဘိုးလှိုင် ။ ။ "ကိုင်း လျှောက်စရာရှိလျှင် မြန်မြန်လျှောက်စမ်းပါကွယ် ... ငါစာအကြည့်ပျက်နေပါဦးမယ်"

စာရေးကြီး ။ ။ "မှန်လှပါ အရှင့်ဝန်ကတော်သည် အခြားသောယောကျ်ားပျိုတစ်ဦးနှင့် ငြိစွန်းနေပါသည်ဘုရား"

ဦးဘိုးလှိုင်သည် စာရေးကြီး၏ စကားကိုကြားရသည်နှင့် ပြုံး၍နေလေ၏။ စိတ်ထိခိုက်ခြင်း၊ ဒေါသဖြစ်ခြင်းဟန်မပြချေ။ အမှန် ဆိုသော် အသက်နှင့်ထပ်တူ ကြည်ဖြူသောကြောင့် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ခဲ့ကြပြီးနောက် မိမိ၏ ချစ်ဇနီး နောက်မီးလင်း၍ လင်ငယ်အမျှောင်ထားသည်ကြားလျှင် ရာခိုင်နှုန်းများစွာကုန်သော ယောကျ်ားတို့မှာ ယမ်းပုံမီးကျ ထောင်းခနဲ ဒေါသထွက်ကာ (ဆံတစ်ပင်တင်းချစ်ခြင်းမယား) ဆိုစကားအတိုင်း၊ တဏှာမုန်တိုင်း ဆင်ကာ ခြေလွန်လက်လွန် ဖြစ်တတ်ကြမြဲဖြစ်သည်။

ယခုသော် ... ယောမင်းကြီးဦးဘိုးလှိုင်မှာ ထိုသို့မဟုတ် အမူအယာမပျက်၊ အပြုံးမပျက်၊ စကားပြောမပျက်ပေ။

ဦးဘိုးလှိုင် ။ ။ "မောင်မင်းသိတာ ဘယ်လောက်ကြာပြီလဲ"

စာရေးကြီး ။ ။ "မှန်လှပါ တစ်နှစ်နီးပါး ရှိကြောင်းပါဘုရား၊ ပြောလျှင်ကောင်း၊ မကောင်းချင့်ချိန်နေသဖြင့် ယခုမှ အရဲစွန့် အသိပေးရခြင်းဖြစ်ကြောင်းပါ"

ဦးဘိုးလှိုင် ။ ။ "အေး ... အေး ... ငါသိတာလည်း ကြာပါပြီ ကွာ၊ မောင်မင်း တော်တော်ဗဟုသုတ နည်းပါး သေးပါကလား။ မိန်းမဆိုတဲ့ သတ္တဝါဟာ ယောက် ပြန်တတ်တယ်လို့ ဘုရားရှင် မိန့်မြွက်ဖူးတယ်

မဟုတ်လား။ အရေးယူစရာ မဟုတ်တာ ဘယ်မှာ အရေးယူလို့ဖြစ်မတုန်း။

ကုလာနဇာတ်နှင့် မုဒုလက္ခဏာပျို့ကို ကြည့်ပါလား။ အေးကွယ့် အိမ်ထောင်ပြုမယ်ဆိုရင် မောင်မင်းမှတ်ထားဖို့ ငါပြောပြဦးမယ်။ မိန်းမဆိုတာ ရေချိုးဆိပ်နဲ့အလား သဏ္ဍာန်တူတယ်။ ရေချိုးဆိပ်ဆိုတာ သူချိုးငါချိုးဘုံပိုင်နေရာမျိုးပဲ။

နောက်တစ်ခုက ရေအိုးစင်နဲ့တူတယ်။ ရေအိုးစင်ဆိုတာကလည်း သူတော်ရင် ဝင်သောက် ... ငါတော်ရင် ဝင်သောက်မဟုတ်လား။

နောက်တစ်ခုက အိမ်သာနဲ့လည်းတူတယ် အိမ်သာဆိုတာ သူဝမ်းနာရင်တက်၊ ငါဝမ်းနာရင်တက်ပဲ မောင်မင်း။

သည်တော့ မိန်းမယူမယ်ကြံရင် မိန်းမကို ရေချိုးဆိပ်၊ ရေအိုးစင်၊ အိမ်သာလိုသဘောထားနိုင်ရမယ်။ ကဲ ... ဝန်ကတော်ကိစ္စကို မောင်မင်းတခြားလူတွေ မသိစေနဲ့ကွယ့်။ ရော့ ... ရော့ ... မောင်မင်း ပုဆိုးဝတ်ဖို့ ဒေါင်းဒင်္ဂါး (၁၅)

ယူသွား”

ယောအတွင်းဝန် ဦးဘိုးလှိုင်ကား ချစ်သောမယား၊ လင်ငယ်ထားသည်ကိုပင် သဘောထားကြီးစွာနှင့် ခွင့်လွှတ်နိုင်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေသည်။ မိန်းမဆိုသည်မှာ အများအားဖြင့် အရိုးနည်းပါး အဆန်းများကြသည်။ လက်နှင့် ၇ ရက်တာမျှ ကင်းကွာသော စောင်းသမားသည် လက်တီးကွက်ပျက်သကဲ့သို့ လင်သားနှင့် တစ်လကင်းကွာသော မိန်းမတို့သည်လည်း အကျင့်တရား ပျက်တတ်ကြသည်။

မိန်းမတို့ကား ... ကျီဆယ်မှု၊ ယုယမှုကို နှစ်သက်တတ်ကြသည်။ ဦးဘိုးလှိုင်ကား ဤအကြောင်းများကို သိပါလျက်နှင့် စာကြည့်ခန်းတွင် အချိန်ရှိသရွေ့ လေ့လာဆည်းပူးခဲ့သည်မှာ သူ၏ လစ်ဟင်းမှုပင်ဖြစ်သည်။ မယားကို ယုယချော့မော့မှု ပျက်ကွက်ခဲ့သည်။ သို့ကြောင့်လည်း မယားဖြစ်သူမှာ ဖောက်ပြန်ခြင်းဖြစ်တန်ရာသည်ဟု ဖြေသိမ့်၏။

ရှေ့တွင် သင်ခန်းစာယူစရာအဖြစ် မင်းတုန်းမင်းတရားကြီး၏ မိဖုရား သစ်ဆိမ့်မိဖုရားသည် ဘုန်းကြီးကျောင်းသား ငမြတ်စံနှင့် ဖောက်ပြားသည်ကို ပြစ်မှုစီရင်ကြောင်း အသိဖြစ်သည်။ ထို့အတူ မြို့ဝန်ဦးသာအိုး၏ မယားငယ်လေး မိရွှေလုပ်နှင့် စာဆိုတော်

ဦးပုညတို့ ဖောက်ပြန်မှုကိုလည်း ယောမင်းကြီး ဦးဘိုးလှိုင် အသိသင်ခန်းစာယူခဲ့ဖူးပြီဖြစ်သည်။ ထို့ကြောင့် မိဖုရားတို့နှင့်ဆိုင်ရာ ပြဿနာကို သတိနှင့်သာ ချွန်းအုပ်၍ ဖြေရှင်းလိုက်ခြင်းဖြစ်သည်။

အသိရှိသော သုခမိန်သည် နှလုံးသားရေးရာကိစ္စကို ဒေါသဖြင့် မလဲလှယ်ခဲ့ချေ။ ကုန်းဘောင်ခေတ်နှောင်းတွင် အမှန်ပင်လေးစားကြည်ညိုဖွယ်ကောင်းသော ပညာရှိသုခမိန်တစ်ဦးပင်ဖြစ်ပေသည်။

❖ ❖ ❖ ❖ ❖

၅

# အမေ့သချိုင်းမှ ခေါးသူ

သက္ကရာဇ် ၁၂၃၈–ခုနှစ်တွင် မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်ကြီး စကြာဒေဝီသည် နာမကျန်းဖြစ်တော်မူလေ၏။ ထိုအချိန်တွင် ယောအတွင်းဝန် ဦးဘိုးလှိုင်မှာ အမရပူရမြို့တွင် ရာထူးချထား၍ အကျယ်ချုပ်နှင့် ပို့ထားချိန်ဖြစ်သည်။ နာမကျန်းဖြစ်နေသော စကြာဒေဝီမိဖုရားကြီးအား မြန်မာ့ဆေးပညာတွင် ကျွမ်းကျင်ကြသည့် ကင်းစဉ်ဝန်ထောက် လှိုင်းတက်မြို့စားမင်းကြီး မဟာမင်းခေါင်သင်္ယာနှင့် ဟူးရားသမားတော်တို့ အသီးသီး ညှိနှိုင်းတိုင်ပင်စောင့်ကြပ်ကုသကြရသည်။

ထိုစဉ်က မင်းတုန်းမင်းတရားကြီးထံပါးတွင် ဂျာမန်လူမျိုးတစ်ဦးသည် ဒ်စ်တောတာဝန်အဖြစ်ဖြင့် အမှုထမ်းရွက်လျက်ရှိသည်။ ထိုသူမှာ အနောက်နိုင်ငံ ဆေးပညာအတတ်ကိုလည်း တတ်သည်

ဖြစ်၍ မင်းတုန်းမင်းတရားကြီးက ၎င်းအား (မင်းကျော်သိင်္ခတိသတ္တ) ပညာဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားထားလေ၏။

စကြာဒေဝီ မိဖုရားကြီး၏ ဝေဒနာသည် ပြင်းထန်လာသော အခါ သစ်တောဝန်ဂျာမန်ဆေးဆရာအား ပင့်ခေါ်၍ ကုသစေရသည်။ သို့သော် ဝေဒနာမှာ တစ်နေ့တခြား လျော့ပါးခြင်းမရှိဘဲ တိုး၍သာ လာသဖြင့် ဘဝကူးကောင်းရန်အလို့ငှာ အလှူဒါန ကုသိုလ်ကောင်းမှု တို့ကို နန်းတွင်း၌ ပြုလုပ်ကြသည်။ သက္ကရာဇ် ၁၂၃၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁-ရက်နေ့တွင် မိဖုရားခေါင်ကြီး စကြာဒေဝီမှာ ကံတော်ကုန်၍ နတ်ပြည်စံတော်မူသွားလေတော့ သည်။

ထိုအခါ မင်းတုန်းမင်းတရားကြီးသည် တရားသဘောကို နှလုံးမသွင်းနိုင်ဘဲ သောကပရိဒေဝ တောက်လောင်လျက် မိဖုရားကြီး ၏ အလောင်းကို သင်္ဂြိုဟ်ခြင်းမပြုနိုင်အောင် ရှိနေလေ၏။ မြတ်နိုး တော်မူလှသော မိဖုရားကြီးလည်းဖြစ်၊ အစ်မတော်ဘုရားလည်း ဖြစ်သဖြင့် ပူဆွေးခြင်းမက ပူဆွေးကာ စိတ်နှလုံး ထိခိုက်နေတော် မူလေသည်။

မှူးကြီးမတ်ရာ သေနာပတိတို့က အလောင်းကို သင်္ဂြိုဟ် တော်မူရန် တင်လျှောက်ကြရာ၊ မင်းတရားကြီးသည် ဖေါ်သနှင့် ...

"မောင်မင်းတို့ အမေသွားပြီး သင်္ဂြိုဟ်ကြပါလား"

ဟု အမိန့်တော်မှတ်သဖြင့် ဦးခေါင်းလျှိုးကာ ဆိတ်ဆိတ် အညံ့ခံ၍ နေကြရကုန်လေ၏။ အခြေအနေကား နေမြင့်လေ အရှူး ရင့်လေ ဆိုရိုးစကားကဲ့သို့၊ မိဖုရားခေါင်ကြီး၏ အလောင်းကောင်ကြီး ရှိနေသေးသမျှ ဘုရင်ကြီးခမြာ သောကမီး တောက်လောင်နေရှာတော် မူမည်ကို မှူးမတ်များက စိုးရိမ်လျက်ရှိကြသည်။

အလောင်းတော် သင်္ဂြိုဟ်ရန် မည်သို့ကြံရမည်ကို စုပေါင်း ဆွေးနွေးကြသောအခါ ယောအတွင်းဝန် ဦးဘိုးလှိုင်အား အားလုံး သတိရကြလေ၏။ ထို့ကြောင့် ဦးဘိုးလှိုင်ရှိရာ အမရပူရမြို့သို့ မင်းချင်းတစ်ယောက်ကို စေလွှတ်ကာ အကြောင်းစုံ လျှောက်ထားစေ သည်။ နောက်ဆုံး၌ ဦးဘိုးလှိုင်ထံမှ အကြံပေးစကားနှင့်အတူ မင်းတုန်းမင်းကြီးအား ဆက်သရန် စာတစ်စောင်ပါလာလေသည်။ ယင်းစာမှာ .....

"ဘုန်းတော်အလွန်တစ်ရာ ကြီးမြတ်တော်မူလှသော ပဉ္စမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား ...

ဘုရား၊ ရတနာ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သော်မှ မရှောင်လွှဲနိုင်သော ... ရတိုင်း ... ရတိုင်းသောဘဝ တို့မှ ဘဝအဆုံးသတ် စွန့်ခွာရခြင်းတည်းတူသော

မရဏာလမ်းကြောင်းကို လိုက်ကြရမြဲဓမ္မတာ ... ဘဝ
နတ်ထံသို့ စံမြန်းတော်မူသော တိုင်းသားပြည်သူ၊
ရှင်လူအပေါင်း၏ ဦးညွှတ်ရာကျေးဇူးတော်အရှင် ...
တောင်နန်းစံသခင် စကြာ၀ဒေဝီမိဖုရားခေါင်ကြီး၏
အလောင်းတော်ကို ကောင်းမွန်ပူးမြှော်ကန်တော့ပြီးလျှင်
လှပစွာသဂြိုဟ်ပါမည့်အကြောင်း မြေဝါးတော်အောက်
လျှောက်ထားသံတော်ဦးတင်ဝံ့ပါသည် အရှင်မြတ်ကြီး
ဘုရား"

(ပုံ)

တိုင်းသူပြည်သား ကျွန်တော်မျိုးများ

ဤစာကို မင်းတုန်းမင်းကြီးထံသို့ ဆက်သလိုက်လေရာ ... တရားသဘော ဆင်ခြင်မိသည့်မျှမက၊ စိတ်နှလုံး၌ သောကမီး အေးငြိမ်း၍ ချမ်းမြေ့သွားတော်မူလေ၏။ မင်းတုန်းမင်းကြီးလည်း စာသွား စာလာကို နားထောင်ကာ ချက်ချင်းပင် ယောမင်းကြီး ဦးဘိုးလှိုင်၏ မျက်နှာကို မြင်ယောင်လာလေသည်။ တိုင်းသူပြည်သား ရှင်လူအများသို့လည်း မိဖုရားခေါင်ကြီး၏ အလောင်းတော်ကို ပူးမြှော် ကန်တော့ရန် ပိတ်ဖြူများ ထုတ်ပေးရမည်။ ဝတ်ဖြူစင်ကြယ် ဝတ်၍ မသာတော် အခမ်းအနားသို့ ဝင်ရမည်ဟု အမိန့်တော်

ထုတ်ဆင့်လိုက်သည်။

မင်းတုန်းမင်းတရားကြီးသည် အံလောင်းတော်ကို သင်္ဂြိုဟ်သော်လည်း လွန်စွာမြတ်နိုးအားကိုးတော်မူရသော မိဖုရားခေါင်ကြီးအား လွမ်းဆွတ်တော်မူသေးသဖြင့် သင်္ဂြိုဟ်ရာ ဥယျာဉ်တော်၌ စံနန်းတော်နှင့် ၃ လ တိုင်တိုင် ညီလာခံဝင်စေ၍ တရားစီရင်တော်မူလေသည်။

ဤအချိန်တွင် မသာတော်အခမ်းအနား သင်္ဂြိုဟ်ရန် ဆက်သသည့်စာကို သတိရသဖြင့် …

"ဘိုးလှိုင်အား ရာထူးပြန်ခန့်မှ တော်မည်"

ဟု စဉ်းစားကာ သံတော်ဆင့်တစ်ယောက်အား ဦးဘိုးလှိုင်ရှိရာ အမရပူရသို့ စေလွှတ်တော်မူလေ၏။ ထိုသံတော်ဆင့်အား

"ဘိုးလှိုင် ဘုရင့်ထံပါး မခစားချင်သေးဘူးလားလို့ မေးချေစမ်း"ဟု အမိန့်တော်မှတ်လိုက်ရာ အမိန့်တော်အတိုင်း သံတော်ဆင့်က ယောမင်းကြီးအား တင်လျှောက်လေရာ … ဦးဘိုးလှိုင်လည်း မိဖုရားခေါင်ကြီး မရှိတော့သည့်အတွက် စိတ်လက် မအီမသာဖြစ်နေလေသဖြင့် …

"ဘယ်နေရာက ခစားရမလဲလို့ … ပြန်သံတော်ဦးတင်လိုက်ကွာ"ဟု တင်လျှောက်ရန် စကားပြန်လိုက်လေသည်။

သံတော်ဆင့်လည်း ဦးဘိုးလှိုင်စကားအတိုင်း မင်းတုန်းမင်းတရားကြီးအား ပြန်လည်တင်လျှောက်လေရာ ... မင်းတုန်းမင်းကြီးလည်း ဒေါသထွက်ထွက်နှင့် ...

"နင့်အမေသချိုင်းက ခစ ႏလို့ပြန်ပြောချေ"

ဟု အမိန့်တော်ရှိလေ၏။

မင်းတုန်းမင်းကြီးလည်း မိဖုရားခေါင်ကြီး သကြိုဟ်၍ မြုပ်နှံဂူသွင်းရာသို့ နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် အမြဲမှန်မှန်ကြွတော်မူလေ၏။

နောက်တစ်နေ့နံနက်တွင် မင်းတုန်းမင်းကြီးသွားရာလမ်း၌ စာတစ်စောင်ချထားသဖြင့် စာတော်ဖတ်များတွေ့လေလျှင် ကောက်ယူ၍ မင်းတရားကြီးအား ဆက်သတော်မူလေ၏။

ထိုစာတွင် ရေးထားသည်မှာကား ...

**မောင်တော်ဘုရား ...**

**"သားမိုက်ထေိုးလှိုင်ကို မိဖုရားမရှိသော်ငြား ရှိဘိသကဲ့သို့ မူလအတိုင်း ပြန်လည်ချီးမြှင့်ရန် လျှောက်ထားသံတော်ဦးတင်ဝံ့ပါသည်ဘုရား"**

**(ပုံ)**

**စကြာဒေဝီ**

မင်းတုန်းမင်းတရားကြီးလည်း ထိုစာကိုဖတ်ပြီးနောက် မိဖုရားကြီး အုတ်ဂူရှိရာသို့ လှမ်းကြည့်လိုက်ရာ ယောမင်းကြီးဦးဘိုးလှိုင်မှာ ဂူသေးတွင် ပြားပြားဝပ်လျက် ခစားနေသည်ကို တွေ့မြင်တော်မူလေသည်။ မင်းတုန်းမင်းကြီး၏ စိတ်တွင် ဦးဘိုးလှိုင်၏စာမှာ ကြေကွဲဝမ်းနည်းလာစေတော့သည်။

ထို့ကြောင့် ဆို့နင့်ကြေကွဲသောအသံဖြင့်

မင်းတုန်းမင်းကြီး ။ ။ "ဟဲ့ … ဘိုးလှိုင်၊ မင်းက ဒီနေရာလာပြီး ဘာလုပ်နေတာလဲ"

ဦးဘိုးလှိုင် ။ ။ "ဘုန်းတော်ကြီးဘုရားက အမေ့သချိုင်းက နေပြီး ခစားရမယ် … အမိန့်တော်မှတ်လို့ ခစားနေရကြောင်းပါဘုရား"

မင်းတုန်းမင်းကြီး ။ ။ "မင်းကွယ် … တော်တော် ပေကပ်ကပ်နိုင်တဲ့အကောင်ပဲ၊ သွား … သွား၊ မင်း အိမ်တော်ကို မင်းပြန်၊ အဆောင်အယောင်နဲ့ မင်းရာထူး မင်းပြန်ယူစေ"

ထိုအခါမှ ဦးဘိုးလှိုင်သည် မွေးစားမိခင်ဖြစ်ခဲ့သော စကြာဒေဝီ မိဖုရားခေါင်ကြီး၏ အုတ်ဂူသေးမှ လျှင်မြန်စွာထ၍ အိမ်တော်သို့ ပြန်ခဲ့လေသည်။

စိုးတာငပ

ဦးဘိုးလှိုင်ကား ဉာဏ်ပညာထက်မြက်လှသကဲ့သို့ တင်္ခဆုပ္ပတ္တိ ဉာဏ်လည်း ရှင်သူ သုခမိန်တစ်ဦးပင်ဖြစ်လေတော့သည်။

# ဥတုဘောဇန သင်္ဂဟာကျမ်း
# သို့မဟုတ်
# သမားတော်လက်စွဲကျမ်း

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆–ရက်နေ့၌ မင်းတုန်းမင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်ခဲ့လေသည်။ ဦးဘိုးလှိုင်သည် နဝသိဒ္ဓန္တကျမ်းကို ပြုစုပြီးသည့်နောက် နောင်အခါ၌ ကင်းဝန်မင်းကြီးဟု ထင်ရှားလာမည့် လယ်ကိုင်းမြို့စား ဝန်ရှင်တော်မင်းကြီး၏ တောင်းပန်ချက်အရ (ဥတုဘောဇနသင်္ဂဟာ) ရေးသားစီရင်တော်မူရာ ... သက္ကရာဇ် ၁၂၄၁–ခု၊ နယုန်လဆန်း ၈–ရက်၊ ကြာသပတေးနေ့တွင် ပြီးစီးခဲ့သည်။

ရာထူးမှအချခံပြီးမှ ရေးခဲ့သောကျမ်းတို့ထဲတွင် ဥတုဘောဇန

သင်္ဂဟကျမ်းသည် ခေတ်အဆက်ဆက်မှိ၍ လူတိုင်းသုံးစွဲသည့် အတွင်ကျယ်ဆုံးသော ကျမ်းတစ်ဆူဖြစ်သည်။ ဥတုဘောဇနကျမ်း သည် ဥတုနှင့်အဟာရတည်းဟူသော အကြောင်းတရားနှစ်ပါးကြောင့် လူတို့၌ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ အသက် တိုခြင်း စသည်တို့ဖြစ်ရသည်ကို အထူးထူးသော ဆေးကျမ်းတို့နှင့် ညှိနှိုင်းပြုစုထားသော ကျမ်းဖြစ်သည်။

ကျန်းမာရေးအတွက် လူတို့ မည်သို့မည်ပုံ နေထိုင်စားသောက် ရမည်ကိုပြသည်။ အချို့သော ပညာရှင်တို့က ထိုကျမ်းကို ခေတ် ကျမ်းဟု ဆိုကြသည်။ သို့သော် ထိုကျမ်းသည် ခေတ်စာမည် ကာမတ္တကျမ်းမဟုတ်၊ ဥတုပြောင်းလဲခြင်းကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်အရပ်ကြောင့်လည်းကောင်း၊ အသက်အရွယ်ကြောင့် လည်းကောင်း ခန္ဓာကိုယ်ဖောက်ပြန်သည့်အခါ ကျန်းမာခြင်းကို ဆောင်ရန်အလို့ငှာ မည်သို့နေထိုင်စားသောက်ရမည်ကို အစုံအလင် ပြသောကျမ်းဖြစ်သည်။

ယခုခေတ်သဘောနှင့်ညီအောင် ပြောရလျှင် ယောမင်းကြီး ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းသည် ထိုခေတ်ရှိ မြန်မာတို့ အတွက် ပြည်သူ့ကျန်းမာရေးကျမ်းဖြစ်သည်။ ကျန်းမာရေးကို ရှေ့ရှု၍ လုပ်ပေးခြင်း၊ အားကစားပြုလုပ်ခြင်း၊ ဆီနံ့သာမွှေး

လိမ်းကျံခြင်း၊ ရေချိုးခြင်း၊ အစာစားခြင်း စသည်တို့ကို စနစ်တကျ ပြုလုပ်ရန် ရည်ညွှန်းဆိုထားသည်။ ထိုကျမ်းမှာ မြန်မာ့ဆေးပညာ အခြေခံကျမ်းဖြစ်ပြီး ကျမ်းပေါင်း ၁၈ စောင်ကို ကိုးကားရေးသား သည်ဟု သိရသည်။

ဦးဘိုးလှိုင်သည် ဘဝတစ်လျှောက်လုံး ပညာကို ဆည်းပူး လေ့လာခဲ့၍ အသက် ၅၁ နှစ်အရွယ်သို့ ရောက်၍ ရင့်ကျက် တည်ငြိမ်သောအခါ၌ ပညာစုံ၊ ကုံလုံကြွယ်ဝပြီးဖြစ်ရာကား ဥတု ဘောဇနသင်္ဂဟကျမ်းကို လူသားတို့အကျိုးပြုစေခြင်းငှာ ရည်ရွယ် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုကျမ်းကို မည်သည့်သမားတော်မှ မတော်လှန်ရဲ၊ မငြင်းရဲအောင် တင်ပြထားသော ဆေးကျမ်းဖြစ်သည်။

ယင်းဆေးကျမ်းကြီးတွင် (နွေ၊ မိုး၊ ဆောင်း) ဟူ၍ ဥတု သုံးပါးရှိသော်လည်း ဥတုသုံးပါးမှာ အပူ၊ အအေးမတူ ကွဲလွဲသော ကြောင့် ဆေးဝါးပေးရာ၌ ဝေဒနာရှင်များ ရောဂါပျောက်စိမ့်သောငှာ တစ်နှစ်လျှင် ဥတု ၆ ပါး ခွဲခြားပြသထားခဲ့သည်။ ဤဥတု ၆ ပါး တို့၌ ကျင့်ရန်၊ ရှောင်ရန်အကျယ်ကို သုဘာတဆေးကျမ်း၊ ဘာဝပ္ပကာသဆေးကျမ်း၊ ရာဇနိဃဏ္ဍုဆေးကျမ်း၊ အဗ္ဗဂုဏပကာသ ဆေးကျမ်းတို့မှ ထုတ်နုတ်၍ အောက်ပါအတိုင်း ဖော်ပြပေးထား သည်။

လောကဝေါဟာရအားဖြင့် (ဝါဆို၊ ဝါခေါင်) ၂ လသည် ဝဿာနဥတုမည်၏။ ဤဥတုသည် စိုစွတ်၏။ ပူတုံအေးတုံရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်မှ လေကျ တတ်၏။ နတ်သမီး ကွမ်းသွေး စသော ပိုး၊ မှတ်၊ ခြင်၊ ဖား အစ ရှိသည်တို့ ပေါများ၏။ ထိန်၊ မအူ၊ လက်ထုတ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက် စသောပန်းတို့လည်း ပွင့်ကုန်၏။ မြစ်ရေတို့လည်း ပြည့်လျှံကုန်၏။

ရေကန်၊ ရေအိုင် စသည်တို့၌ ကြာဖြူ၊ ကြာညို၊ ကြာနီ တို့သည် ပွင့်ကြကုန်၏။ မြေအပြင်၌ မိုးရေဖြင့်မထင်ရှားသော ကုန်းကြည်းရှိကုန်၏။ စပါးပင်တို့ဖြင့် တင့်တယ်ကုန်၏။ အမြစ်၊ အသီး၊ အပွင့်၊ အရွက် ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ နုသောကြောင့် အစွမ်းသတ္တိနည်းကုန်၏။ အပလေအားကြီး၏။ သည်းခြေငုတ်၏။ လေပျက်၏။ ဝမ်းမီးနုန့်၏။ အပင်ပမ်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ မိုးသက်နှင့်အတူပါသောလေ၏ အဆိအစေးမရှိ။

အေးသောသွား၊ အစရှိသောအစာ၊ တက်သော၊ အေးသော၊ ဆပ်ပြာ၊ ပြာ၊ ဆား၊ အစရှိသော ဆေးတို့ကို ရှောင်ကြဉ်အပ်ကုန်၏။ လေမတိုက်သော အခန်းလုံ ခြွေးအောင်းခြင်း၊ နှိပ်နယ်ခြင်း၊ နွားနို့ချဉ်၊ ကျေလွယ်သော လေကိုနိုင်သော အဆိမ့်၊ အငန်၊ အချဉ်အရသာ

တို့ကိုလည်းကောင်း၊ ကြရှုသီးနှင့် သိန္ဓောကိုလည်းကောင်း၊ အစာ ကျေစေတတ်သော အစပ်၊ အခါးအရသာကိုလည်းကောင်း။

ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသားကို လည်းကောင်း၊ တစ်နှစ်လွန်သော ဂျုံ၊ သလေးတို့ကိုလည်းကောင်း၊ ပျားရည်ငယ်၊ ကျော့အုတ်စီသောတွင်းကြီးရေတို့ကိုလည်းကောင်း မှီဝဲသုံးဆောင်အပ်ကုန်၏။ ကရမက်၊ ကတိုး၊ ကုက်မံ၊ ဤအမွှေး သုံးမျိုးတို့ကို ရော၍ လိမ်းကျံရာ၏။ ဖြူစင်သောအဝတ်၊ ပုဆိုး၊ စောင်တို့ကို ဝတ်ရုံရာ၏။ မစိုစွတ်သော အရပ်၌နေရာ၏။

(တော်သလင်း၊ သီတင်းကျွတ်) ၂ လသည် သရဒုတုမည်၏။ လောကသည်ပူ၏။ ကောင်းကင်၌ အညစ်ကြေးကင်း၏။ ဖြူစင်၏။ အိုင်၊ အင်း၊ မြစ်ကမ်းတို့သည် ပေါကုန်၏။ ဟသာ်အစရှိသော ငှက်တို့ဖြင့် ပြည့်ကုန်၏။ ချွေးတို့သည် မြူးတူးကုန်၏။ မြေ၊ အနိမ့်၊ အမြင့်၊ အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရွံ့ညွှန် ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏။

ပဒုမ္မာကြာ၊ ခေါင်ရမ်း၊ ပိတ်တောက်၊ ရင်းမာစသော ပန်းတို့ သည် ပွင့်ကုန်၏။ အသီး၊ အပွင့်၊ အရွက်၊ အမြစ်၊ ဆေးတို့သည် ဩဇာရှိကုန်၏။ ဝဿာနရတု၌ ဆိုခဲ့သော ငုပ်သောသည်းခြေနှင့် သွေးတို့သည် ပျက်ကုန်၏။ နေပူနှင့် အရေ့ကလာသော လေ၊

ရေများသောအရပ်၌ ကျက်စားသော သားငှက်မျိုး၊ နွားနို့ချဉ်၊ နေ့၌အိပ်ခြင်း၊ သေရက်အမျိုးမျိုး ပုန်းရည်၊ မတ်ပဲနှင့် နှမ်း၊ အပူအစပ်၊ အဆီ၊ အစေး မရှိသောအစာ၊ မေထုန်မှီဝဲခြင်းနှင့် တက်သောအစာတို့ကို ရှောင်အပ်၏။

ထောပတ်၊ အချို၊ အဆိမ့်၊ အဖန်၊ အခါး၊ အေးသော၊ ကျေလွယ်သောအစာ၊ နွားနို့၊ သကြား၊ ငန်သောအရသာ သကြားနှင့် ကြဇုသီး၊ ဂျုံ၊ မုယော၊ ပဲနောက်၊ ကောက်ကြီးဆန်၊ ကြည်းကုန်း၌ ကျက်စားသောငှက်တို့၏အသားတို့ကို စားသောက်အပ်ကုန်၏။ ဝမ်းနှုတ်ခြင်း သွေးထုတ်ခြင်းတို့ကို ပြုအပ်ကုန်၏။

နေ့၌ နေပူလှမ်း၍ ညဉ့်၌ လရောင်ခံစေသောရေသည် (အံသုဒက) ရေမည်၏။ ထိုရေကို သောက်အပ်၏။ အံသုဒကရေ ဖြစ်အောင် ဥတုအားလျော်စွာ မြစ်ရေကို လုပ်ရာ၏။ စောင်၊ အဝတ်၊ လိမ်းကျံရန် အမွှေးတို့မှာလည်း (ဝဿာနဥတု)တွင် ဆိုသည့်အတိုင်း ပြုအပ်၏။ ချိုသောသီချင်းသံ၊ အတီးအမှုတ်၊ ပွဲလမ်းသဘင်တို့ကို ကြည့်ရှုနားထောင်အပ်ကုန်၏။

(တန်ဆောင်မုန်း၊ နတ်တော်) ၂ လသည် ... ဟေမန္တဥတု မည်၏။ လောကသည်အေး၏။ လောကမခြောက်။ ဆီးနှင်းများ၏။ မြောက်ဘက်မှလေလာ၏။ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့သည် မြူး

တူးကုန်ကြ၏။ သစ်မည်စည်၊ ဆီးဖြူ၊ ခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင် စသောပန်းတို့သည် ပွင့်ကုန်၏။ ချိုဆိမ့်သောအရသာရှိကုန်သော အမြစ်၊ အသီး၊ အရွက်၊ အပွင့်တို့သည် အားရှိကုန်၏။

လူတို့သည်လည်း အားရှိကုန်၏။ ဝမ်းမီးကောင်း၏။ အဆီ၊ အစေးမရှိသောအစာ၊ ကြေလွယ်သောအစာ လျော့၍ စားသောက်ခြင်း၊ လေကိုပွားစေတတ်သော ခါးသောအစာ၊ ယပ်လေခပ်ခြင်း၊ ဆီးနှင်း၊ အဖန်၊ အစပ်တို့ကို ရှောင်ကြဉ်အပ်ကုန်၏။ အဆီ၊ အစေးများသော အစာ၊ အချိုအဆိမ့်၊ အချဉ်အငန်၊ ရေ၌ကျက်စားသောငှက်မျိုး တွင်းနှင့်နေသော သားကောင်မျိုးတို့၏အသား နွားနို့၊ ထောပတ်၊ ဆီဦ၊ ဆီ၊ သကြား၊ ကောက်ကြီးဆန်၊ ပျားရည်၊ သေရည်အမျိုး မျိုး၊ အိုင်ကြီးရေ၊ ကြာဇုသီးနှင့် ချင်းခြောက်၊ မြေအိမ်တိုက်တာ၊ မေထုန်မှီဝဲခြင်း၊ လုံအောင်ပိတ်ဖုံးခြင်းရသော လှည်း၊ ရထား၊ ဆင်၊ မြင်းတို့ဖြင့် သွားလာခြင်း။

မိန်းမနှင့်အတူအိပ်ခြင်းတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏။ သားမွေး၊ ပုဆိုးအဝတ်တို့ကို ဝတ်ရုံအပ်ကုန်၏။ ကုင်္ကုမံ၊ ကရမက်၊ အကျော်၊ လိပ်သည်းခေါ်သည့် အကျော်တို့ကိုလည်း လိမ်းကျံအပ်ကုန်၏။

(ပြာသို၊ တပို့တွဲ) ၂လသည် သိသိရဥတုမည်၏။ လောက

သည် အလွန်အေး၏။ ဆီးနှင်းနည်း၏။ ရှုံ့ညွန်ခြောက်၏။ ခွာညို၊ သရက်၊ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ သလိပ်ပုပ်၏။ ဝမ်းမီးကောင်း၏။ လေပျက်၏။ ရှောင်ကြဉ်ရန် မှီဝဲရန်များမှာ ပောမန္တာဉတုနှင့်တူ၏။ ကြဇုသီးနှင့် ပိတ်ချင်းသီးကို စားရသည်သာ ထူး၏။

(တပေါင်း၊ တန်ခူး) ၂ လသည် ဝသန္တာဥတုမည်၏။ လောက သည် စဉ်းငယ်ပူ၏။ ကောင်းကင်ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချယား၊ သော်က၊ သရဖီ၊ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ ဥသြငှက်၊ ပျား ပိတုန်းတို့ဖြင့် ရောပြွမ်းကုန်၏။ တောင်လေလာ၏။ သလိပ်ပျက်၏။ လောကမခြောက်၊ ချိုဆိမ့်အရသာရှိသော အမြစ်၊ အရွက်၊ အသီး အမျိုးမျိုးအားရှိ၏။

အချို၊ အဆိမ့်၊ အဖန်၊ အေးသော၊ ကျေခဲသောအစာ၊ နေ့၌အိပ်ခြင်း၊ တက်သောအစာတို့ကို ရှောင်ကြဉ်အပ်၏။ အပင်ပမ်း ခံခြင်း၊ နှိပ်နယ်ခြင်း အခိုးသောက်ခြင်း၊ ချဉ်စပ်သောအရသာရှိသည့် အရည်တို့နှင့် ပါးလုပ်ဆေးခြင်း၊ မျက်စဉ်းခပ်ခြင်း၊ နှာနှပ်ခြင်း၊ သလိပ်ထွက်အောင် အန်ဆေးတိုက်ခြင်း၊ ကြဇုသီးနှင့် ပျားရည်၊ မိန်းမပျိုတို့ကို မေထုန်မှီဝဲခြင်း၊ ကြည်းကုန်း၌ ကျက်စားသော

ငှက်တို့၏ အသားကိုစားအပ်၏။

ထောပတ်ရိုက်၍ ကင်သောအသား၊ စိမ့်စမ်းရေ၊ တံခွန်ရေတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏။ ကရမက်၊ ပရုပ်၊ သားလှကျေးငှက်တို့ကို လိမ်းကျံအပ်ကုန်၏။ ကျေလွယ်သော သလိပ်ကိုနိုင်သော အစပ်၊ အပူ၊ အငန်၊ အခါး၊ အရသာတို့ကို စားအပ်ကုန်၏။ ချိပ်၊ ဆူးပန်း၊ ပိန္နဲ၊ အစရှိသော ဖန်ရည်တို့ဖြင့် ဆိုးအပ်သော စောင်ပုဆိုးတို့ကို ဝတ်ရုံအပ်ကုန်၏။

(ကဆုန်-နယုန်) ၂ လသည် ဂိမှဥတုမည်၏။ လောကသည် အလွန်ပူ၏။ အနောက်တောင်ရာသီ လေပူတိုက်၏။ စက္ကဝက်ငှက်တို့ဖြင့် ပြွမ်း၏။ နွယ်မြက်တို့သည် ပျက်စီးကုန်၏။ စံပယ်အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။

လောကခြောက်၏။ အစပ်၊ အခါး၊ အစရှိသော အသီး၊ အရွက်၊ အမြစ်တို့သည် အားရှိကုန်၏။ သည်းခြေပျက်၏။ လူတို့သည် အားယုတ်ကုန်၏။ လေငုပ်၏။ အစပ်၊ အဖန်၊ အငန်၊ အပင်ပမ်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ အဆီအစေးမရှိသောပူသော အစာတို့ကို ရှောင်ကြဉ်အပ်ကုန်၏။

ချိုဆိမ့်သောအရသာ၊ အေးသောဖျော်ရည် အဆီအစေးများသောအစာ သကြားနှင့်လုပ်သော ပေါက်ပေါက်ဆုပ်၊ ကရေကရာ

စသော မုန့်၊ ကြည်းကုန်း၌ ကျက်စားသောသားငှက်တို့၏ အသား၊ ထောပတ်၊ နွားနို့၊ ကောက်ကြီးတို့၏ အသား၊ ထောပတ်၊ နွားနို့၊ ကောက်ကြီးဆန်၊ အေးသော တိုက်အိမ်တို့၌ နေ့ကို အိပ်ခြင်း၊ ယပ်လေခပ်ခြင်း၊ ညဉ့်တွင် လရောင်၌ အိပ်ခြင်း။ ရေ တံခွန်ထွက်သော ရေအေး၊ ကြာဖုသီးနှင့် ကြာသကာတို့ကို မှီဝဲ သုံးဆောင်အပ်ကုန်၏။ လိမ်းကျံရန် နံ့သာဝတ်ရုံရန် အဝတ်ပုဆိုး များမှာ ဝဿန္တဥတုနှင့်တူ၏။

ဥတု ၆ ပါးတို့၏ အစ ၇ ရက်၊ အဆုံး ၇ ရက်တို့သည် ဥတုသန္ဓိမည်ကုန်၏။ ရှောင်ကြဉ်ရမည့်အစား အစာ၊ အမှုကိစ္စတို့ကို ဤဥတုသန္ဓိ၌ အလွန်သတိထား၍ ရှောင်ကြဉ်ရမည်။

သရဒဥတုနှင့် ဟေမန္တဥတုအကြား၊ သီတင်းကျွတ်လအဆုံး ၈ ရက်၊ တန်ဆောင်မုန်းလအစ ၈ ရက်၊ ဤတစ်ဆယ့်ခြောက် ရက်မှာ (ယမဒေါ္ဒာ) ရက်မည်၏။ သေမင်း၏အစွယ်နှင့်တူသော ရက်ဟု ဆိုလိုသည်။

ဤ ၁၆ ရက်တို့၌ အစားအသောက်၊ အနေအထိုင်၊ အခြား ဥတုသန္ဓိရက်များထက် ထူး၍ ရှောင်ကြဉ်အပ်ကုန်၏။ ဤယမဒေါ္ဒာရက်၌ အနာရောဂါဖြစ်လျှင် ဆေးကုခက်လေ၏။ သေ တတ်၏။ နေ၏ တောင်မြောက်အယာဉ်နှစ်ပါး၌ သွားခြင်းကို

စွဲ၍လည်းကောင်း၊ တည်နေရာအရပ်ကိုစွဲ၍လည်းကောင်း၊ အပူ အအေး မိုးရွာခြင်း၊ တောင်လေမြောက်လေတို့သည် ဖြစ်လာကုန်၏။

ယင်းသို့လျှင် ယောအတွင်းဝန်မင်း ဦးဘိုးလှိုင်သည် ဥတု ဘောဇနသင်္ဂဟကျမ်းခေါ် ရာသီဥတုအလိုက် အစားအသောက် အနေအထိုင်များတို့ကို အနုစိပ်ခွဲ၍ လူသားတို့၏ (ဝိသတိမကဏ္ဍ) အဓိကအခန်းပေါင်း ၂၀ နှင့် အကြောင်းရာပေါင်း ၉၃ မျိုး ခွဲခြား ပြုစုခဲ့ခြင်းဖြင့် နောင်းလူတို့ အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည်။ ဥတု ၆ ပါးကို ရှင်းလင်းဖော်ပြရာ၌ ...

**၁။ ဂိမှုန်ဂိမှန်ခေါ်ခေါင်လများတွင် ရှောင်ကြဉ်ရန် ...**

(က) အပင်ပမ်းခံခြင်းမပြုရ။

(ခ) မေထုန်မှီဝဲခြင်းမပြုရ။

(ဂ) သခွားသီးမစားရ။

(ဃ) သက်သော၊ အေးသော၊ ဆပ်ပြာ၊ ပြာ၊ ဆား စသည်ဆေးများ မစားရ။

**မှီဝဲသုံးဆောင်ရန်မှာကား ...**

(က) အခန်းလုံတွင် ချွေးအောင်းခြင်း၊ နှိပ်နင်းခြင်းမပြုရ။

(ခ) နွားနို့ချဉ်၊ ကျောလွယ်၍ လေကိုနိုင်စေတတ်သော

အချို၊ အဆိမ့်၊ အငန်၊ အချဉ်၊ ကြွက်သီး၊ သိန္ဓော၊ အစာကျေစေတတ်သော သားငှက်တို့၏ အသား၊ တစ်နှစ်လွန်သလေး၊ ဂျုံ၊ ပျားရည်ငယ်၊ ကျောက်အုတ် စိတ်ကွက်တွင်းရေ ... စသည်တို့သုံးဆောင်။

(ဂ) ကရမက်၊ ကတိုး၊ ကုက္ကုမံ ရောလိမ်း။

(ဃ) သန့်ရှင်းသောအထည်၊ စွပ်စိုသောအရိပ်၌ နားနေ။

၁။ **တော်သလင်း၊ သီတင်းကျွတ်လများတွင် ရှောင်ရန်။**

(က) နေပူအရှေ့ လေမခံရ။

(ခ) ရေများရာဒေသ၌ ကျက်စားသော သားငှက်မျိုး၊ နွားနို့ချဉ်၊ နေ့အချိန်အိပ်ခြင်း၊ မေထုန်မှီဝဲခြင်း၊ သေရည်အမျိုးမျိုးသောက်ခြင်း၊ ပုံးရည်၊ မတ်ပဲ၊ နှမ်း၊ အပူ၊ အစပ်၊ အဆီအစေးမရှိသော အစာများမစားရ။

(ဂ) တက်သောအစာအဟာရများမစားရ။

**မှီဝဲသုံးဆောင်ရန်မှာကား ...**

(က) ထောပတ်၊ အချို၊ အဆိမ့်၊ အခါး၊ အဖန်၊ အေး၍ ကျေလွယ်သောအစာ၊ နွားနို့၊ သကြား၊ ငန်သော

အရသာ ကြဲဖုသီး၊ ဂျုံ မုယော၊ ပဲနောက်၊ ကောက်ကြီး ဆန်၊ ကြည်းကုန်း၌ ကျက်စားသော ငှက်တို့၏ အသားတို့ကိုစား။

(ခ) ဝမ်းနုတ်ခြင်း၊ သွေးထုတ်ခြင်းပြုလုပ်။

(ဂ) နေ့အခါ နေပူလှမ်း၊ ညအခါ လရောင်ခံသော ရေ၊ မြစ်ရေသောက်။

(ဃ) ကရမက်၊ ကတိုး၊ ကုက္ကိုမံ၊ ရောလိမ်း။

(င) တေးဂီတ၊ ပွဲလမ်းသဘင်နားထောင်ကြည့်ရှုခြင်းပြုနိုင်။

၃။ **တန်ဆောင်မုန်း နတ်တော်လများတွင် ရှောင်ကြဉ်ရန်**

(က) လေကိုပွားစေတတ်၍ ခါးသောအစားအစာ၊ အဖန်၊ အစပ် မစားအပ်။

(ခ) ယပ်လေခပ်ခြင်း မပြုရ။

(ဂ) ဆီးနှင်းကျခံခြင်း စသည်တို့ကို မပြုရ။

**မှီဝဲသုံးဆောင်ရန်တား ...**

(က) အဆီ၊ အစေးများသောအစာ၊ အချို၊ အဆိမ့်၊ အချဉ် အငန်၊ ရေ၌ ကျက်စားသောငှက်မျိုး၊ တွင်းနှင့်နေသော

သားကောင်မျိုးတို့၏အသား။ နွားနို့၊ ထောပတ်၊ ဆီဦ
ဆီ၊ သကြား၊ ကောက်ကြီးဆန်၊ ပျားရည်၊ သေရည်
အရက်အမျိုးမျိုး။ အိုင်ကြီးရေ၊ ကြံဖုသီးနှင့် ချင်းခြောက်။
မြေ၊ အိမ်၊ တိုက်တာ၊ လုံအုံပိတ်ဖုံးထားသော လှည်း၊
ရထား၊ ဆင်၊ မြင်းတို့ဖြင့် သွားလာခြင်းပြုလေ။

(ခ) မိန်းမနှင့်အတူ အိပ်ခြင်းပြုလေ။

(ဂ) သားမွေးအဝတ်အထည် ဝတ်ရုံခြင်းပြုလေ။

(ဃ) မေထုန်မှီဝဲခြင်းပြုနိုင်သည်။

(င) ကုက်ံ၊ ကရမက်၊ အကျော်၊ လိပ်သည်းခေါ် အကျော်
နိုက်စသည်တို့ လိမ်းရ၏။

## ၄။ ပြာသို၊ တပို့တွဲလများတွင် ရှောင်ကြဉ်ရန်

မှီဝဲသုံးဆောင်ရန် အမှုကိစ္စတို့မှာ တန်ဆောင်မုန်း၊ နတ်တော်လများနှင့် အတူတူပင်ဖြစ်သည်။ ထူးခြားသည်ကား... ကြာဖုသီးနှင့် ပိတ်ချင်းသီးကို စားရန်ပင်ဖြစ်သည်။

**၅။ တပေါင်း၊ တန်ခူးလများတွင်** အေး၍ကျေခဲသောအစာ၊ တက်စာ မစားရ။ နေ့၌ အိပ်ခြင်းတို့ကိုမပြုရ။

(က) အပင်ပမ်းခံခြင်း၊ နိုပ်နယ်ခြင်း၊ အခိုးသောက်ခြင်း၊ ချဉ်စပ်ရည်တို့ဖြင့် အာလုပ်ကျင်းခြင်း၊ မျက်စဉ်းခတ်ခြင်း၊ နှာနှပ်ခြင်း၊ သလိပ်ထွက်အောင် အန်ဆေးတိုက်ခြင်း ပြုလေ။

(ခ) ကြဲဖုသီးနှင့်ပျားရည်၊ ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏အသား၊ ထောပတ်ရိုက်၍ ကင်သော အသား၊ စိမ့်စမ်းရေ၊ တံခွန်ရေ၊ ကျောလွယ်၍ သလိပ် ကိုနိုင်သော စပ်၊ ပူ၊ ငန်၊ ခါးများစားခြင်း။

(ဂ) မိန်းမပျိုတို့ကို မေထုန်မှီဝဲခြင်းပြုနိုင်သည်။

(ဃ) ကာရမက်၊ ပရပ်တို့ကို လိမ်းကျံခြင်း စသည်တို့ကို ပြုနိုင်သည်။

## ဖ။ တဆုန်၊ နယုန်လများတွင် ရှောင်ကြဉ်ရန်...

(က) အစပ်၊ အချဉ်၊ အငန်များမစားရ။ အဆီ၊ အစေးမရှိ ပူသောအစားအစာမစားရ။

(ခ) အပင်ပမ်းခံခြင်းမပြုရ။

(ဂ) မေထုန်မှီဝဲခြင်းမပြုရ။

**မိုဝဲသုံးဆောင်ရန်မှာကား...**

(က) ချိုဆိမ့်သောအရသာ၊ အေးသောဖျော်ရည်၊ အဆီအစေး များသောအစာ၊ သကြားနှင့်လုပ်သောပေါက်ပေါက်ဆုပ်၊ ကရေကရာမုန့်။ ကြည်းကုန်း၌ ကျက်စားသောသား ငှက်တို့၏ အသား၊ ထောပတ်၊ နွားနို့၊ ကောက်ကြီး ဆန်၊ ကြဗုသီး၊ ကြံသကာတို့ကိုစားပါ။

(ခ) အေးသောတိုက်အိမ်တို့၌ နေ့အချိန်အိပ်ခြင်း၊ ယပ်လေ ခပ်ခြင်း၊ ညအခါလရောင်၌ အိပ်ခြင်းတို့ကိုပြုပါ။

(ဂ) ကရမက်၊ ပရုပ်၊ စသည်တို့ကို လိမ်းကျံပါ။

(ဃ) ချိပ်၊ ဆူးပန်း၊ ပိန္နဲစသော ဖန်ရည်ဆိုးအဝတ်များကို ရုံပါ။

ဤသည်တို့ကား ရာသီဥတုအလိုက် စားသုံးရန် ဝတ်ဆင်ရန် ဆင်ခြင်တို့ပင်တည်း။

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ခေတ်ကိုတော်လှန်ခဲ့ရာတွင် ရှေ့ဆုံးမှ ပါဝင်ခဲ့သူဖြစ်သည်။ သူ့အတွေးအခေါ်များမှာ ခေတ်မီ ရုံမျှမက ခေတ်ရှေ့မှ ပြေးစေ၏။ အရာရာကို စူးစမ်းရှာဖွေသုတေသန ပြုရာ၌ သူမတူအောင် စွမ်းဆောင်နိုင်ခဲ့သည်။ လူတိုင်းသဘောပေါက် အောင် အားထုတ်ရာ၌ သက်ဦးဆံပိုင် ဘုရင်စနစ်ကိုပင် တော်လှန်

ဝံ့သူဖြစ်သည်။ မည်သည့်အရာကိုမဆို ဘုရင့်အလိုတော်ကျ (မှန်ပါ့ဘုရား) လုပ်နေကြသည့်ကာလ၌ ဦးဘိုးလှိုင်သည် ဝံ့ဝံ့စားစား၊ မမှန်လျှင် မမှန်သလိုပင် သံတော်ဦးတင်ဝံ့သူဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်းပြုစုချိန်၌ အရွယ်အားဖြင့် ၅၁ နှစ်ရှိပြီဖြစ်ပြီး၊ ဘိုးဝဇီရ အယ်ဒီတာလုပ်နေသည့်မင်းတုန်းမင်းတရားကြီး၏ (ရတနာပုံသတင်းစာ)ထုတ်နေသည့်အခါဖြစ်သည်။ ထိုခေတ် ထိုအခါက အရေးအသားမှာ နဘောကာရံတို့ဖြင့် ရေးသားကြသည့် ခေတ်ဖြစ်သော်လည်း ဦးဘိုးလှိုင်၏ အရေးအသားမှာ ယင်းမှ သွေဖီဆန်းသစ်နေကြောင်း တွေ့နိုင်သည်။

ဝါကျတို့ကို လိုရင်းကိုသာဆို၍ ခေတ်စမ်းစာပေ၏ က၊ ဦးအရိပ်လက္ခဏာဟု ဆိုသော် မှားအံ့မထင်ပေ။ ထို့ကြောင့် သူ၏ဥတုဘောဇနသင်္ဂဟကျမ်းမှာ လူတိုင်းလက်ဝယ်ထားသကဲ့သို့၊ ပြောစမှတ်ဖြစ်သော အရေးရှင်းရှင်းကို လူတိုင်းလက်ခံနှစ်သက်လာကြတော့သည်။ ဥတုဘောဇန သင်္ဂဟကျမ်းတစ်အုပ်ရှိ ယုံနှင့်မိမိ၌ အဖော်ကောင်းတစ်ယောက် လက်ကိုင်ထားရသည့်နှယ် ဖြစ်တော့သည်။

ဆေးပညာပေး သက်သက်မဟုတ်ဘဲ၊ လောကီရေးရာ၌ပင် အသုံးတည့်သော စာအုပ်ဖြစ်သည်။ အဘယ်ကဲ့သို့ပြုစုထားလေ

သဖြင့် ပရိတ်သတ်အများ နှစ်သက်စွဲလမ်း လက်ခံရသနည်းဟူမူ... သူ၏စာအုပ်ပါအချက်လက်အချို့ကို လေ့လာကြည့်က သိနိုင်သည်။

(လရောင်သည် အေး၏။ အောက်မေ့ခြင်း၊ နှစ်သက်ခြင်းတို့ကို ပေးတတ်၏။ ရေတော်ခြင်း၊ ပူအိုက်ခြင်းတို့ကို ပယ်နိုင်၏။ သည်းခြေနာကိုနိုင်၏။ ဆီးနှင်းသည် အေး၏။ လေ၊ သလိပ်ကို ပျက်စေတတ်၏။ မှောင်မိုက်ခြင်းသည် ကြောက်စေတတ်၏။ မျက်စိမမြင်ခြင်းကို ဖြစ်စေတတ်၏။ သလိပ်ကိုနိုင်၏။ ကာမဂုဏ်ကို ပွားစေတတ်၏။ ပင်ပမ်းစေတတ်၏။ ညဥ့်ပထမယံအတွင်း၌ ညစာစားအပ်၏။ နံနက်စာ လျှော့၍ စားအပ်၏။ ကျေခဲသောအရာကို ရှောင်အပ်၏။

မေထုန်ကို ရှောင်ကြဉ်ခြင်းသည် ရိနာ၊ ဆီး၊ အကြိတ်၊ များစွာသွားရသောအနာ၊ အဆီအခဲ ကိုယ်လက်လျှော့ပါးသောအနာဖြစ်တတ်၏။ အသက် ၁၆ နှစ်အတွင်း အရွယ်သည် ဗာလမည်၏။ ၁၆ နှစ်မှသည် ၃၂ နှစ်အတွင်း တရုဏီအရွယ်မည်၏။ ၃၂ နှစ်မှ အသက် ၅၀ တိုင်သည် အဓိရူဠှာအရွယ်မည်၏။ ထိုထက်ကြီးသော မိန်းမသည် ဝုဒ္ဓါအရွယ်မည်၏။

ဂိမှဥတု သရဒဥတုနှစ်ခုတို့၌ ဗာလအရွယ်မိန်းမကို မေထုန်မှီဝဲရာ၏။ ဟေမန္တဥတု သိသိရဥတုတို့၌ တရုဏီအရွယ်ရှိသောမိန်းမကို မေထုန်မှီဝဲရာ၏။ ဝသန္တဥတု ဝဿနဥတုတို့၌ အဓိရူဠှာ

အရှယ်ရှိသော မိန်းမတို့ကို မေထုန်မှီဝဲအပ်၏။ ဗာလအရွယ်ရှိသော မိန်းမကို မေထုန်မပြုတ်မှီဝဲခြင်းသည် အရွယ်ပျို၏ အားရှိ၏။

တရုဏီအရွယ်ရှိသော မိန်းမကို မေထုန်မပြုတ်မှီဝဲခြင်းသည် အားခွန်ယုတ်၏။ အဓိရူဋ္ဌာအရွယ်မိန်းမတို့ကို မပြုတ်မေထုန်မှီဝဲခြင်းသည် ရုပ်အဆင်းအိုလွယ်၏။ ဝုဒ္ဓါအမည်ရှိသော မိန်းမတို့ကိုကား မည်သည့်အခါမျှ မေထုန်မမှီဝဲအပ်ပေ။ လူပျိုပင်ဖြစ်သော်လည်း မိန်းမအိုကို မှီဝဲလျှင် အရွယ်အိုတတ်သည်။

လူအိုပင်ဖြစ်သော်လည်း မိန်းမပျိုကို မေထုန်မှီဝဲလျှင် အရွယ်ပျိုတတ်သည်။ မေထုန်ကို လွန်စွာမှီဝဲခြင်းသည် အားကုန်ခြင်း၊ ချောင်းဆိုးနာ၊ ပန်းနာငြိမ်ခြင်း ပညာကုန်ခမ်းခြင်းတို့ ဖြစ်တတ်လေ၏။ ထို့ကြောင့် ဟေမန္တဥတု၊ သိသိရဥတုတို့၌သာ မေထုန်မှီဝဲအပ်၏။ အခြားသောဥတုတို့၌ မေထုန်မမှီဝဲအပ်။ သို့သော်လည်း မရပ်တည်နိုင်လျှင် ဝသန္တဥတုဝဿနဥတုတို့၌ ၁၅ ရက်တစ်ကြိမ်သာ မှီဝဲတတ်၏။

ဥတုလာသောမိန်းမ၊ အလိုမရှိသောမိန်းမ၊ ညစ်နွမ်းသော မိန်းမ၊ မချစ်သောမိန်းမ၊ ပြည့်တန်ဆာမ၊ အရွယ်ကြီးသောမိန်းမ၊ ရောဂါနှိပ်စက်သောမိန်းမ၊ ကိုယ်လက်အင်္ဂါချို့တဲ့သောမိန်းမ၊ ကိုယ်ဝန်ဆောင်မိန်းမ၊ ရန်သူမိန်းမ၊ အင်္ဂါဇာတ်၌ အနာရှိသောမိန်းမ၊ လင်ရှိ

သောမိန်းမ၊ မိဘစသော ထိန်းသိမ်းသူတို့ မပေးစားသောမိန်းမ သီလရှင်မိန်းမ၊ စသည်တို့ကို မေထုန်မမှီဝဲအပ်။

ဆေးစားသောအခါ ပဗ္ဗဇီးပါးတို့၌လည်းကောင်း၊ ဆည်းဆာလေးပါးအခါ၌လည်းကောင်း (ဆည်းဆာလေးပါးဟူသည်ကား... နေ့၏အဆုံး၊ ညဉ့်၏အစ၊ ညဉ့်၏အဆုံး၊ နေ့၏အစမွန်းတည့်။ သဉ္ဈာသန်းခေါင်ယံ။ နံနက်လေးချက်တီး၊ နေ့နှစ်ချက်တီး၊ ညနေလေးချက်တီးတို့သည် ဆည်းဆာအခါမည်၏)

သီတင်းကျွတ်နေ့တို့၌လည်းကောင်း မေထုန်မမှီဝဲအပ်။ မေထုန်မှီဝဲ၍ပြီးလျှင် ရေချိုးခြင်း၊ သကြားနှင့်ရောသော နွားနို့ကို စားသောက်ခြင်း၊ သားပြုတ်(စွပ်ပြုတ်)ရည်ကိုသောက်ခြင်း၊ အိပ်စက်ခြင်းတို့သည် သင့်မြတ်၏။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးကျမ်းတွင် ဤသို့မှတ်သားလိုက်နာဖွယ်၊ ဖို-မ ဆက်ဆံနည်းများ လိင်သုတေသနများပါ ထည့်သွင်းရေးသားဖော်ပြထားခြင်းဖြင့် ဦးဘိုးလှိုင်သည် အဘယ်မျှ အသိဉာဏ်ကြီးကျယ်လှသော ပညာရှင်တစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ဥတုဘောဇနသင်္ဂဟကျမ်းသည် ထိုမျှမကသေး။ ဤလူ့ဘောင်တွင် လောကီရေးရာ၊ လူမှုကိစ္စအဝဝ၌ အသုံးပြုအပ်ဖွယ်ရာ မှန်ကချင့်ချိန်နိုင်းခ ၍ လိုက်နာရန် နည်းလမ်းကောင်းများကိုလည်း

စုပေါင်းထည့်သွင်းထားသည်။ လူတို့၏ နေ့နံအလိုက် ရတနာတို့ကို ဝတ်ဆင်ရသည့်အကျိုးတရားကိုလည်း ဖော်ပြပါရှိသေး၏။

ရွှေကို ဝတ်ဆင်ခြင်းသည် စိတ်ကြည်၏ တင့်တယ်၏။ နှစ်သက်ဖွယ်ရှိ၏။ စိန်၊ ကျောက်နီ အစရှိသော အမျက်ကျောက်များကို ဝတ်ဆင်ခြင်းသည် မကောင်းသော ဂြိုဟ်စီး၊ ဂြိုဟ်နင်းကို ပယ်နိုင်၏။ ကိုယ်တိုင်စည်ပင်စေတတ်၏။ မကောင်းသောအိပ်မက်ကို ဖျက်ဆီးနိုင်၏။ သနားခြင်း၊ မတင့်တယ်ခြင်းကို ငြိမ်းစေနိုင်၏။ ဂြိုဟ်အစီးအနင်း သဿစား၊ ဂြိုဟ်အားလျော်စွာ ဝတ်ဆင်ရန် ရတနာမျိုးကား...

တနင်္ဂနွေမှာ ကျောက်နီ၊ တနင်္လာမှာ ပုလဲ၊ အင်္ဂါမှာ သန္တာ၊ ဗုဒ္ဓဟူးမှာ မြ၊ ကြာသပတေးမှာ ဥဿဘုရား၊ သောကြာမှာ စိန်၊ စနေမှာ နီလာ၊ ရာဟုမှာ ဂေါ်မိတ်၊ ကိတ်မှကြောင်တို့ကို ဝတ်ဆင်အပ်၏။

အမျက်ကျောက် ၉ မျိုးတို့ကို ဂြိုဟ်အစီးအနင်းအစရှိလေ၏။ မကောင်းသောအခါ နဝရတ်လက်စွပ်၊ နဝရတ်ဘယက်ပြုလုပ်၍ ဆင်ယင်ဝတ်စားရမည်။ နဝရတ်လက်စွပ်လုပ်နည်းမှာ အရှေ့ကစ၍ လက်ျာရစ် စိန်၊ ပုလဲ၊ သန္တာ၊ ဂေါ်မိတ်(ဂေါ်မုတ်)၊ နီလာ၊ ကြောင်၊ ဥဿဘုရား၊ မြတို့ကို ရံ၍ အလယ်၌ကျောက်နီကိုထားကာ ပြုလုပ်မှသာ ဗေဒင်ကျမ်း၊ ဆေးကျမ်းတို့နှင့် ညီသည်ဟု ရေးသား

ပြုစု ထားသည်။

ဤသို့ကြောင့် ယောမင်းကြီး၏ ဥတုဘောဇနေသင်္ဂဟကျမ်းသည် ယခုပစ္စုပ္ပန်ကာလအထိ ခေတ်မီလျက် တွင်ကျယ်စွာ လက်ကိုင်ပြုလျက်သာရှိကြသည်။

❖ ❖ ❖ ❖ ❖

ဝိုးဝါးဝေ

# ယောမင်းကြီး ဦးဘိုးလှိုင်၏ စာပေပညာနှင့် စာပေအရှိန်အဝါ

ယောအတွင်းဝန် ဦးဘိုးလှိုင် ရေးသားပြုစုခဲ့သော ကျမ်းများ အနက် (သဒ္ဒသင်္ဂဟကျမ်း)မှာ အရေးတော်ပုံတစ်ရပ် ဖြစ်ခဲ့ရသည် အထိ ရှိခဲ့သည်။ စာရေးသူ (ကျမ်းပြုသူ) သက်ရှိထင်ရှား ရှိနေသေး သဖြင့် အမှန်ကို ဆုတ်ကိုင်နိုင်ခွင့် ရခဲ့သည်။ (အမှားကြာလျှင် အမှန်ဖြစ်)ဆိုသော ဆိုစကားအတိုင်း ဦးဘိုးလှိုင်သာ သက်ရှိထင်ရှား မရှိခဲ့လျှင် သူရေးခဲ့သော သဒ္ဒသင်္ဂဟကျမ်းမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွား ချေရှိလေ၏။

ဥတုဘောဇနကျမ်း၊ အာသာဝေဒကျမ်း၊ ကာယနုပဿနာကျမ်း အလင်္ကာနိဿျကျမ်းတို့မှာ လွန်စွာအသုံးများ၍ ထင်ပေါ်ကျော်ကြား

လျက်ရှိသည်။ အစဉ်အလာရေးရိုးရေးစဉ်အရ အဘိဓမ္မာ အကျဉ်း ချုံးသောကျမ်းကို အဘိဓမ္မာတ္ထသင်္ဂြိုဟ်ကျမ်း၊ ဝိနည်းအကျဉ်းချုံးသော ကျမ်းကို ဝိနည်းသင်္ဂြိုဟ်ကျမ်း၊ သုတ္တန်အကျဉ်းချုံးသောကျမ်းကို သုသင်္ဂြိုဟ်ကျမ်း စသည်ဖြင့် ရေးသားသကဲ့သို့ သဒ္ဒါဟူသမျှကို ဦးဘိုးလှိုင်က အကျဉ်းချုံး၍ ပေါင်းရုန်းပြုစုထားသော ကျမ်းအား သဒ္ဒါသင်္ဂဟကျမ်းဟု အမည်တပ်ရေးသားခဲ့သည်။

ထိုကျမ်းကို ရေးသားပြုစုပြီးနောက် ကြည့်ရှုပြင်ဆင်စရာ ရှိက ပြင်ဆင်ပေးပါရန် ရွှေကျင်ဆရာတော်ဘုရားကြီးထံ အပ်နှံထား လေ၏။ ထိုအခါ အခန်းနေ ဦးဇင်းများဖြစ်သော အင်းကန်းဆရာတော် လောင်း (ဦးဝိသုဒ္ဓ)က ဦးဘိုးလှိုင်စာမူကို ယူကြည့်လေသည်။ ဦးဝိသုဒ္ဓသည် ထိုကျမ်းမှာ အချို့နေရာတို့၌ မိမိသဘောနှင့် မတွေ့ ပေ။ ဉာဏ်မမှီသောနေရာများကို ခဲဖျက်နှင့်ဖျက်၍ ဝေးထားလိုက် သည်။

ထိုအချိန်၌ မန္တလေး၊ နိုင်ငံရေးခေါင်းဆောင် ဦးဘဦး၏ ဘကြီးတော်သူ မြန်မာပညာရှိ ဦးလူကလေးသည် ဦးဘိုးလှိုင်၏ စာရေးအဖြစ် အမှုတော်ထမ်းရွက်လျက်ရှိ၏။ ရွှေပြည်ဝန်ဦးဘိုးလှိုင်က အင်းကန်းဆရာတော် ဦးဝိသုဒ္ဓကြည့်နေသော မိမိ၏သဒ္ဒါသင်္ဂဟ ကျမ်းစာမူကို သွားရောက်ယူရန် စေလွှတ်လိုက်သည်။ ထို့ကြောင့်

ဦးလူကလေးကိုယ်တိုင် သွားယူလေ၏။

ဦးဘိုးလှိုင်သည် စာမူပြန်ရောက်လာသောအခါ ရွှေကျင်ဆရာတော်ဘုရားကြီး ပြင်ချက်အဘယ်သို့ရှိမည်ကို သိလိုသဖြင့် စာမူကို ဖြန့်ကြည့်ရာ၊ စာမူ၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပြင်ချက်ကို မတွေ့ရဘဲ ဦးဝိသုဒ္ဓ၏ ခဲတေး၊ ဖျက်ထားချက်များကိုသာ တွေ့ရလေသည်။ ထို့ကြောင့် ဦးဘိုးလှိုင်မှာ တော်တော်ပင် စိတ်မချမ်းမသာဖြစ်သွားလေတော့သည်။ နှုတ်မှလည်း ...

အင်းကန်း "ဦးဇင်းလေးက ကျမ်းဂန်မနှံ့စပ်သေးဘဲကိုး" ဟု ညည်းတွားရင်း ဦးဘိုးလှိုင်သည် ခဲကြောင်းအပုဒ်များကို ကျမ်းအကိုးအကားပြ၍ ပုရပိုက်တွင် ဦးလူကလေးအား ရေးသားစေခဲ့သည်။ ပြီးလျှင် ...

"လူကလေး"

"အမိန့်ရှိပါဘုရား"

"အဲဒီကောက်နှုတ်ဖော်ပြချက် ပုရပိုက်ကို ဦးဇင်းလေးထံ ယူသွားပြီးပြလိုက်။ ဦးဇင်းပါးစပ်က ထွက်သမျှစကားတွေကိုလည်း မင်းပုရပိုက်ထဲ ရေးမှတ်ယူခဲ့။ အောက်က သူကိုယ်တိုင်လက်မှတ်ထိုးပါစေ" ဟု ရွှေပြည်ဝန်က အမိန့်ရှိလိုက်သည်။ စာရေးတော်ဦးလူကလေးလည်း ရွှေပြည်ဝန် ဦးဘိုးလှိုင်၏ အမိန့်အတိုင်း

ဦးဝိသုဒ္ဓထံ လက်တော်ရောက်ပုရပိုက်ကို ဆက်သလေသည်။ ဦးဝိသုဒ္ဓက ပုရပိုက်မှ ရှင်းလင်းဖော်ပြချက်တို့ကို ဖတ်ရှုပြီးနောက် …

"ဒီလိုဆိုရင် ဦးဇင်း မှားပါတယ်"

ဟု နှုတ်မှ ထွက်လာလေသည်။ ထိုအခါ ဦးလူလေးက

"အဖြင့် မှားကြောင်းကို သည်ပုရပိုက်မှာ ဝန်ခံလက်မှတ်ရေးထိုးပေးပါဘုရား"

"အိုကွယ် … ထိုးဖို့မလိုပါဘူး၊ ဒါလောက်နဲ့"

"လိုပါတယ်ဘုရား … လက်မှတ်မထိုးလို့မဖြစ်ပါ။ ဝန်မင်းဘ အတိအကျ မှာလိုက်ပါတယ် … အရှင်ဘုရားလက်မှတ်ရေးထိုးပြီးမှ တပည့်တော် ပြန်လို့ဖြစ်မှာပါဘုရား"

ဤတွင်မှ ဦးဇင်းသည် လိုက်လျော၍

"အေး … သည်လိုဆိုလျှင် လက်မှတ်ထိုးပေးလိုက်ပါ့မယ်"

အင်းကန်းဆရာတော်လောင်း ဦးဝိသုဒ္ဓသည် ထိုသို့အကြပ်ကိုင်လေမှ ပုရပိုက်တွင် အယူအဆမှားပါကြောင်း ရေးသား၍ လက်မှတ်ရေးထိုးပေးခဲ့သည်။ ဦးလူကလေးသည် ပုရပိုက်ကိုယူ၍ အိမ်တော်သို့ပြန်ခဲ့ပြီး ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်အား ပေးလေ၏။

"ဦးဇင်းက သူမှားယွင်းကြောင်း ဝန်ခံလက်မှတ်ရေးထိုးပေးလိုက်ရဲ့လား" ဟု ဦးဘိုးလှိုင်မေးသဖြင့် …

"မှန်လှပါ ... မှားကြောင်းကို ပါးစပ်မှလည်း ဝန်ခံပါ၏ ။ ပုရပိုက်ထဲမှာလည်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားကြောင်းပါ ဘုရား"

"အဲဒီပုရပိုက်ကို လူကလေး ကောင်းကောင်းသိမ်းထားပါ...။ ငါမရှိတဲ့နောက် သည်ပဋ္ဌာန်းဟာ (သဒ္ဒသင်္ဂဟ)ကျမ်းကို အန္တရာယ် ပြုလိမ့်မယ် ... အဲဒီအခါ မောင်မင်းက သည်ပုရပိုက်ကိုပြပြီး သည်အန္တရာယ်ငြိမ်းအောင် ဆောင်ရွက်ပေတော့"

ရွှေပြည်ဝန်ကြီး ယောမင်းကြီးဦးဘိုးလှိုင်သည် အန္တရာယ်ကို ကြိုမြင်၍ ပြင်ဆင်ထားမှုဖြစ်သည်။ သက္ကရာဇ် ၁၂၆၇-ခုနှစ်တွင် အင်းကန်းဆရာတော်ဖြစ်လာသော ဦးဝိသုဒ္ဓသည် (ဆဒ္ဒဝိတာဒိပနီ) ကျမ်းကို ရေးသားတော်မူလေသည်။ ကျမ်းဦး၌ (**ဦးဘိုးလှိုင်သည် စာမတတ်၊ သဒ္ဒသင်္ဂဟကျမ်းကို ရေးသား၍ ငါတို့ကျေးဇူးရှင် ရွှေကျင်ဆရာတော် ဘုရားကြီးထံ ပြင်ဆင်တည်းဖြတ်ရန် အပ်နှံထားခိုက် ငါဘက်ရှုကြည့်လိုက်သည်။**

**ဦးဘိုးလှိုင်၏ကျမ်း၌ အမှားများစွာပါ၍ ငါကိုယ်တော် တိုင် ခဲတန်ဖြင့် ခြစ်ပစ်ရသေးသည်။ ထိုကျမ်းမှာ အရေး အသားလည်းမကောင်း၊ အယူအဆ အတွေးအခေါ်လည်း မကောင်း)** စသည်ဖြင့် ရေးသားထားလေ၏။

ထိုအခါ ရွှေပြည်ဝန်ဦးဘိုးလှိုင်၏ သမီးတော်ဥမ္မာနှင့် ကြင်ဘက် ရွှေပြည်ဦးမောင်မောင်လေးမှာ အသက်ရှင်လျက် ရှိနေကြချိန်ဖြစ်ရာ… ဖခင်ကြီးယောအတွင်းဝန်အား မတရားစွပ်စွဲ၍ စော်ကားရေးသားထားသည့် အင်းကန်းဆရာတော်၏ အရေးအသားကို မခံမရပ်နိုင်အောင် ဖြစ်ကြသည်။ ထို့ကြောင့် အသရေဖျက်မှုနှင့် တရားစွဲရန် ဥယျာဉ်အုပ်စသော မြန်မာမှူးမတ်တို့နှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုကြလေ၏။

ထိုအချိန်တိုင်အောင် ရွှေပြည်ဝန်ကြီး၏ စာရေးတော်ကြီး ဦးလူကလေးသည် အသက်ရှင်ဆဲဖြစ်နေ၍ ယင်းပြဿနာသတင်းကို ကြားလေရာ … ဦးလူကလေးသည် ဦးဘိုးလှိုင်သားသမီးများထံ လာရတော့သည်။

"အရင်မလိုကြပါနဲ့ဦး၊ ကျေးဇူးရှင် ရွှေပြည်ဝန်ကြီးက ကျွန်တော့်အား မှာကြားခဲ့သော စကားရှိပါသေးသည်။ အင်းကန်းဆရာတော်ကိုယ်တိုင် သဒ္ဒသင်္ဂဟကျမ်းကို မိမိအယူအဆသာ များယွင်းပါကြောင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ပရိုက်မူရင်း ကျွန်တော့်ထံတွင် ရှိပါသည်။ ကျွန်တော်သွားရောက်ပြသပြီး ပြဿနာပြေလည်အောင် ရှင်းပါရစေ။ ငြင်းဆန်မှ၊ မလိုက်နာမှ တရားစွဲပါ"

ဤသို့ သဘောတူညီကြ၍ ဦးလူကလေးသည် အင်းကန်းဆရာတော် ဦးဝိသုဒ္ဓထံသို့သွား၍ ထိုပုရပိုက်ကို ဆက်ကပ်လေ၏။ ထိုအခါ အင်းကန်းဆရာတော်က ...

"ဟဲ့ နင်ဘယ်သူလဲ"

"တပည့်တော် ရွှေပြည်ဝန်ကြီးရဲ့ စာရေးတော်လူကလေးပါ"

"အော် ... ငါက နင်သေပြီမှတ်တာ၊ ရှိသေးသကိုးကွယ်"

"တင်ပါ့ မသေသေးပါဘုရား။ တပည့်တော်ရဲ့ ရွှေပြည်ဝန်ကြီး မှာကြားခဲ့လို့ ဆောင်ရွက်ရန် လာခဲ့ခြင်းပါဘုရား။ အရှင်ဘုရားက သဒ္ဒသင်္ဂဟကျမ်းကို ပုတ်ခတ်ပြီး ရွှေပြည်ဝန်မကောင်းကြောင်း အမှာတွင် ရေးသားထားသဖြင့် သမီး၊ သမက်တို့က မခံနိုင်ကြပါ။ အသရေဖျက်မှုဖြင့် အရှင်ဘုရားအား တရားစွဲရန် စီစဉ်နေကြပါသည်"

ထိုအခါ အင်းကန်းဆရာတော် မျက်နှာပျက်သွား၏။

"အေး ... အေး၊ ဒါကို ဘယ်လိုပြေငြိမ်းအောင် လုပ်ကြမလဲ လူကလေးရဲ့"

"အရှင်ဘုရားက ရွှေပြည်ဝန်အကြောင်းနဲ့ ပတ်သက်လို့ နောင်အခါ သွားပုပ်လေလွင့်မရေးပါ။ နောက်ထပ်ကျမ်း ရိုက်နှက်လျှင် ကျမ်းဦးအစတွင် သဒ္ဒသင်္ဂဟကျမ်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အပြစ်အနာအဆာမရေးပါ။ ရေးခဲ့ပြီးသော ရိုက်နှိပ်ခဲ့ပြီးသော ကျမ်း

များကိုလည်း ပြန်လည်ရုပ်သိမ်းကြောင်း ဖော်ပြပေးပါလျှင် ဤကိစ္စ ကောန်ပြေငြိမ်းနိုင်ပါသည်ဘုရား"

အင်းကန်းဆရာတော်သည် ထိုအခါမှ သက်မကြီးချတော်မူလျက် လေးဖင့်ဖင့်မိန့်တော်မူသည်။

"အေးကွယ် ... သည်လိုဖြင့် လူကလေးပြောသလို ဖါလိုက်နာပါ့မယ်။ ပြေငြိမ်းအောင်သာ စီစဉ်ပါတော့"

ဤသို့ဖြင့် စာရေးတော်ကြီး ဦးလူကလေးသည် အင်းကန်းဆရာတော်နှင့် ရွှေပြည်ဝန်ကြီး၏ သဒ္ဒသင်္ဂဟကျမ်း အရေးတော်ပုံကို ကြားဝင်စေ့စပ်ဖြေရှင်းပေး၍ ပြေငြိမ်းကြေအေးခဲ့ရသည်။ ထိုအရေးတော်ပုံ ပေါ်လာလေမှ သဒ္ဒသင်္ဂဟကျမ်းကို ဦးဘိုးလှိုင် ရေးသားမှန်း သိလာကြပြီး လေ့လာလိုက်စားကြသဖြင့် ထင်ရှားခဲ့သည်။

ထို့အပြင် စာပေဗဟုသုတလွန်စွာလိုက်စားနေသော မန်လည်ဆရာတော်ဘုရားကြီးက သဒ္ဒသင်္ဂဟအကြောင်း ကြားသိရလေလျှင် တောင်သမန်စာချဆရာတော် ဦးစိန္တာထံသို့ ထိုကျမ်းကို အမြန်ကူးယူဆက်ကပ်ရန် အမိန့်တော်ရှိလိုက်လေ၏။ မန်လည်ဆရာတော်ဘုရား အမိန့်တော်အတိုင်း တောင်သမန်သုဓမ္မာစာချဆရာတော် ရွှေလောင်းဆရာတော် ဦးစန္ဒာသိရီကိုယ်တိုင်ရေးကူး၍ မန်လည်ဆရာတော်ကြီးထံ သွားရောက်ဆက်ကပ်ရလေသည်။

မန်လည်ဆရာတော်ကြီးသည် ကူးယူလာသည့် သဒ္ဒသင်္ဂဟ ကျမ်း ရောက်လာသည်နှင့် ပေထုပ်ရှေ့မျဉ်းကို အခွာခိုင်းပြီး အာဂန္တု စကားပင် မပြောနိုင်၊ ကျမ်းပေရွက်တို့အား စေ့ငုစွာကြည့်လေ၏။ အတန်ကြာမှ စကားဆိုလေသည်။

"အေးကွယ့်၊ အင်းကန်းဆရာတော်က သည်ကျမ်းကို အပြစ် ဆိုမယ်ဆိုရင်လည်း ဆိုပေမပေ့ါ။ သီဟိုဠ်ကျွန်းသည် ဘက်ယော အတွင်းဝန်ရေးတဲ့ သဒ္ဒသင်္ဂဟကျမ်းလောက်ပြည့်စုံလင်တဲ့ ကျမ်းမျိုး မရှိသေးဘူး။ အင်းကန်းဆရာတော် ဘာသိမလဲ ..."

ဤသို့ အပြစ်တင်စကားပြောကြားပြီးမှ ပေစာကိုချကာ အလ္လာပစကား ပြောကြားတော်မူလေ၏။ မန်လည်ဆရာတော်ဘုရား ကြီးပင် ဤသဒ္ဒသင်္ဂဟကျမ်းကို ကြည့်ရှုပြီးနောက် (ကစ္စနသုသု ဟာရက)ကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။ ယောမင်းကြီး ဦးဘိုးလှိုင်၏ ကျေးဇူးတော်နှင့် မကင်းကြောင်း လယ်တီဆရာတော် ဘုရားကြီးပင် မိန့်ဟခဲ့ဖူးကြောင်း သိရပေသေးသည်။

နိုင်ငံကျော်လယ်တီဆရာတော်ဖြစ်လာမည့် ဦးပဥ္စင်းကလေး သည် ယောအတွင်းဝန်မင်း ဦးဘိုးလှိုင်၏အိမ်သို့ မပြတ်မလပ် ညနေတိုင်း ကြွသွားလေ့ရှိသည်။ ဝန်မင်းသည် မကြာခဏလာလေ့ ရှိသော လယ်တီဆရာတော်အလောင်း ဦးဉ္စင်းအား

"မောင်ပဥ္စင်း အိမ်တော်ကို လာလှချေလား၊ စာတတ်ချင်တယ် ထင်ပ့ါ"ဟု လျှောက်လေရာ ... ဦးပဥ္စင်းက

"စာတတ်ချင်လို့ ဝန်မင်းအိမ်ကို ခဏခဏကြွလာတာပါ"

"ဒီလိုဆို မောင်ပဥ္စင်း စာတော်တော်ကြည့်နိုင်ပြီလား"

"ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအကုန်ကြည့်နိုင်ပါတယ်"

"ဒါဖြင့်ရင် ... ကထာဝတ္ထုပါဠိတော်၊ အဋ္ဌကထာဋီကာတို့ကို သကပက္ခဝါးရော၊ ပရပက္ခဝါးရော ... နိုင်နင်းကျွဲပြားအောင်ကြည့်။ ဂန္ထာရကိုလည်းလေ့လာ ... ဒါဆိုစာတတ်ကရောပေ့ါ"

"ကောင်းပါပြီ ... ဒကာကြီး"

လယ်တီဆရာတော်လောင်း ဦးပဥ္စင်း ဦးဉာဏသည် အတန် ကြာအောင် ဦးဘိုးလှိုင်၏အိမ်သို့ မသွား ဘဲနေပြီးမှ တစ်ဖန်သွားပြန် လေ၏။ ထိုအခါ ဦးဘိုးလှိုင်က ...

"မောင်ပဥ္စင်း ... စာကမတတ်သေးဘူးလား"

"စာတေ ့ တတ်ပါပြီဝန်မင်း၊ ဒါပေမဲ့ ... ကဗျာမတတ် သေးလို့ နည်းယူရအောင်လာတာပါ"

"မောင်ပဥ္စင်းရေ ... ကဗျာကတော့ မခက်ပါဘူး၊ လေးလုံး စပ်ကို ကြပ်ကြပ်လေ့လာရင် ကဗျာတက်ကရောပေ့ါ"

ထိုစကားအညွှန်းဖြင့်သင် လယ်တီဦးပဥ္စင်းကလေးသည် ပြန်ကြွ

သွားခဲ့ပြီး ဦးဘိုးလှိုင်ညွှန်ကြားသည့်အတိုင်း လေ့လာလေရာ ... များမကြာမီကာလ၌ ကဗျာကို တတ်မြောက်ကျွမ်းကျင်ခဲ့လေ၏။ ထိုအခါ (ကဝိလက္ခဏာဒီပနီ) ကျမ်းရေးသားသော ဦးချိတ်တို့အဖွဲ့မှာ စာချစ်တမ်းမေးမြန်းရာ၌ ငါကျအသွားအလာ ... အနုသဇ္ဈေပုဒ်၊ ပါဒ်၊ အက္ခရာအဖြာဖြာတို့ကို ကဗျာသွားဖြင့် မိန့်ကြားဖြေဆိုတော်မူလေသည်။

ဦးချိတ်တို့အဖွဲ့မှပင် ...

"ပထမစာချတန်းအောင်လောက်ပါပြီဘုရား၊ အရှင်ဘုရား စာသွား၊ ကဗျာသွား လွန်စွာကောင်းမွန်လှပါသည်ဘုရား"

ထိုသို့ လျှောက်ကြားလိုက်သောအခါ လယ်တီဦးပဉ္ဉင်း ဦးဉာဏက ဤသို့မိန့်ကြားတော်မူလေ၏။

"ငါတို့စာတတ်လာတာ ယောမင်းကြီးကြောင့်ပေါ့ကွဲ့"

ကဗျာတတ်လာတာလည်း ယောကျေးဇူးပဲ။

လယ်တီဆရာတော်ဖြစ်လာမည့် ဦးပဉ္ဉင်း ဦးဉာဏ ယင်းသို့ မိန့်ကြားတော်မူလိုက်လေလျှင် ဦးချိတ်တို့လူစုမှာ ... ယောအတွင်းဝန်မင်း ဦးဘိုးလှိုင်၏ ပညာအရည်အချင်းကို ဖိန့်ဖိန့်တုံအောင် ကြောက်သွားကြလေ၏။

ယောမင်းကြီး၏ စာပေပညာနှင့် စာပေအရှိန်အဝါမည်မျှ

ကြီးကြောင်း သဒ္ဒသင်္ဂဟကျမ်းတစ်ဆူနှင့်ပင် အကဲဖြတ်၍ ရကြောင်း သိသာထင်ရှားလှပါပေသတည်း။

❖ ❖ ❖ ❖ ❖

# ဘုရင်စနစ်နှင့် အတွေးအခေါ်သစ်

ယောမင်းကြီး ဦးဘိုးလှိုင်မှာ တော်လှန်ရေးစိတ်ဓာတ်ရှိသူဖြစ်ပြီး အသိတရား တိုးတက်ဖွံ့ဖြိုးအောင် အရင်းအမြစ်ကို စူးစမ်း၍ အတွေးအခေါ်သစ်များ ကြံဆလိုသည့် ဝါသနာရှိသူဖြစ်သည်။

သို့သော် အတွေးအခေါ်တော်လှန်ရေး၌ စိတ်က ရှေ့ကို ဆောင်နေသောအခါ စကားအလွန်အကျွံ ဖြစ်တတ်လေ၏။

ယောအတွင်းဝန်ဦးဘိုးလှိုင်သည် နိုင်ငံနှင့်လူမျိုး ကြီးပွားစေလိုသည့် အာသာဆန္ဒ ပြင်းပြသည့်အားလျော်စွာ နိုင်ငံနှင့်လူမျိုး ကြီးပွားရာကြီးပွားကြောင်း လောကီအကျိုးစီးပွားတို့ကို ရှေ့ရှု၍ ဆောင်ရွက်သည်။ သို့သော် ဗုဒ္ဓသာသနာ့ အဆုံးအမကို အလေး

အနက်ထား ခံယူထားသူဖြစ်သောကြောင့် လောကမှလွတ်မြောက်ရာ အကျိုးကိုလည်း လက်မလွှတ်ချေ။

သို့ရာတွင် စိတ်အလွန်ဆောင်တတ်သူ ဒကာရင်းက စကား အလွန်အကျွံဖြစ်သောအချိန်၌မူ သာသနာတော်၏ အကျိုးသက်သက် ကို ရှေ့ရှုတော်မူသော ဆရာတော်တို့သည် မိမိဒကာရင်းကိုပင် မထောက်မညှာ ဝေဖန်တော်မူကြသည်။ ယောအတွင်းဝန် အသက် ထင်ရှားရှိစဉ်ကပင် ဝိမုတ္တိရသစာအုပ်အရေးအသားနှင့် ပတ်သက်၍ အငြင်းပွားကြသည်။

သက္ကရာဇ် ၁၂၆၀-ပြည့် ခေတ်တစ်လျှောက်တွင် အာဇီဝဋ္ဌမက သီလနှင့် စပ်လျဉ်း၍ အငြင်းအခုံ ဖြစ်ကြသည့်အခါတွင် ထိုဝိဝါဒကို လက်စသပ်၍ ငြိမ်းချမ်းလေအောင် (သိဒ္ဓိဟာနနိကျမ်း)ဖြင့် ဝေဖန် လေ၏။ ထိုသို့ဝေဖန်ရာတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်အပေါ်၌သာ ကွက်၍ ဝေဖန်သည် မဟုတ်ကြောင်း တွေ့နိုင်သည်။

ဦးဘိုးလှိုင်၏ စိတ်ရင်း၌ မြန်မာ့ဘုရင်စနစ်ကို ကျမ်းဂန်နှင့် လည်းကောင်း၊ ခေတ်နှင့်လည်းကောင်း ညီညွတ်အောင် ပြုပြင်လို သည်မှာ အထင်အရှားဖြစ်သည်။ ထို့ကြောင့် မဟာသမတဝိနိစ္ဆယ စာတမ်းကို စီရင်ရာ၌ ယောအတွင်းဝန်၏ ရည်ရွယ်ချက်သည် လက်ရှိ စနစ်တို့ကို ပြုပြင်သွားလိုသော ရည်ရွယ်ချက်ရှိသည်။

မင်းတုန်းမင်းတရားသည် ပဥ္စမသင်္ဂါယနာတင်ပြီးသည့်နောက် (မုဒ္ဓါဘိသိက်) ခံယူလိုတော်မူခြင်းဆန္ဒ ရှိလာလေ၏။ သူသည် ပုဂံမင်းကို နန်းချ၍ မင်းဖြစ်လာသော ဘုရင်ဖြစ်လာပြီး။ အင်္ဂလိပ် မြန်မာ စစ်ပွဲများကြောင့်လည်းကောင်း၊ ပြည်တွင်းဆူပူမှုများကြောင့် လည်းကောင်း မင်းတက်စဉ် ရှေးမင်းများနည်းတူ မုဒ္ဓါဘိသိတ် ခံယူနိုင်ခဲ့ရခြင်း မရှိပေ။

မင်းဟူရာ၌ မုဒ္ဓါဘိသိက္ကမင်း၊ သာမညမင်းဟူ၍ ရှိလေရာ… ထုံးစံနှင့်အညီ ဦးထိပ်၌ ရေစင်သွန်းလောင်းအပ်သော အဘိသိက် ရှိသောမင်းသည် မုဒ္ဓါဘိသိက္ကမင်းမည်၏။ ယင်းသို့မဟုတ်လျှင် သာမညမင်းသာလျှင် ဖြစ်ပေမည်။ ထို့ကြောင့် မင်းတုန်းမင်းကြီး အလိုဆန္ဒ၌ မုဒ္ဓါဘိသိက္ကမင်းဖြစ်လိုခဲ့သည်။ ယင်းသို့ အကြံအစည် ရှိလိုသောကြောင့် မုဒ္ဓါဘိသိက္ကအခမ်းအနားအလို့ငှာ နန်းတော် အတွင်း၌ မှူးကြီးမတ်ရာ သေနာပတိတို့သည် ကြိုတင်ပြင်ဆင်မှု ပြုကြလေ၏။

ဤအတွက်ကြောင့် ပခန်းမြို့စား ဝန်မင်းသည် ကျမ်းဂန်တို့၌ လာသော မဟာသမ္မတ ရှေးကောက်တင်မြှောက်ပုံတို့ကို ဗဟုသုတ ဖြစ်စေရန် ယောအတွင်းဝန်အား မေးမြန်းမိလေ၏။ မူလပြုစုခဲ့သော ရာဇဓမ္မသင်္ဂဟကျမ်းကို ပိုင်းခြားဝေဖန်ကြည့်လျှင် ယောမင်းကြီး

စိတ်ရင်း၌ မြန်မာဘုရင်စနစ်ကို ကျမ်းဂန်နှင့်လည်းကောင်း၊ ခေတ်နှင့် လည်းကောင်း ညီညွတ်အောင် ပြုပြင်လိုကြောင်း ယောမင်းကြီး တွေ့လေ၏။ ထို့ကြောင့် မဟာသမ္မတဝိနိစ္ဆယကျမ်းကို ပြုစုရခြင်း ဖြစ်သည်။

မြန်မာဘုရင်စနစ်သည် သက်ဦးဆံပိုင် ဘုရင်စနစ်ဖြစ်သည် မှန်၏။ သက်ဦးဆံပိုင် ဘုရင်စနစ်ဟူသည်ကား ရှင်ဘုရင်က တိုင်းသူ ပြည်သားတို့၏ အသက်ကိုပိုင်သည်ဟု ဆိုလိုသည်။ အသက်ကို ပိုင်သည်ဟု ဆိုလိုခြင်းကြောင့် တိုင်းသူပြည်သားတို့၏ ဥစ္စာစည်းစိမ် ကိုပါ ပိုင်သည်ဟုဆိုရမည်။ ထို့ကြောင့် ရှင်ဘုရင်ကို မြန်မာရာဇဝင် အသုံးအနှုန်းတို့၌ (ဘဝရှင်)ဟူ၍လည်းကောင်း၊ (ရေမြေရှင်)ဟူ၍ လည်းကောင်း ပြဆိုသည်။

သို့သော် မြန်မာတို့၏ နိုင်ငံရေးအတွေးအခေါ်၌ (ရှင်ဘုရင် တို့သည် သက်ဦးဆံပိုင်အခွင့်ရေးကို နတ်ပေး၍၊ ဘုရားပေး၍ ရသည်ဟူသော အယူအဆမရှိပေ) မဟာဝန်ကျမ်းလာ မဟာသမ္မတ ဖြစ်လာပုံ၊ တင်မြှောက်ပုံ အခြင်းအရာအစကို ပြန်ကြည့်သော် သိနိုင်ပေသည်။

အသိအလိမ္မာ၊ ဉာဏ်ပညာရှိသူ လူတစ်စုတို့သည် မနုမည် သော သုခမိန်ကို မဟာသမ္မတ တင်မြှောက်ကြသည်။ တင်မြှောက်

ပုံမှာ ငါတို့အပေါ်တွင် အရှင်ကအစိုးရပြုလုပ်အုပ်ချုပ်ပါ။ ကဲ့ရဲ့ရှုတ်ချနှင်ထုတ်သင့်သူ၊ မ-စချီးမြှောက် စောင့်ရှောက်သင့်သူတို့ကို တရားလမ်းရှိသမျှ နိဂ္ဂဟာပဂ္ဂဟ ပြုလုပ်ပါ။ ထိုကဲ့သို့ ပြုလုပ်အုပ်ချုပ်သည့်အတွက် အအုပ်ချုပ်ခံရသူတို့ လုပ်ဆောင်ဖြစ်ထွန်းရရှိသော ပစ္စည်းများမှ ဒသမ ဘာဂ (ဆယ်ဖို့တစ်ဖို့) ဆယ်ခိုင်တစ်ခိုင်၊ ဆယ်ဖီးတစ်ဖီး၊ ဆယ်လုံးတစ်လုံး၊ ဆယ်ပွင့်တစ်ပွင့် စသည်ဖြင့် အချိန်ဖြင့်အခန့်သင့် ပေးဆောင်ကြသည်ကို ခံယူပါဘုရား၍ ဝိုင်းဝန်းတိုက်တွန်းပြောဆိုကြကုန်၏။

ထိုသို့ တင်မြှောက်သူတို့နှင့် မင်းပြုလုပ်မည့်သူတို့သည် အပြန်အလှန် ပဋိညာဉ်ခံဝန်ကတိစကားထားကြပြီးသည့်အခါ မင်းလျာမင်းလောင်းဖြစ်သော သုခမိန်ကို သုံးပါးသော ဘိသိက် သွန်းလောင်းခြင်းနှင့် မင်းမြှောက်ကြကုန်သည်။ မဟာသမ္မတသည် တိုင်းသူပြည်သားတို့အား စိုးပိုင်ရန် အခွင့်အရေးကို အထက်ပါနည်းဖြင့် ရရှိခဲ့သည်။ ဤအချက်ကြောင့် မုဒ္ဓါဘိသိက္ကသွန်းသည့်အခါ မင်းမျိုးအပေါင်းတို့သည်လည်းကောင်း၊ ပုဏ္ဏားမျိုးအပေါင်းတို့သည်လည်းကောင်း၊ သူဌေးသူကြွယ်အပေါင်းတို့သည်လည်းကောင်း ရာဇသေဝက ဒီပနီကျမ်းလာ အောက်ပါအသော်အတိုင်း ဘိသိက်သွန်းရသည်။

## အရှင်မင်းမြတ်

အရှင်မင်းမြတ်ကို အလုံးစုံသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး သူကြွယ်မျိုးအပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်ခြင်း အကျိုးငှာ မင်းမြတ်ကို အဘိသိက်သွန်းလောင်းပါ၏။ အရှင်မြတ်သည် တရားနှင့်အညီ မင်းပြုတော်မူပါလော့။

မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုး အပေါင်းတို့၌ အရှင်မင်းမြတ်သည် ရွှေရင်တော်နှစ်ကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့် စီးပွားစေလိုသော စိတ်ရှိတော်မူပါလော့။ စီးပွားနှင့်မျှသော မေတ္တာစိတ်လည်း ရှိတော်မူပါလော့။ ထိုမင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုးတို့ကို စောင့်ရှောက်တော်မူပါလော့။

အရှင်မင်းမြတ်သည် အကျွန်ုပ်တို့ဆိုသည့်အတိုင်း မင်းပြုသည်ရှိသော် ကောင်းမြတ်၏။ ထိုသို့မပြုခဲ့သော် အရှင်မင်းမြတ်၏ ဦးခေါင်းသည် ခုနစ်စိပ် ခုနစ်ဖြာကွဲပါစေသတည်း"

အထက်ပါ ကတိသစ္စာ ဘိသိက်ခံစကားတို့ရပ်တို့ နေရာတွင် ယောမင်းကြီးဦးဘိုးလှိုင်သည် ခေတ်နှင့်လျော်ညီရန်နှင့် မင်းအား တရားနှင့်အညီ အုပ်ချုပ်စေလိုသော ဆန္ဒသဘောတို့ကြောင့် မဟာသမ္မတာဝိနိစ္ဆယကျမ်းတွင် ဖြည့်စွက်ရေးသားခဲ့သည်။ မင်းတုန်းမင်း

ကြီး အဘိသိက်ခံတော်မူသောအခါ ၄င်းရေးသည့်အတိုင်း သစ္စာပြု၍ လေတော့၏။

မုဒ္ဓါဘိသိက်အခမ်းအနားစလေလျှင် ရမည်းသင်းမြို့စား စုပုရား က ...

"မင်းကြီး ရှေးဦးစွာ ကမ္ဘာအစဦးဖြစ်သော မဟာသမ္မတ မင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသောတရားကို စွဲမြဲစွာ ကျင့်ဆောင်တည်တော်မူပါလော့။ အရှင်မင်းကြီး ... ခပ်သိမ်းသော ပြည်ထောင်မင်းတို့ကို အမျက်မလွန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကို ချီးမြှောက်ခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်ဝယ်သားတမျှ ချစ်ခင်သနားခြင်း၊ ခပ်သိမ်းသောသူတို့စီးပွားကိုဆောင်ခြင်း၊ ခပ်သိမ်းသောသူတို့ အသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ ထင်မှတ်တော်မူပါလော့။

အရှင်မင်းကြီး ... ကျက်သရေရှိသော အမှုကိုသာပြုခြင်း၊ ကျက်သရေရှိသော စကားကိုသာဆိုခြင်း၊ ကျက်သရေရှိသော လုံ့လ အကြံကိုသာ ကြံဆောင်ခြင်းတို့ကို ပြုတော်မူပါလော့"

ဟူ၍ တင်လျှောက်လေ၏။ ပုဏ္ဏားဝန်ကမူ "အရှင်မင်းကြီး... သာသနာတော်ကို ပွင့်လင်းအောင် ပြုပါလော့။ တရားစောင့်ခြင်း၊ ပညာရှိစကားကို နားလည်လွယ်ခြင်းများကို အမြဲစောင့်ထိန်းတော်မူပါလော့"ဟူ၍ ဖြည့်စွက်လျှောက်ထားသည်။

ဝိုးဝါဝေ

မဟာသီရိနန္ဒရာဇာ သူဌေးကြီးကလည်း "ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိ သိန်ဖျင်း၊ သွမ်းသွပ်သူတို့ကို ရှောင်ခြင်း၊ ပဏ္ဍိတ လိမ္မာသောသူတို့၏စကားကို နားလည်ခြင်းများကို ပြုတော်မူပါလော့"ဟူ၍ ဖြည့်စွက်လျှောက်ထားသည်။

အထက်ပါတင်လျှောက်ချက်၊ အဘိသိက်သွန်းအစီစဉ်ပြီးသော် သူဌေး ၈ ယောက်တို့က "အရှင်မင်းကြီး၊ ကျွန်ုပ်တို့သွန်းလောင်းသော ရေစင်ကို ခံယူတော်မူ၍ အကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူ့လုပ်ခွန်၊ ဆယ်ဖို့တစ်ဖို့ ခံယူစားသုံးတော်မူ၍ မင်း၏စည်းစိမ်ကို ခံစားစံစားပြီးသော် ပြည်သူကို တရားသဖြင့် စောင့်ရှောက်တော်မူပါလော့။

အရှင်မင်းကြီး ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်၊ သံသရာ၊ နှစ်ဖြာသောအကျိုးတိုးတက်လေလျက် တက်သစ်သောနေ၊ ဆန်းသစ်သောလကဲ့သို့ တစ်နေ့တခြား ကျက်သရေတော် ပွင့်လင်း၍ ပြည်ထောင်မင်းပေါင်း ဦးခေါင်းညွတ်လာ၊ သဒ္ဓါပြည့်ဖြိုး၊ သူခိုးဓားပြ၊ ငြိမ်းချမ်းသာယာ၊ သာသနာတော်တည်ထွန်း၊ ရေစာမရှား၊ မင်းအားပြည်သူ၊ ဆူပူနေ့တိုင်းကောင်းချီးပေးလျက် သက်တော်ရာကျော် စံတော်မူရသည်ဖြစ်စေ

သော်ဝ်။

ယင်းသို့မဟုတ် … ကျွန်ုပ်တို့စကားအတိုင်းမတည်၊ မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာ ပျက်ချေက ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ လျှင်တော်လည်း၊ မြေကြီးကွဲ၍ ရေမီးချို့ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပျက်သူလောင်၊ ထောင်ထောင်ထားထား၊ ခိုးသားတန္တာ၊ စသည်တွေတွေ နေလတံခွန် ငှက်ဂျုံငှက်ယုတ်၊ စုန်းဘုတ်တစ္ဆေ နန်းထက်နေ၍ မွှေမွှေလှန့်ခြောက်၊ မြေပေါက်ငန်းကျား တက်၍စားသည် ဖြစ်စေသော်ဝ်”

ဟူ၍ တင်လျှောက်ကြကုန်လေ၏။

သို့တိုင်လည်း မင်းဧကရာဇ်တို့သည် ပလ္လင်ပေါ်ရောက်သည်နှင့် ဘိသိက်ခံယူတော်မူစဉ်ကထားရှိသော သစ္စာစကားမှ ရွေ့လျားကြရည်သာ များကြလေ၏။ ယင်းကို ယောမင်းကြီးဦးဘိုးလှိုင်က မနှစ်သက်ပေ။ ပြည်သူ့ဥစ္စာ အခွန်အတုတ်ကို ခံယူရာ၌ တရားနှင့် လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမဲ့ပြန်ဖျင်းသွမ်းသွပ် သူတို့ကို ရှောင်ခြင်း၊ လိမ္မာသူတို့၏ စကားကို နားလွယ်ခြင်းဟူသော ဝိတ္တာရတို့ကို အဘယ့်ကြောင့် တင်လျှောက်ကြပါသနည်း။

ဤအချက်ကို ဆန်းစစ်လျှင် နောက်ထပ်ဖြုပြင်စရာ အချက်အလက်တို့ကို ရည်သန်၍ တင်လျှောက်ခြင်းဖြစ်သည်ဟု ဆိုရပေ

မည်။ ယောအတွင်းဝန်သည် သသသမေခနန့်ခွဲပုံစနစ်ချတ်ယွင်း ချက်တို့ကို ကိုယ်တွေ့မျက်မြင်ဖြစ်သည်။ ထိုစနစ်ကို ပြုပြင်ခဲ့သည် လည်း မှန်ပေသည်။ သို့သော် အခွန်ခန့်ခွဲသည့်စနစ် မှန်ကန်လာ ပြီဟု သိရသည့်တိုင်အောင် အခွန်ဘဏ္ဍာသုံးစွဲရေးစနစ် မူမှန်ဖို့ လိုသေးသည်။

မင်းတုန်းမင်းကြီးလက်ထက် အစည်းအဝေးကြီးတစ်ခု၌ပင် ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဝန်စု၊ မှူးစု၊ မှူထမ်း၊ အရာထမ်းတို့ကို လစာပေးရန် ဥပဒေပြုသင့်ကြောင်း၊ ထိုရန်ပုံငွေကို အရေးကြုံသောအခါ အလွယ်တကူ သုံးစွဲနိုင်ကြောင်း သို့မှသာလျှင် လက်နက်ကိုင်စစ်တပ်များ ဖွဲ့စည်း၍ လိမ္မာကျွမ်းကျင်သော စစ်သည် အင်အားတို့ဖြင့် တိုင်းပြည်ကို ခုခံကာကွယ်နိုင်ကြောင်း ဤသို့ မဟုတ်ပါက နှာခေါင်းရှည်သော မျက်နှာဖြူများက မြန်မာအမျိုးသမီး တို့ကို နမ်းရှုပ်ကြလိမ့်မည်ဖြစ်ကြောင်း။

အကယ်၍ ဤအကြံအတိုင်း အညီအညွတ် လိုက်နာပါက နောက် ၅ နှစ်အတွင်း မြန်မာနိုင်ငံကို ရှေးကပိုင်သည့်အတိုင်း ကြံဆောင်နိုင်ကြောင်းဖြင့် မင်းတုန်းမင်းတရားအား လျှောက်ထား လေ၏။ မင်းတုန်းမင်းကြီးသည် ဤစကားအား နားခါးတော် မူလေသည်။

"သည်အတိုင်းမှန်လျှင် ငါတို့ကို ရှင်ဘုရင်အဖြစ်မှ ချတာနှင့် ဘာထူးသေးလဲ"

ဟု၍ ယောမင်းကြီးဦးဘိုးလှိုင်အား မျက်တော်မှုကာ ရွှေပြည်ဝန်ကြီးရာထူးမှ ချထားစေပြန်လေ၏။ ဦးဘိုးလှိုင်ကား ရာထူးဂုဏ်သိမ်မျက်နှာကို မကြည့်၊ တိုင်းပြည်ကမောက်ကမဖြစ်မည်ကိုသာ စိုးရိမ်လေသည်။ သူ၏စိတ်ရင်း၌ ဘုရင်စနစ်ကို ပယ်ဖျက်ချင်သည့် သဘော ဆန္ဒအရိပ်အငွေ့များ ပေါ်ထွက်လျက်ရှိပြီး ဒီမိုကရေစီဆန်သည့် အတွေးရိပ်များကို တွေ့နိုင်ပေသည်။

ဦးဘိုးလှိုင်ကား တော်လှန်သော တွေးခေါ်ရှင်တပင် ခေါ်ဆိုထိုက်ပါပေသည်။

❖ ❖ ❖ ❖ ❖

ဦးအာပေ

# မင်းတုန်းမင်း၏
# အတုမရှိကျောင်းတော်ကြီး

မင်းတုန်းမင်းကြီးသည် စကြာဒေဝီမိဖုရားခေါင်ကြီးနှင့်အတူ တကွ သက္ကရာဇ် ၁၂၁၈–ခုနှစ်မှ စတင်၍ ၇ ဌာနပန္နက်ချတော်မူခဲ့သည်။ ယင်းမှာ ...

၁။ ရွှေမြို့တော်ကြီး

၂။ ကျုံးတော်

၃။ မဟာလောကမာရဇိန်စေတီ

၄။ သိမ်တော်ကြီး

၅။ မဟာအတုလဝေယန်ကျောင်းတော်ကြီး

၆။ ပိဋကတ်တိုက်တော်

၇။ သုဓမ္မာဇရပ်တော် တို့ဖြစ်သည်။

ထို့ကြောင့် မဟာအလုပတဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအား သက္ကရာဇ် ၁၂၁၈–ခုနှစ်မှပင် စတင်ဆောက်လုပ်ခဲ့သော်လည်း နှစ်ကြာညောင်းသည်အထိ ပြီးစီးနိုင်ခြင်း မရှိခဲ့ပေ။ နိုင်ငံရေး၊ စီးပွားရေးတို့ကို စီမံကွပ်ကဲနေရသည်ကတစ်ကြောင်း ကြီးမားလွန်းသော ကျောင်းတော်ကြီးဖြစ်သည်ကတစ်သွယ် လွယ်လွယ်နှင့် မပြီးနိုင် ရှိခဲ့၏။

ဤသို့ဖြင့် မင်းတုန်းမင်းကြီး၏ လက်တွဲဖော် စကြာဒေဝီ မိဖုရားကြီး ၁၂၃၈–ခုနှစ်တွင် နတ်ရွာစံစွန်တော်မူသွားသောအခါ ကျောင်းတော်ကြီး ဆောက်လုပ်မှုမှာ ပိုမိုနှေးကွေးသွားတော့သည်။ ထို့နောက်တွင်မှ ယောမင်းကြီးအတွင်းဝန်ဦးဘိုးလှိုင်အား ကျောင်းတော်ကြီးအား ဆက်လက်ဆောက်လုပ်စေရန် အမိန့်တော်ချမှတ်ခဲ့သည်။

တစ်ပိုင်းတစ်စဆောက်လုပ်ဆဲရှိသည့် ကျောင်းတော်ကြီးကို ဦးဘိုးလှိုင်တာဝန်ခံ၍ ဆက်လက်ဆောက်လုပ်လေရာ ... ၁၂၃၉–ခုနှစ်၌ အပြီးသတ်ခဲ့လေတော့၏။ ကုန်ကျငွေမှာ ထိုခေတ် ဒေါင်းဒင်္ဂါး ကုဋေ ၅၀ ကုန်ကျခဲ့သည်။ ထိုကျောင်းတော်ကြီးကို (မဟာအတုလဝိဇယာမ) အတုမရှိကျောင်းတော်ကြီးဟု ကမ္ဗည်းကျောက်စာ ထိုးရေးလေသည်။

မင်းတုန်းမင်းကြီး၏ မိမိ၏ကောင်းမှုဖြစ်သော ခန့်ငြားကောင်းမွန်လှသည့် အတုမရှိ ကျောင်းတော်ကြီးကို မြင်ရလေလျှင် စကြာဒေဝီ မိဖုရားကြီးအား လွမ်းဆွတ်လာလေတော့သည်။ စကြာဒေဝီ မိဖုရားခေါင်ကြီးမှာ (မဟာစေမိကာရာမကျောင်း) သစ်ဆိမ့်တိုက်တော်ကို ဆောက်လုပ်ပြီးနောက် သစ်ဆိမ့်ဆရာတော်ဘုရားအား ရေစက်သွန်းချ လှူဒါန်းချိန်ဝယ် ဘုရင်ကြီးအား အမျှပေးဝေ၍ သာဓုအနုမောဒနာ ခေါ်တော်မူစေသည်။

မင်းတုန်းမင်းတရားကြီးက ဤကျောင်းတော်ကြီးကို ရေစက်သွန်းချ လှူဒါန်းတော်မူချိန်၌ မိဖုရားခေါင်ကြီး နတ်ရွာလားခဲ့ပြီးဖြစ်ရာ မင်းတရားကြီးမှာ တွေးမိတိုင်း ယူကြုံးမရ ဖြစ်တော်မူရှာသည်။ မိဖုရားခေါင်ကြီးသာ ရှိနေသေးပါမူ နှစ်ပါးစုံညီစွာဖြင့် ရေစက်သွန်းချ ကုသိုလ်ကောင်းမှုအဖို့ လိုက်လှဲကြည်နူးစွာ ပြိုင်တူ သာဓုခေါ်ကြမည်သာဖြစ်သည်။

မင်းတုန်းမ ်းတရားကြီးသည် ကျောင်းတော်ကြီးဆောက်လုပ်ပြီးစီးလျှင် ထွင့်ခေါင်ဆရာတော်ဘုရားအား ရေစက်သွန်းချ လှူဒါန်းတော်မူရန် စိတ်ရည်သန်ထားခဲ့ပြီးဖြစ်သည့်အတိုင်း ထွင့်ခေါင်ဆရာတော်ဘုရားထံ ကျောင်းအလှူခံပါမည့်အကြောင်း ရှိခိုးလျှောက်ထားလေသည်။ ထိုအခါ ထွင့်ခေါင်ဆရာတော်ဘုရားကြီးက ...

"ဒကာတော် ရေမြေ့ရှင်ရဲ့ ကျောင်းတော်ကြီးက ပုံထူး ပုံဆန်းနဲ့ ဆောက်လုပ်ထားတော့ ဘယ်ကျောင်းနဲ့မှ မတူပါဘူး ...။ ဒီအထဲမှ (အတုမရှိ)လို့ အမည်တပ်ထားပြန်တော့ ဆရာတော် အလှူမခံရဲတော့ဘူး ဒကာတော်၊ နာမည်နဲ့ လိုက်လျော်အောင် မင်းအစဉ်အဆက် ကိုးကွယ်တဲ့ အတုမရှိ ဗုဒ္ဓရုပ်ပွားတော်များသာ တင်ထားဖို့သင့်ပါတယ်"

ဤသို့ ထွင်ရှေ့ခေါင်ဆရာတော်ဘုရားက မိန့်ကြားရာ ... မင်းတုန်းမင်းကြီးမှာ ရွှေဘဝင်အေးစိမ့်နှစ်သိမ့် ပီတိဂွမ်းဆီထိသည့် ပမာ ကြည်နူးတော်မူသည့်အတိုင်း ... (ဗုဒ္ဓပမုခစတုဒိသာသံဃိက) အဆောက်အဦးအဖြစ် ရွှေခရားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူလေသည်။ ထိုအချိန်ဝယ်၊ နန်းတွင်းမှ မောင်းမမိဿံ ချွေရံသင်းပင်းတို့နှင့်တကွ၊ မှူးကြီးမတ်ရာ သေနာပတိတို့မှာ ကျောင်းတော်ကြီး ရေစက်သွန်းချ အလှူတော်ဒါနပြုသည့် ပွဲတော်ကြီး၌ ပျော်ပါးလိုကြသည့်အတိုင်း မြို့တော်အရှေ့ဘက် ကျုံးတော်အတွင်း လှေလောင်း၊ ဖောင်တော်များချကာ အဆင်တန်ဆာများ ဆင်ယင်ထားကြလေ၏။

တူရိယာမျိုးစုံတို့ တီးမှုတ်ကခုန် မြူးထူးကြကုန်လေ၏။ အတုမရှိကျောင်းတော်ကြီးကို ရေစက်သွန်းချ လှူဒါန်းတော်မူရာ၌

အတုမရှိအောင် ဆင်ယင်ကျင်းပရန် စီစဉ်သူများက စီစဉ်ဆောင်ရွက်ကြကုန်လေ၏။ နန်းတွင်းသူ နန်းတွင်းသားတို့ကား ပျော်တပြုံးပြုံးနှင့် မော်မဆုံးအောင် ရှိကြသောအချိန်လည်းဖြစ်သည်။ တစ်ခါဖူးမျှ မကြုံဘူးအောင် ထူးကဲသော ဆင်ယင်ကျင်းပခြင်းဖြင့် မင်းတရားကြီးအလိုတော်ကျ ဆန္ဒပြည့်သထက် ပြည့်အောင်စီမံဆောင်ရွက်ကြကုန်လေ၏။ မောင်းမမိဿံများ၊ အခမ်းအနားဖြင့် အတုမရှိ ကျောင်းတော်ကြီးဆီသို့ ကြွရောက်ဆဲအချိန်တွင် မင်းတုန်းမင်းတရားကြီးသည် ကျောင်းတော်မှ ရေစက်သွန်းချခြင်းအမှု ပြီးစီးသဖြင့် နန်းတော်သို့ ပြန်လည်ကြွချီတော်မူရကား ... မောင်းမမိဿံတို့သည် လမ်းခုလတ်မှ လှည့်ပြန်ကြရသည်။

မင်းတုန်းမင်းတရားကြီးသည် ရှေ့နောက်ဆင်ခြင်တိုင်းထွာလေ့ရှိသော ဘုရင်တစ်ပါးဖြစ်၍ မြင်ကွန်း၊ ပဒိန်းအရေးတော်ပုံ ငြိမ်းအေးစအချိန်ဖြစ်ရာ အစစအရာရာ သတိလက်မလွတ်စေရန် ဝီရိယထားနေလေသူဖြစ်သည်။ ထို့ကြောင့် မိမိ၏ရေစက်သွန်းချအမှုကိစ္စပြီးသည်နှင့် နန်းတွင်းသို့ တပ်တို့အစောင့်အရှောက်ဖြင့် ပြန်လည်ကြွချီတော်မူလေ၏။

ထွင့်ခေါင်ဆရာတော်ဘုရားကိုလည်း ၇ ရက်မျှ ကျောင်းကြီးပေါ်တွင် ကျိန်းစက်တော်မူပါရန် လျှောက်ထားရာ ဆရာတော်က...

"ဒကာတော်ရေမြွေရှင် ...၊ ဆရာတော်ဟာ ၈ ဝါရတဲ့ အချိန်ကစပြီး ဂါမာဝါသီအာရုံကို ပယ်ခဲ့တယ်၊ ဒကာတော့်ကျောင်းကို ၇ ရက်မပြော့နှင့် အရုဏ်တက်အောင်ပင် သီတင်းမသုံးလိုပါ၊ ယနေ့ပင် စစ်ကိုင်းဘက်အရောက် ပို့ဆောင်ပေးစေလိုပါတယ်"

ဤသို့ဖြင့် ငြင်းပယ်တော်မူလိုက်ပြန်သောကြောင့် မင်းတုန်းမင်းကြီးသည် မဆိုင်းမတွပင် ဆရာတော်ဘုရားအား ရဲလှေဖြင့် စစ်ကိုင်းဘက်အရောက်ပို့ဆောင်ပေးရန် အမိန့်တော်ချမှတ်လိုက်လေ၏။ မင်းတုန်းမင်းအဖို့ ထွင့်ခေါင်ဆရာတော်ဘုရားအား ရှေးကထက် ဆပွားကြည်ညိုလေးစားမိလေ၏။ ထွင့်ခေါင်ဆရာတော်ဘုရားအား ဤအတုမရှိကျောင်းတော်ကြီးအား ကပ်လှူရန် အကြံတော်ပေါ်ခဲ့ရခြင်းမှာ မိမိဘုရင်မဖြစ်မီအချိန်ကတည်းကဖြစ်သည်။

မင်းသားဘဝကပင် ဆရာတော်ကြီး ကြည်ညိုတော်မူခဲ့ပြီး သွန်သင်ဆုံးမဩဝါဒပေးခဲ့သည်တို့ကို နာယူမှတ်သားခဲ့၏။

အတုမရှိကျောင်းတော်ကြီးဆောက်လုပ်ရန် ကြံစည်တော်မူသည်မှာလည်း နောင်တော်ပုဂံမင်းထက် သာလွန်သော ကုသိုလ်ဒါန မျိုးစေ့ချမှုကို တစ်နည်းအားဖြင့် ရှေ့ရှုတော်မူခြင်းကြောင့်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ထိုမျှအကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းကြီးမျိုးကို နောင်မင်းအဆက်

ဆက်၍ မော်ကွန်းတင်ရစ်စေရန်လည်း ရည်ရွယ်တော်မူဟန်ရှိသည်။

မင်းတုန်းမင်းသား ရွှေဘိုမြို့ကို သိမ်းပိုက်၍ ရွှေဘိုဘုရင် ဖြစ်ချိန်၌ ထွင့်ခေါင်ဆရာတော်ဘုရားကြီးအား (အဘယဇီဝိတဒါန)ကို လှူလွှတ်၍ လှူဒါန်းတော်မူခဲ့သည်။ အဘယဇီဝိတဒါနဆိုသည်မှာ ဘုရင်သတ်မိန့်ပေးထားသော ရာဇဝတ်သားကို အပြစ်မှလွတ်ငြိမ်း ချမ်းသာခွင့် ပြုစေသော အလှူခံနည်းဖြစ်သည်။ မင်းတုန်းဘုရင်သည် တိုင်းသူပြည်သား လူအများတို့ ရောင့်တတ်မည်စိုးသောကြောင့် (အဘယဇီဝိတဒါန) ပေးလှူခြင်းကို လျှို့ဝှက်ထားပါရန် လျှောက်ထားတော်မူသည်။

ထွင့်ခေါင်ဆရာတော်အား မင်းတုန်းမင်းကြီး ကြည်ညိုရခြင်း အကြောင်းမှာ ...

၁။ ထွင့်ခေါင်ဆရာတော်အား မှန်နန်းရှင်နှင့် မိဖုရားခေါင် မယ်နုတို့ ရဟန်းခံပေးခဲ့ခြင်း။

၂။ စာတော်ပြန်တွင် ပထမကျော်ဆွတ်ခူးခဲ့ခြင်း။

၃။ မင်းတုန်းဘုရင်အတွက် ဦးစွာမင်္ဂလာစကားမြွက်ကြား တော်မူခဲ့ခြင်း။

စသည့်အချက်တို့ကြောင့်ဖြစ်သည်။

တစ်နေ့သောအခါက ပုဂံဘုရင်သည် စစ်ကိုင်းဘက်သို့

ချိုးတည်ထွက်သောအခါ မင်းတုန်းမင်းသားအား မယုံကြည်သဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။ မင်းတုန်းမင်းသားမှာ ချိုးတည် ဝါသနာမပါ၍ တောင်ဖီလာဆရာတော်ဘုရားထံ တရားနာသွားရန် ခွင့်တောင်းကာ ကျန်ရစ်ခဲ့သည်။ မင်းတုန်းမင်းသားသည် တရား နာရင်း စကားစပ်မိ၍ "လူ့ဘောင်တွင် ရှုပ်ထွေးလှသဖြင့် ရဟန်း ပြုလိုကြောင်း" လျှောက်ထားလေရာ၊ တောင်ဖီလာဆရာတော်က ချက်ချင်းပင် ...

"မောင်ပဥ္စင်းတို့ သပိတ် သင်္ကန်း ပရိက္ခရာ အစုံအလင် ယူခဲ့ကြ၊ မင်းသားက ရဟန်းခံမလို့တဲ့"

ဟု မိန့်တော်မူလိုက်သဖြင့် မျက်လုံးပြူးသွားတော့သည်။ "ဆရာတော်ဘုရား၊ တပည့်တော်မှာ မလွတ်လပ်ပါ၊ စေတနာ ရှိလွန်းလှ၍ လျှောက်ထားရခြင်းဖြစ်ပါသည်။ နောင်တော်အမိန့်ရမှ ရဟန်းခံနိုင်ပါမည်ဘုရား"ဟု မင်းတုန်းမင်းသားက ပြင်၍ ဇင် လျှောက်လေရာ ဆရာတော်ကြီးက ပြုံးရယ်လျက် နေတော်မူလေ သည်။

"မင်းသားဟာက စိတ်ညစ်လို့ ဒကာမတစ်ယောက် ကြိုး ဆွဲချ သေမယ်ကြံတာနဲ့ တူနေပါပေါ့လား။ ဒကာမတစ်ယောက်ဟာ သေချင်လို့ ကြိုးတစ်ချောင်းယူပြီး သစ်ပင်ပေါ်တက်သတဲ့။ သစ်ပင်

ပေါ်အတက် ချုကြားမှာ မြွေပွေးတစ်ကောင် ခွေနေတာမြင်လို့ ပြန်ဆင်းပြေးလာသတဲ့။ မင်းသားလည်း ဒါတွေ တွေးကြောက်နေရသေးသကိုး”

ဟု မိန့်တော်မူလေ၏။

မင်းတုန်းမင်းသားသည် ပုဂံတုရင်နှင့် အမရပူရမြို့သို့ ပြန်သွားပြီးနောက် တစ်ကြိမ်ပုဂံတုရင် စစ်ကိုင်းမြောက်နယ်တစ်ခွင်၌ ချိုးတည်ထွက်ပြန်၍ လိုက်ပါခဲ့ရကာ ... ထွဋ်ခေါင်ကျောင်းတိုက်သို့ ဝင်ရောက်လျက် ဆရာတော်နှင့် တရားဆွေးနွေးခြင်းပြုလေသည်။

မင်းတုန်းမင်းသားက စကားစပ်လာသည်နှင့် “တစ်နေ့က တောင်ဖီလာဆရာတော်ကြီးထံ ရဟန်းခံလိုကြောင်း လျှောက်ထားမိဟာနှင့် ချက်ချင်းလက်ငင်း သင်္ကန်းပရိက္ခရာတွေ ယူစေလို့ တပည့်တော် မနည်းရှောင်ထွက်ခဲ့ရပါတယ်ဘုရား”

ဟု လျှောက်လေရာ ... ထွဋ်ခေါင်ဆရာတော်က

“မင်းသားကိုက နေရာရှာသကိုး၊ သာသနာပြု ရှင်ဘုရင်ဖြစ်မယ့်သူက ဘာကြောင့်ရဟန်းခံရမလဲ”

ဤသို့ မိန့်တော်မူရာ ထိုစကားမှာ မင်းတုန်းမင်းသားအတွက် မင်္ဂလာရှိသောစကားတစ်ခွန်းဖြစ်ခဲ့ပြီး အသည်းစွဲအောင်ပင် မှတ်ယူခဲ့သည်။ နောင်တွင် သာသနာပြုမင်းတစ်ပါးဖြစ်ရမည်ဟု ကြွေးကြော်

ခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့်လည်း ထွင့်ခေါင်ဆရာတော်ကြီးကို မင်းတုန်းမင်း (ရှင်ဘုရင်ဖြစ်သော်) ကြည်ညိုလေးစားခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်းလည်း သူ၏အတုမရှိ ကျောင်းတော်ကြီးကို ထွင့်ခေါင်ဆရာတော်ကြီးက ငြင်းပယ်သဖြင့် နောက်ထပ်မည်သည့် ဆရာတော်ကိုမျှ ပင့်လျှောက်မတင်ထားရှိဘဲ၊ မင်းအစဉ်အဆက်တို့ ကိုးကွယ်တော်မူခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်များကို သိတင်းသုံးရန် အစီအစဉ်ပြုတော်မူလေသည်။ နိုင်ငံခြားမှ ဆက်သသော အဘိုးတန်ပစ္စည်းများကိုလည်း ဤကျောင်းတော်ပေါ်သို့ တင်ကာလှူဒါန်းတော်မူသည်။

အင်္ဂလိပ်များ မြန်မာပြည်သို့ ဝင်ရောက်နယ်ချဲ့လာသောအခါ စိတ်မချရသဖြင့် မှူးမတ်များကိုယ်တိုင်ပင် ရုပ်ပွားတော်များကို ရွှေကျီးမြင်ဘုရားသို့ ပြောင်းရွှေ့စံပယ်တော်မူရန် ပင့်ဆောင်ပို့သကြသည်။ ကျောင်းတော်ကြီးဆောက်လုပ်ပြီးစီးသည့်နောက် ၈ နှစ်အကြာ သက္ကရာဇ် ၁၂၅၅–ခုနှစ်၊ အင်္ဂလိပ်များ မန္တလေးမြို့ကို စိုးမိုးအုပ်ချုပ်နေစဉ် မီးသင့်လောင်ကျွမ်းခြင်းခံရသည်။

ကျောင်းတော်ကြီး မီးသင့်ရခြင်းမှာ အင်္ဂလိပ်နယ်ချဲ့တို့၏ ပယောဂမကင်းချေ။ ကျောင်းတော်ကြီးပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်များ

မှတစ်ပါး၊ ကျန်အသုံးအဆောင်ပစ္စယအားလုံး ကျန်ရစ်သည်။ မင်းတုန်းဘုရင်အတွက် နိုင်ငံခြားမှ အထွင်အမြတ်ထား၍ ဆက်သခဲ့သော ပစ္စည်းမှန်သမျှ ဤကျောင်းတော်ကြီးပေါ်ရှိ ရုပ်ပွားတော်များကို ရည်စူး၍ လှူဒါန်းထားသည်။ ကျောင်းတော်ကြီးပေါ်၌ ရုပ်ပွားတော်များ မရှိသော်လည်း အဖိုးတန်အသုံးအဆောင်များ ကျန်ရစ်လျက် ရှိ၏။

ထီးကျိုးစည်ပေါက်၊ မင်းပါရောက်ဆုံးခဲ့ရပြီးနောက် မန္တလေးရွှေမြို့တော်ကို အင်္ဂလိပ်များ စိုးမိုးအုပ်ချုပ်လေရာ ကျောင်းတော်ကြီးအနီးပတ်ဝန်းကျင်တွင် ဂေါ်ရာစစ်သားများ စစ်စခန်း ချထားလေ၏။ ထိုစစ်သားများသည် ခမ်းနားကြီးကျယ်လှသော ဤကျောင်းတော်ကြီးပေါ်သို့ တက်ရောက်၍ မိမိတို့လိုချင်ရာမှန်သမျှ မွှေနှောက်ယူငင်ကြသည်။

သည့်နောက် ကျောင်းတော်ကြီးကို တာဝန်ရှိသူများ လာရောက်စစ်ဆေးပါက မိမိတို့ ယူငင်မွှေနှောက်ထားခြင်းတို့ သိလေမည်စိုးသဖြင့်၊ ကြံ့တင်ကာကွယ်သောအားဖြင့် မီးရှို့ဖျက်ဆီးခြင်း ပြုလေ၏။

မင်းတုန်းမင်း၏ အတုမရှိကျောင်းတော်ကြီးနှင့် အတွင်းရှိ ပစ္စည်းပစ္စယအဝဝတို့သာ အကောင်းပကတိ ရှိနေဦးမည်ဆိုလျှင်

ယခုအခါ သမိုင်းတန်ဖိုးကြီးမားသော အထောက်အကူကို ရမည်ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် မိမိကိုယ်မိမိ သာသနာပြုမင်းတစ်ပါးအဖြစ် ခံယူပြီးသည့်နောက် ဤအတုမရှိ ကျောင်းတော်ကြီးဆောက်လုပ်ခဲ့ခြင်းအပြင်၊ ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများစွာကို ပြုလုပ်တော်မူနိုင်ခဲ့သည်။ အဓိကအချက်မှာ ပဥ္စမသင်္ဂါယနာတင်ခဲ့ခြင်းပင်ဖြစ်သည်။

မင်းတုန်းမင်းအဖို့ နတ်ရွာမစံမီတွင် အခက်ကြီး ၃ ပါးနှင့် ရင်ဆိုင်သွားရရှာသည်ဟု သမိုင်းသုတေသီတို့က မှတ်ချက်ပြုကြ၏။ ယင်းအချက်ကြီး ၃ ချက်မှာ ...

၁။ စကြာဒေဝီ မိဖုရားခေါင်ကြီးတွင် သားတော်တစ်ပါးမှ မထွန်းကားခဲ့သဖြင့် ကနောင်မင်းသား (အိမ်ရှေ့မင်း) နတ်ရွာစံသောအခါ ထပ်မံ၍ အိမ်ရှေ့စံမထားခြင်း။

၂။ သက္ကရာဇ် ၁၂၂၇–ခုနှစ်၊ သာသနာပိုင် ဦးညေယျပျံလွန်တော်မူပြီးနောက် ၁၂၄၀–နှစ်အထိ သာသနာကို ဆရာတော်မခန့်အပ်နိုင်ဘဲ သုဓမ္မာနှင့် အုပ်ချုပ်ခဲ့ရခြင်း။

၃။ စကြာဒေဝီမိဖုရားကြီး နတ်ရွာစံပြီးနောက်၌ အလယ်နန်းမတော်မယ်နု၏သမီး မိဖုရားက မိမိအပျိုတော်များနှင့် အတူ စကြာဒေဝီစံတော်မူခဲ့သော တောင်နန်းဆောင်

သို့ ပြောင်းရွှေ့စံတော်မူလာရာ၊ စကြာဒေဝီ၏ အဆောင်တော်အား မည်သည့် မည်သည့် မိဖုရားမှမထားလိုသဖြင့် နမတော်ကို အလယ်နန်းသို့ ပြန်ပြောင်းရန် ဆင်ဖြူတစ်စီး လက်ဆောင်ပေးလိုက်ရခြင်း။

စသည့် အခက်သုံးဖြာနှင့် ရင်ဆိုင်ခဲ့ရသည်။ မင်းတုန်းမင်းကြီးသည် စကြာဒေဝီ မိဖုရားကြီး စံမြန်းသွားသော တောင်နန်းတွင် ရွှေသား ၅ ပိဿာ ၅၅ ကျပ်သားနှင့် ၅ မူး အလေးချိန်ရှိသော စကြာဒေဝီရုပ်ပုံကို သွန်းလုပ်ထားသည့်မျှမက၊ ထိုတောင်နန်းအနီး သို့ ရောက်လေတိုင်း လက်အုပ်ချီ၍ သွားလေ့ရှိသည်။

မင်းတုန်းမင်းကြီးသည် အစ်မတော်လည်းဖြစ် အဂ္ဂမဟေသီ တောင်ညာစံဒေဝီလည်းဖြစ်သော မိဖုရားခေါင်ကြီး စကြာဒေဝီကို ဤမျှလောက် ခုံမင်မြတ်နိုးတော်မူရှာလေ၏။ အစွဲအလမ်း ကြီးလွန်းသော မင်းတုန်းမင်းတရားကြီးသည်လည်း သက်တော် ၆၄ နှစ်တွင် ၁၂၄၀-ပြည့်၌ နတ်ရွာစံ ကံတော်ကုန်ခဲ့ရှာသည်။ မင်းတုန်းမင်းကြီး၏ အလောင်းအား စကြာဒေဝီမိဖုရားကြီး၏ ဂူရှိရာ ဥယျာဉ်တော်အတွင်း ဝယ် မသာတော်အခမ်းအနား ကျင်းပလျက် တံဆိပ်တော်ရ၊ မရဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ သင်္ဂြိုဟ်အမှု ပြုခဲ့ကြသည်။

ယောမင်းကြီးသည်လည်း တစ်မင်းလက်မှ တစ်မင်းပြောင်းရ ပြန်လေ၏။ ဤသို့ဖြင့် ဦးဘိုးလှိုင်သည်။ သီပေါမင်းထံတွင် က် လက်ခစားရပြန်လေတော့သည်။

❖ ❖ ❖ ❖ ❖

ဝိုးစာပေ

# သီပေါမင်းနန်းတက်စနှင့် ဦးတိုးလှိုင်တာဝ

သီပေါမင်း နန်းမတက်မီကပင် နန်းတွင်းရေးမှာ ရှုပ်ထွေးစပြုလျက် အုပ်စုများကွဲကာ မညီမညွတ် ရှိနေပေ၏။ ထိုစဉ်က တပင်တိုင်မင်းသမီးမှာ လင်ပန်းမိဖုရား၏ သမီးတော်စလင်းစုဖုရားကြီး (သီရိမြတ်စွာရတနာဒေဝီ) ဖြစ်သည်။

သီပေါမင်းသားသည် ရွှေနန်းစည်းစိမ်ကို သိမ်းပိုက်လျက် မင်းအဖြစ်သို့ ရောက်တော်မူလာသော်လည်း ပင်တိုင်စံဖြစ်သည့် သီရိမြတ်စွာရတနာဒေဝီ စလင်းစုဖုရားကြီးအား တောင်ညာစံဒေဝီ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ် မတင်မြှောက်ခဲ့ပေ။ အကြောင်းသော်ကား ... မင်းသားဘဝမှာပင် ရည်ငံချစ်ခဲ့ဖူးသော စုဖုရားလတ်နှင့် နှစ်ပါးဂဟေဆက်၍ ချစ်ခင်စုံမက်ခဲ့သဖြင့် သစ္စာတော်ထိန်းသိမ်း

ခဲ့ခြင်းဖြစ်သည်။

အိမ်နိမ့်စံဘဝက သီပေါမင်းသားအား လက်စွဲတော် တောင်သမန် လယ်စားမောင်ဖေယယ်အား မေတ္တာစာစီကုံးရေးသားစေကာ စုဖုရား လက်အပေါ် သစ္စာတော် ထားခဲ့ဖူးသည်။ မင်းသားဘဝက နှုတ်ကတိ စကားကို မိုးကြိုးသွားပမာ သဘောထားလျက် သစ္စာပန္နက် ခိုင်မြဲ စေခြင်းဖြစ်သည်။ ထိုမှမှက အလယ်နန်းမတော် (သီရိပဝရ မဟာ ရတနာဒေဝီ ဆင်ဖြူမရှင်) မိဖုရားကြီးသည် ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်းအစရှိသော ဝန်ကြီးများနှင့် တိုင်ပင်တော်မူပြီးလျှင် သမီးတော်အကြီး မိုင်းနောင်မြို့စား စုဖုရား ကြီး (သုသီရိပဘာရတနာ မင်္ဂလာဒေဝီ)၊ သမီးတော်အလတ်... မြတောင်မြို့စား စုဖုရားလတ် (သုသီရိပဘာရတနာဒေဝီ) တို့အား အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးများအဖြစ်မှန် နန်းဆောင်တော်အလယ်၊ ဘမရာသနပလ္လင်ပေါ်တွင် မဟေသီဘိသေက ဘိသိက်သွန်းလောင်း တော်မူခဲ့သည်။

စင်စစ်တွင်မူ ရွှေနန်းထုံးစံအရ သီပေါမင်းသားသည် ပင်တိုင်စံ ထိပ်ထားကိုသာ အဂ္ဂမဟေသီမိဖုရားကြီးအဖြစ် ရွှေလက်ဆွဲ၍ နန်းသိမ်းပွဲဝင်ရမည်ဖြစ်သည်။ ယိုအခါ မျှော်တလင့်လင့်နှင့် စောင့်စား ကာ မိဖုရားခေါင်ကြီးဘဝကို တမ်းတနေရှာသော တပင်တိုင်မင်းသမီး

စလင်းစုဖုရားသိရိမြတ်စွာ ရတနာဒေဝီသည် စောင့်မျှော်ရကျိုးမနပ် ဖြစ်ရကား ... ခမည်းတော်မင်းတုန်းမင်းတရားကြီး၏ အလောင်း တော်ကို အုတ်နန်းပြာသာဒ်တွင် ထည့်သွင်းသဂြိုဟ်ပြီးနောက်... ရွှေနန်းတော်သို့ပြန်ကာ သာစည်ရွာစား (မယ်ထား)ကျောက်ကာ ရွာစား (ခင်နှစ်)တို့နှင့်အတူ မင်းအမိန့်ကိုပင် မခံယူဘဲ သီလရှင် ဘဝသို့ ကူးပြောင်းသွားကြသည်။

အစဉ်လာအရ သက်ဦးဆံပိုင်ဘုရင်ဖြစ်သော သီပေါမင်းထံ အမိန့်တော်ခံယူ၍ သဘောတူမှသာလျှင် မိန်းမဖြစ်လျှင် သီလရှင်၊ ယောက်ျားဖြစ်လျှင် ရဟန်းအဖြစ်သို့ ကူးပြောင်းနိုင်သည်။ ထိုစဉ်က သီပေါဘုရင်မှာ ထိုအရေးကို ဦးစားမပေးနိုင်ခဲ့ပေ။ ရှုပ်ထွေးလှသော နန်းတွင်းအရေးတော်ပုံကြောင့် ဆင်ဖြူမရှင်၏လက်တွင်သာ အာဏာ ရှိနေချိန်ဖြစ်သည်။

ဆင်ဖြူမရှင်သည် မင်းတုန်းမင်းကြီး နတ်ရွာမစံမီအချိန်ကပင် သမီးတော်စုဖုရားလတ်၊ မှူးမတ်အချို့နှင့် လျှို့ဝှက်တိုင်ပင်ကာ အကျဉ်းချုပ်ထားသော သားတော်၊ သမီးတော် အယောက် ၆ဝ ကျော် တို့ကို ကွပ်မျက်ခဲ့သည်။ သီပေါဘုရင်လက်ထက်၌ ယောမင်းကြီး ဦးဘိုးလှိုင်သည် အတွင်းဝန်ရာထူးကို ပြန်လည်ခန့်ထားခြင်း ခံခဲ့ရ ပြန်သည်။

ဝိုးစာပေ

ထို့အပြင် သီပေါဘုရင်၏ အုပ်ချုပ်ရေးစနစ်တွင် ၁၆ ဌာန ခွဲ၍ တာဝန်ကိုယ်စီ လွှဲအပ်ထားလေရာ၊ ဦးဘိုးလှိုင်က အခွန်တော် ဌာနနှင့် ဝင်ငွေထွက်ငွေစာရင်းဌာနတို့ကို တာဝန်ယူထမ်းဆောင် ရသည်။ ယောမင်းကြီးဦးဘိုးလှိုင်မှာ စာရင်းဇယားတို့၌ နိုင်နင်းသူ တစ်ယောက်ဖြစ်သည်။ အရေးကြီးလှသော ဌာနတို့ကို ဦးဘိုးလှိုင်ကို ပါဝင်အုပ်ချုပ်စေသည်။

ယောမင်းကြီးသည် ဉာဏ်ပညာ ထက်မြက်သည်သာမက မျိုးချစ်စိတ်လည်း ထက်သန်သူဖြစ်သည်။ မှန်သည်ဟုယူဆလျှင် အသက်ကိုပင်မှု၊ တည့်မတ်စွာ ပြောဆိုဆောင်ရွက်တတ်သူဖြစ်သည်။ တိုင်းပြည်ကြီးပွားရန် နယ်ချဲ့ပယောဂ၏ အန္တရာယ်ရန်၊ ဆင်းရဲသား ပြည်သူလူထု မျှမ်းသာကြွယ်ဝရန်၊ ယင်းတို့အတွက် ဆန္ဒအလွန် ပြင်းထန်သူဖြစ်သည်။ အောက်လက်ငယ်သားများကိုလည်း ကျေးဇူး ရှင် မင်းတရားကြီးလက်ထက်တော်ကကဲ့သို့ အမှုတော်ထမ်းရာ၌ တာဝန်ဝတ္တရားကျေပွန်ကြရန် သွန်သင်သမှုပြုခဲ့သည်။

သို့သော် သီပေါဘုရင်မှာ အသက် ၂၀ မျှသာ ငယ်ရွယ်သူ ဖြစ်သည့်အလျောက် ရှေ့နောက် ဆင်ခြင်တိုင်းထွာနိုင်သော အသိ ဉာဏ်မှာ နုနယ်လေ၏။ အပျော်အပါး မက်မောလှသဖြင့် နန်းတော် တွင်း၌ နိုင်ငံခြားသားများအား အချိန်မရွေး လက်ခံလေ့ရှိပြီး ယင်း

တို့၏ နိုင်ငံခြားကပွဲများကိုပင် နန်းတော်တွင်း၌ ခင်းကျင်းပြသစေကာ ဆုတော်လာဘ်တော် ငွေတော်များ မပြတ်ချလေ့ရှိသည်။

ထို့ကြောင့် ဦးဘိုးလှိုင်မှာ တိုင်းပြည်အတွက် ရင်လေးလှသဖြင့် နိုင်ငံပိုင်ငွေများ နိုင်ငံခြားသို့ထွက်ခြင်းကြောင့် တိုင်းပြည်ဆင်းရဲခြင်းကို ဖြစ်ပေါ်နိုင်မည်ဖြစ်သည်။ တစ်နည်းနည်းဖြင့် မယိုဖိတ်အောင် ပြုရန် အမှုထမ်းအရာထမ်းတို့အား အခွင့်အခါသင့်တိုင်း သိပေါဘုရင်အား လျှောက်ထားကြရန် အမိန့်ရှိလေ၏။ ဦးဘိုးလှိုင်အဖို့မူ အခွန်ဝန်ကြီးဌာနတွင် တာဝန်ရှိသည့်အတိုင်း တိုင်းပြည်ကောင်းစားရေးနှင့် တိုင်းပြည်ငွေယိုပေါက်တို့ကို ရှေ့ရှု၍ စိတ်ပူပင်သောကရောက်နေရှာသူဖြစ်သည်။

ယောမင်းကြီးသည် တိုင်းပြည်ငွေယိုပေါက်များကိုပိတ်၍ ဘဏ္ဍာတော်တိုးပွားအောင် စီမံကိန်းများ ရေးဆွဲတင်ပြခဲ့သည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တော်၌လည်း တစ်ကြိမ်တင်ပြခဲ့ဖူးပြီး ပယ်ချခံခဲ့ရသည်။ ယခုထပ်မံ၍ ရှင်ဘုရင်၊ မိဖုရားများ သားတော်၊ သမီးတော်များမှအစပြု၍ မှူးကြီးမတ်ရာ သေနာပတိအလယ်၊ အောက်တန်းမင်းမှုထမ်းအဆုံး လစရိက္ခာတော်နှင့် ငွေကြေးသုံးစွဲရန် အကြံတော်ပေးခဲ့ပြန်သည်။

အမှုထမ်းအရာထမ်းများအား ရိက္ခာတော် ချီးမြှင့်ပြီးနောက်

ပို့ငွေကို သီးသန့်ဘဏ္ဍာငွေအဖြစ်ထားရန်၊ ယင်းဘဏ္ဍာငွေမှာ အရေးပေါ်နိုင်ငံ့ကိစ္စမှတစ်ပါး မသုံးစွဲရန် တင်ပြခဲ့သည်။ ထို့ပြင် သီးသန့်ဘဏ္ဍာငွေများထဲမှ တပ်အင်အားတောင့်တင်းခိုင်မာလာစေရန် လက်နက်ခဲယမ်းမီးကျောက် ဝယ်ယူစုဆောင်းခြင်း၊ နည်းပညာသစ်များ သင်ယူခြင်း၊ ပညာတော်သင်လွှတ်ခြင်း စသည်တို့ဆောင်ရွက်နိုင်အောင် တင်ပြခဲ့သည်။

ယောမင်းကြီး ဦးဘိုးလှိုင်တင်ပြသော အကြောင်းရာများနှင့် ပတ်သက်၍ ကိုယ်ကျိုးရှာကြသော ဝန်မင်းအများစုက မနှစ်သက်ကြဘဲ ကန့်ကွက်ကြသည်။ ကောင်းပင်ကောင်းသော်ငြားလည်း လူကြိုက်မများလှသော သူ၏အကြံမှာ ဤမှာတွင် ရပ်၍မသွားပေ။ အချို့သောဝန်ကြီး၊ ဝန်လေး၊ မှူးကြီးမတ်ရာတို့က နန်းတွင်း၌ ဩဇာတက်နေသော မိဖုရားစုဖုရားလတ်ထံ ဝင်ရောက်ခစား၍ သံတော်ဦးတင်လျှောက်ကြသည်။

ထိုအခါ စုဖုရားလတ်မှာ ငယ်ရွယ်သူလည်းဖြစ်၊ မင်းစည်းစိမ်အား ယစ်မူးနေချိန်ဖြစ်ရာကား၊ ရာဇမာန်တက်စွာဖြင့်ယင် ဦးဘိုးလှိုင်၏ စကားအကြံကို မချင့်ချိန်မစဉ်းစား၊ အထင်မှားစွာ ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် မောက်မာစွာပင် ...

"ရှင်ဘုရင်လုပ်ရတာ ... လျှိုပေးသရွေ့နဲ့ စားရမှာတဲ့လား၊

ဒီလိုဖြင့် ရှင်ဘုရင်တောင် မလုပ်ချင်ပါဘူး”

စုဖုရားလတ်၏စကားကို နားယောင်လျက် သီပေါဘုရင်ကပါ လက်ခံခဲ့ကာ၊ ဦးဘိုးလှိုင်အပေါ် စိတ်ကွက်တော်မူလေ၏။ ထို့ကြောင့် ယောမင်းကြီးဦးဘိုးလှိုင်အား ရာထူးမှ ဖယ်ရှား၍ အရာချထားခဲ့သည်။

သီပေါမင်းလက်ထက် ဦးဘိုးလှိုင်အရာမှ ဖယ်ရှားခံရခြင်းမှာ ဤအကြိမ်မှာ နောက်ဆုံးပင် ဖြစ်ချေတော့သည်။ သက္ကရာဇ်အားဖြင့် ၁၂၄၂-ခုနှစ်တွင် ဦးဘိုးလှိုင် အတွင်းဝန်ရာထူးနှင့် အခွန်ဝန်ကြီး အဖြစ်မှ ဖယ်ရှားရပ်နားခံခဲ့ရသည်။ နန်းတွင်းရေးရှုပ်ထွေးသော ကာလဖြစ်သဖြင့် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ကို မလိုသူများကလည်း အဖယ်ရှားခံရအောင် တိုက်ထုတ်ကြပြန်လေ၏။

ဦးဘိုးလှိုင်မှာ ရာထူးမှ အဖယ်ရှားခြင်းခံရသော်လည်း မည်သည့်ခံစားချက်မှ မရှိခဲ့ပေ။ သို့သော် တိုင်းပြည်နစ်နာမည့် အရေးကိုမူ စိတ်မကောင်းဖြစ်ရှာလေသည်။ သူ့အဖို့ ရာထူးကျခြင်း၊ နယ်အနှင်ခံရခြင်းတို့မှာ မင်းတုန်းမင်းကြီးလက်ထက်တော်၌ အကြိမ် ဖန်များစွာ ခံစားကြုံကြိုက်ခဲ့ရသူမို့ ထူးခြား၍ ခံစားမှုမဖြစ်ပေ။ လောကဓံတရားကို ရင်ဆိုင်လျက် သမာဓိလက်ကိုင်ထားနိုင်သူ ဖြစ်သည်။

ဝိုးစာပေ

မင်းတုန်းမင်းကြီးလက်ထက်တော်က ရာထူးမှ အချခံရသော ကာလတို့ကို ကျမ်းစာရေးသားပြုစုခြင်းဖြင့် အချိန်ကို တန်ဖိုးရှိစွာ အသုံးချခဲ့သူဖြစ်သည်။ သီပေါမင်းလက်ထက်တော်တွင်ကား အရှယ် ကြောင့် မဟုတ်သည့်တိုင် မိမိဇာတာ စန်းလဂ်ကို တွက်ချက်ပြီး ဖြစ်သဖြင့် ထပ်မံ၍ ကျမ်းမပြုစုတော့ဘဲ ကုသိုလ်၊ ဓမ္မအသိတရား ဖြင့် ဘာဝနာပွားလျက်သာ အချိန်ကိုဖြတ်သန်းခဲ့သည်။

သူ့စိတ်၌ မိမိကိုယ်ရေးကိုယ်တာ အကျိုးကျေးဇူးထက် တိုင်းပြည်ကြီးပျက်စီးသွားမည်ကို ပိုမိုစိုးရိမ်နေပေသည်။ တစ်မျိုး သားလုံး ကျွန်တွင်းနစ်မည့်အရေးကိုလည်း တွေးပူပန်မိ၏။ ဘုရင့် အကျိုးတော်ကိုသော်လည်းကောင်း၊ တိုင်းပြည်အကျိုးတော်ကို သော်လည်းကောင်း ကျေပွန်အောင်ထမ်းရွက်ရာ၌ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် မိမိကိုယ်ကျိုးထက် အစွမ်းထက်စွာ ပြုမူဆောင် ရွက်လေ့ရှိသည်။

သို့တိုင် ထိုကာလများသည် မြန်မာတို့ တန်ခိုးမှေးမှိန်ဖွယ်ရာ အကြောင်းချင်းရာတို့ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာနေသော ကာလ ဖြစ်သည်။

ရတနာနေပြည်တော်၏ အနောက်ဘက်ကမ်းအနီးတစ်လျှောက် ရပ်ကွက်မှာ ကုလားမြို့ဟုပင် အမည်တွင်လောက်အောင် နိုင်ငံခြား

သားများ ပြည့်နှက်နေကြလေကုန်၏။ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ အာမေးနီးယန်း၊ ဥရောပမျက်နှာဖြူများသာမက … တရုတ်၊ ကုလား၊ စူရတီစသည့်အရှေ့တိုင်းလူမျိုးခြားများပါ ပြည့်နှက်စွာ တွေ့နိုင်သည်။

တရုတ်ကုလားတို့မှာ အများအားဖြင့် အင်္ဂလိပ်လက်အောက်ခံ ကျေးတော်မျိုး၊ ကျွန်တော်မျိုးများဖြစ်ကြပြီး မြန်မာရှင်ဘုရင်အား လိုလားသူများ မဟုတ်ကြပေ။ အင်္ဂလိပ်အလံတော်၏ အရိပ်အာဝါသကို အမှီသဟဲပြု၍ အစောင့်အရှောက်ခံနေသူများပီသစွာ မြန်မာမင်းအား ရိုသေခန့်ညားကြသူများ မဟုတ်ကြပေ။ ထိုရပ်ကွက်မှာ လူမျိုးပေါင်းစုံကျက်စားရာဖြစ်ပြီး ပြဿနာပေါင်းစုံဖြင့် ရှုပ်ထွေးသော နေရာလည်းဖြစ်သည်။

ရွှေနန်းတော် အုပ်ချုပ်ရေးပိုင်းမှ မည်သို့ပင် စည်းကမ်းတကျ အုပ်ချုပ်ပါသည်ဆိုသော်လည်း ထိုလူမျိုးစုံရပ်ကွက်၌ အရက်ဆိုင်၊ ဘိန်းဆိုင် စသည်တို့နှင့် ပြည့်နှက်လျက်ရှိပြီး ဒုစရိုက်သမားတို့ပါ ကျင်လည်ကျက်စားရာ ရပ်ကွက်အသွင်ရှိခဲ့သည်။

ယောမင်းကြီး ဦးဘိုးလှိုင်ကား … ယင်းတို့ကို မြင်ရလေ ရင်ပူလေဖြင့် ဗမာပြည်ကြီးအတွက် ရတက်မအေးရှာသူဖြစ်ပေသည်။

သီပေါမင်းနန်းတက်၍ပင် မကြာသေး၊ နန်းတော်တွင်း၌

အင်္ဂလိပ်တို့၏ သစ်ခိုးမှုနှင့် ပတ်သက်၍ အဆုံးအဖြတ်ပြုရန် သီပေါ်ဘုရင်မင်းမြတ်အား အုပ်စု ၂ စုတို့သည် သူ့ဘက်၊ ကိုယ့်ဘက် ပါအောင် လွန်ဆွဲနေကြသည့်အဖြစ်သို့ ရောက်ခဲ့သည်။ အကြောင်းမှု ရွှေနန်းတော်ကြီးအတွင်း၌ အင်္ဂလိပ်ကို မဟာမိတ်ပြု၍ ငြိမ်းချမ်းစွာ အတူပူးပေါင်းဆက်ဆံလိုသောအုပ်စုနှင့် ပြင်သစ်တို့ထံမှ လက်နက် အင်အား အကူအညီရယူကာ အင်္ဂလိပ်တို့အား အန္တရာယ်ပြု၍ ခုခံတိုက်ခိုက်လိုသော စစ်အုပ်စုဟူ၍ ကွဲလွဲလျက်ရှိသည်။

အချို့ကား မည်သည့်နိုင်ငံခြားသားကိုမျှ မယုံကြည်သော အုပ်စုကလည်း ရှိကြသည်။ မည်သူ့ကျွန်ကိုမျှလည်း မခံဘဲ သီပေါမင်း ဘုရင်အား နန်းချ၍ ညောင်ရမ်းကိုယ်တော်ကြီးကို ထီးနန်းအပ်နှင်း လိုသော အုပ်စုကလည်း ရှိကြသည်။ ပထမအုပ်စုမှာ ကင်းဝန်မင်း ကြီးဦးကောင်းတို့ အုပ်စုဖြစ်သည်။ ဒုတိယအုပ်စုမှာ တိုင်ထားမင်း ကြီးနှင့် လှေသင်းအတွင်းဝန်မင်းတို့ အုပ်စုဖြစ်သည်။ တတိယ အုပ်စုမှာ သပြေတန်းခံတပ်မြို့ ဗိုလ်မှူးသူရိန်ခေါင်းဆောင်သော လူစုတို့ဖြစ်သည်။

ကင်းဝန်မင်းကြီးတို့အုပ်စုမှာ သစ်ခိုးမှုနှင့်ပတ်သက်၍ အင်္ဂလိပ် တို့ နှလုံးရည်ဖြင့် ပြေလည်အောင် ဆက်ဆံစေချင်သည်။ အင်္ဂလိပ် တို့၏ အင်ပါယာအခြေအနေကို တွက်ဆ၍ စစ်ရေးအရ ခုခံတိုက်

ခိုက်ရန် မြန်မာတို့နှင့် လက်နက်ချင်းမညီဟု ထောက်ပြသည်။ တိုင်တားမင်းကြီးနှင့် လှေသင်းအတွင်းဝန်တို့အုပ်စုမှာ ပြင်သစ်တို့ ထံမှ လက်နက်အကူအညီယူ၍ အင်္ဂလိပ်တို့အား ခံချရန်၊ သစ်ခိုး မှုတွင် ကြီးလေးသော အပြစ်ဒဏ်ပေးရန် လိုလားလျက်ရှိသည်။

မင်းနှင့်မိဖုရား ၂ ပါးအနက် သီပေါမင်းမှာ စစ်ဝါဒီကို ရှုမုန်းသဖြင့် ငြိမ်းချမ်းစွာ ပြေငြိမ်းစေလိုသည်။ ထို့ကြောင့် စစ်ဖြစ်မှု အရေး ထိပ်တိုက်မဖြစ်ရန် ရှောင်ကြဉ်ဖို့လိုသည်ဟု မိန့်ဆိုလေ၏။ မိဖုရား စုဖုရားလတ်မှာမူကား ... ထိုသို့မဟုတ်။ တုံးဆိုတိုက် ကျားဆိုကိုက်လိုသော စိတ်ဓာတ်ခက်ထန်သူဖြစ်သည်။ ထို့ကြောင့်ပင် သစ်ခိုးမှုကိစ္စအတွက် ဆုံးဖြတ်ရန် ညီလာခံ၌ ကင်းဝန်မင်းကြီး ဦးကောင်းက အင်္ဂလိပ်တို့နှင့် ပြေပြေပြစ်ပြစ် ဖြစ်နိုင်အောင် ရာဇ ပရိယာယ်သုံးကာ စေ့စပ်ရေး၊ ငြိမ်းချမ်းရေးဆိုချင်သည့် အချက် အလက်များကိုသာ သံတော်ဦးတင်လျှောက်ခဲ့သည်။

ထိုအခါ မိဖုရား စုဖုရားလတ်၏ မချေမငံရိုင်းပျစွာ အမိန့် ရှိခြင်းကို ရှက်သော်လည်း တိုင်းပြည်ကို ရေတိမ်မနစ်အောင် ဇွတ်မှိတ်လျက် ထပ်မံတင်လျှောက်နေခြင်းဖြစ်သည်။ ညီလာခံစဲသော အခါ တိုင်တားမင်းကြီးနှင့် လှေသင်းအတွင်းဝန်တို့သည် မိဖုရား ခေါင်ကြီးရှေ့တော်မှောက်သို့ ဝင်ရောက်၍ အင်္ဂလိပ်တို့အား စစ်ရေး

ဖြင့် တိုက်ခိုက်တော်မူပါရန် သွေးဆောင်များယောင်းကာ တင်လျှောက်ကြသည်။

နန်းတွင်း၌ ဤကဲ့သို့ အင်္ဂလိပ်အကူညီယူချင်သူနှင့် ပြင်သစ်အကူညီယူချင်သူတို့ အပြင် ညောင်ရမ်းမင်းသားကို နန်းတင်လိုသူတို့နှင့် အကွဲကွဲအပြားပြား မညီမညွတ်ရှိနေကြသည်။ ခမည်းတော်မင်းတုန်းမင်းတရားကြီးလက်ထက်တော်ကမူ ဤသို့သော ခက်ခဲမှုပြဿနာကြီးများ ပေါ်ပေါက်ခဲ့ပါက၊ မင်းတရားကြီးသည် ပညာရှိယောအတွင်းဝန် ဦးဘိုးလှိုင်ကို အပါးတော်ခေါ်၍ တိုင်ပင်မြဲဖြစ်သည်။

ယခုသော်ကား သီပေါမင်းအဖို့ "ပြည့်မျက်စိ၊ ပြည့်ဝမ်း၊ ပြည်ခြေလက်"တို့နှင့်တူသော ပညာရှိတို့အား ရာထူးမှချထားခဲ့လေသဖြင့် အရေးကြုံသောအခါ ဆွေးနွေးရန်ဟူ၍ ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ လှေသင်းအတွင်းဝန်တို့မှလွဲ၍ အားကိုးလောက်သူမရှိတော့ပေ။ ဤပြဿနာများမဖြစ်ပေါ်လာမီအချိန်မှပင် ယောမင်းကြီးဦးဘိုးလှိုင်နှင့် ရေငုံချောင်းဝန်ကြီးတို့အား သီပေါမင်းက အရာမှချထားခဲ့ပြီးဖြစ်သည်။

တစ်နေ့နေ့၌ ဤသို့သော အခြေမျိုးဖြစ်လာလိမ့်မည်ကို ယောမင်းကြီး ဦးဘိုးလှိုင် ကြိုတင်တွက်ဆထားပြီးဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်ဘဏ္ဍာတော်ကို မယိုဖိတ်အောင် အစီစဉ်ပြု၍

စစ်လက်နက်အင်အား တောင့်တင်းခိုင်မာသော နိုင်ငံဖြစ်ရန် ကြိုးပမ်းစေချင်သူဖြစ်သည်။

ယခုမူကား ဦးဘိုးလှိုင်၏လျှောက်တင်မှုကို အရေးမစိုက်ဘဲ၊ မိမိထင်ရာစိုင်းခဲ့ကြသည့် သက်ဦးဆံပိုင်ဘုရင်နှင့် မိဖုရားတို့အဖို့ ရတက်မီးပွားလျက်ရှိကြတော့သည်။

❖ ❖ ❖ ❖ ❖

ဗိုးတာငပ

# အနေမြတ်၍ အသေတတ်သူ

မင်းတုန်းမင်းကြီးလက်ထက်တော်မှစ၍ သီပေါမင်းလက်ထက်ထိအောင် ယောမင်းကြီး ဦးဘိုးလှိုင်သည် အတွင်းဝန်ကြီးရာထူးဖြင့် အမှုတော်ထမ်းရွက်ခဲ့ရာ သီလ၊ သမာဓိ၊ ပညာရှိပီသစွာ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနိုင်သူတစ်ဦးဖြစ်သည်။

ဦးဘိုးလှိုင်သည် ချောက်တိုင်းလည်းမကြောက်၊ မြောက်တိုင်းလည်းမမြောက်ဘဲ သင့်တင့်လျောက်ပတ်စွာ လူ့ဘဝ၊ လူ့သံသရာဝယ် လောကဓံတရားရှစ်ပါး ဖေစားရာ ခံစား၊ စံစားသွားသူတစ်ယောက်ဖြစ်သည်။ သူ့စိတ်တွင် မှန်ကန်သည်ဟု ထင်ချေက သက်ဦးဆံပိုင်ဘုရင်ပင်ဖြစ်စေကာမူ မထောက်မညှာ သံတော်ဦးတင်ဝံ့သော ပညာရှိတစ်ယောက်ဖြစ်သည်။

မကြာခဏ ရာထူးချခံနေရသော်လည်း ကျေးဇူးရှင်ဟူသော

အသိဖြင့် သစ္စာတော်ကို ရှိသေစောင့်သိခဲ့ပေသည်။ မင်းတုန်းမင်း တရားကြီးလက်ထက် နောက်ဆုံးရာထူးမှချ၍ တစ်ဖန်ရာထူးပြန်ရ၍ တိုးမြှင့်ပေးချိန်၌ မင်းတုန်းမင်းကြီးက ...

"ဘိုးလှိုင်၊ မောင်မင်းကို ခဏခဏ ရာထူးချနေတဲ့ ငါကိုယ်တော်အရှင်မြတ်ကို စိတ်မဆိုးဘူးလား"

ဟု မေးတော်မူရာ ဦးဘိုးလှိုင်သည် ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် ,...

"မှန်လှပါ ဘုန်းတော်ကြောင့် ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့မည်သည် မင်းခစားများ ဖြစ်ကြပါသည်။ မင်းခစား ကမ်းနားသစ်ပင်ဆိုတာလို ... အရှင်မင်းကြီးဆန္ဒတော်အတိုင်း စီမံခြင်းကို စိတ်ဆိုးရန်မသင့်လျော်ပါ ...။ ဘုရားကျွန်တော်မျိုး၏ အသိဉာဏ်၌ စိတ်ဆိုးခြင်း အမိပ္ပါယ်မရှိပါဘုရား"

ဤသို့ တင်လျှောက်လိုက်ရာ မင်းတုန်းမင်းတရားကြီး ပြုံးတော်မူလျက် ဆုလာဘ်တော်များ ပေးသနားတော်မူလေ၏။ ဦးဘိုးလှိုင်၏ ဂုဏ်သတင်းမှာ မင်းတုန်းမင်း၊ သီပေါမင်း ၂ ဆက်တိုင်တိုင် ကျော်စောထင်ရှားခဲ့ပေသည်။ ထိုမင်း ၂ ဆက်လက်ထက် ယောအတွင်းဝန်ကိုမှီသော ပုဂ္ဂိုလ်ဆို၍ တစ်ဦးတစ်ယောက်မျှ ပေါ်ထွက်လာခြင်းမရှိဟု စာပေသုတေသီ အသီးသီးက မှတ်ယူကြသည်။

ဦးဘိုးလှိုင်မှာ အရိပ်သုံးပါးကို လွန်စွာနားလည်သူတစ်ဦး လည်းဖြစ်သည်။ ဥတုဘောဇနကျမ်းကို ကိုယ်တိုင်ရေးသားခဲ့၍ယော မသိ၊ ဦးဘိုးလှိုင် နာမကျန်းဖြစ်သည်ဟူ၍ မရှိခဲ့ဘဲ အသက်ရှင်ဆဲ တစ်လျှောက်လုံး ကျန်းကျန်းမာမာဖြင့် လောကဓံတရားကို ဖြတ်သန်း ခဲ့ကြောင်း တွေ့ရသည်။ ရောဂါဖိစီးနှိပ်စက်၍ အိပ်ရာထက်တွင် လဲနေသည်ဟူ၍ မကြားသိရပေ။

သီပေါမင်းလက်ထက် ရွှေပြည်ဝန်၊ အခွန်ဝန်ရာထူးမှချ၍ ဖယ်ရှားခံလိုက်ရသည့်အချိန်ထိ ကျန်းမာပကတိ ရှိဆဲပင်ဖြစ်သည်။ မဟာသုကဇာတကကျမ်းဖြစ်သော ဗေဒင်ကျမ်းကို ရေးသားပြီး နောက် ဦးဘိုးလှိုင်စာရေးခြင်းအလုပ်ကို ရပ်နားလိုက်ကြောင်း သိရသည်။ အကယ်စင်စစ် ဦးဘိုးလှိုင်သည် မိမိ၏ ဘဝနေဝင်ချိန် သေမည့်ကာလကို မဟာသုဇာတကဗေဒင်နည်းအရ တွက်ချက် ကြည့်၍ ကြိုမြားသိနေသလောဟု မှတ်ထင်ဖွယ်ရှိသည်။ အဘယ်ကြောင့်ဟူမူ ယောမင်းကြီးသည် မိမိမသေဆုံးမီ ကာလတို ကလေးအတွင်း မည်ကဲ့သို့ပြင်ဆင်သွားသည်ကို သိရ၍ဖြစ်၏။ ဦးဘိုးလှိုင်၏ မသေမီကာလ ပြင်ဆင်ပုံမှာ ဤသို့ဖြစ်သည် ...

ယောမင်းကြီး ဦးဘိုးလှိုင်သည် ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းဖြစ်သော (ဦးတူ)ကို စစ်ကိုင်းဘက်သို့ လူကြုံဖြင့်

စာရေးမှာကြားလိုက်လေသည်။ ဦးတူရောက်လာသောအခါ သူငယ်ချင်းနှစ်ယောက် ကျောင်းသားဘဝမှာကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စကားပြောကြသည်။

ဦးဘိုးလှိုင် ။ ။ "မောင်တူရေ ... ကျောင်းနေတဲ့ သူငယ်ချင်းတွေထဲမှာတော့ မင်းနဲ့ငါဟာ အချစ်ကြဆုံးမဟုတ်လား၊ ငါ့ကို အတွင်းဝန်လို့ မင်းစိတ်မှာ စွဲမထားနဲ့၊ အခု ငါ့မှာ ရာထူးလဲမရှိပါဘူး၊ ရိုသေခြင်း၊ ဘုရားထူးခြင်း မပြုနဲ့ကွဲ့၊ ကျောင်းနေတုန်းကလို ငါ့ကိုဘိုးလှိုင်လို့ပဲခေါ်ပါ"

ဦးတူ ။ ။ "အေးပါ သူငယ်ချင်းရာ ... မင်းသဘောကျသလို ငါခေါ်ပါ့မယ် ... ဒါနဲ့ မင်း ငါ့ကို ခေါ်တဲ့ကိစ္စ ပြောပါအုံး"

ဦးဘိုးလှိုင် ။ ။ "ခေါ်တဲ့ကိစ္စကတော့ ... မင်း ငါ့ဆီတစ်လလောက် လာနေဖို့ ပြောမလို့ပါပဲ"

ဦးတူ ။ ။ "ဘယ်ဖြစ်မလဲ သူငယ်ချင်းရယ် ... ငါ့မှာလည်း သားနဲ့မယားနဲ့ ... သားကျွေးမှု မယားကျွေးမှု ရှာဖွေနေရသေးတယ် ..."

ဦးဘိုးလှိုင် ။ ။ "အေး အဲဒီကိစ္စကိုလည်း ငါကြိုတင်တွက်ချက်

မိပါတယ် ... မင်းသားမယားအတွက် တစ်လစာ၊ စားသောက်နေထိုင်နိုင်ဖို့ ငါ ဒေါင်းဒင်္ဂါး ၂၀၀ ပေးပါ့မယ်။ အဲဒီငွေကို လူလွှတ်ပို့ခိုင်းလိုက်ပေါ့ သူငယ်ချင်းရာ”

ဦးတူက အံ့ဩသောမျက်နှာနှင့် ဦးဘိုးလှိုင်အား လှမ်းကြည့်လိုက်သည်။ ဦးဘိုးလှိုင်မှာ ဦးတူသို့ပေးရန် ဒေါင်းဒင်္ဂါးများကို ထုတ်၍ ရေတွက်နေလေသည်။

ဦးတူ ။ ။ “နေစမ်းပါဦး သူငယ်ချင်းရ ... ငါက မင်းဆီမှာ တစ်လနေပြီး ဘာလုပ်ပေးရမှာတုန်း...”

ဦးဘိုးလှိုင် ။ ။ “အထူးကလည်း လုပ်စရာရယ်လို့ မရှိပါဘူး ... မောင်တူရာ ... ငါနဲ့တစ်ခန်းတည်း အတူနေပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြော၊ စာပေအကြောင်း ဆွေးနွေး၊ ဘုရားပုထိုးရှိခိုး၊ ငါ့ကိုလည်း မင်းကျွေးချင်တဲ့ ဟင်းနဲ့ စိမ်ချက်ပြုတ်ကျွေး ငါ့ကို ဘာဟင်းနဲ့ စားမလဲလို့ မမေးနဲ့ ...”

ဦးတူ ။ ။ “ဟော့ ဘိုးလှိုင် ... မင်းကိုယ်မင်းလည်း ပြန်စဉ်းစားအုံးလေကွယ် ...။ မင်းဟာ တစ်ယောက်တည်း နေတာမဟုတ်ဘူး။ ဝန်ကတော်နဲ့သားတွေ သမီး

တွေနဲ့ ”

ဦးဘိုးလှိုင် ။ ။ “အိုကွယ် … ငါပြောတာ ဆုံးအောင်နားထောင်စမ်းပါဦး။ ဒီအခန်းကို မင်းနဲ့ငါကလွဲပြီး ဘယ်သူမှ မဝင် မထွက်စေရဘူး …။ ဝန်ကတော်ရော၊ သားသမီးတွေရော အားလုံးနားလည်အောင် … ပြောထားမယ်”

ဦးတူ ။ ။ “သြော် … သြော် … ထူးလည်းထူးဆန်းပေ့ ဘိုးလှိုင်ရာ … ဂဲ … မင်းသဘောကျသလိုသာ စီစဉ်ပါတော့”

သူငယ်ချင်းနှစ်ယောက်မှာ ပြန်လည်ဆုံတွေ့ကြရသဖြင့် ပျော်ရွှင်စွာပင် နေထိုင်ကြလေ၏။ ငယ်စဉ်ကလိုပင် ရယ်ရယ်မောမော၊ စကားများ ဖောင်လောက်အောင် ပြောကြ၏။ ကျောင်းနေစဉ်က စာများကိုလည်း တစ်ယေ ၊က်တလဲ ရွတ်အံနေကြပြန်လေ၏။ ညစဉ် အိပ်ရာဝင်ချိန်တိုင်းလည်း ဘုရားဝတ်ပြုကြလေ၏။ ဦးတူက သတိပဋ္ဌာန်သုတ်ကို ရွတ်ဆိုရာ … ဦးဘိုးလှိုင်က နာယူလျက် သာဓု ခေါ်ဆိုလေ၏။

ယင်းသို့ အတူနေလာကြရာမှ ဦးဘိုးလှိုင်သည် တစ်နေ့တခြား အစားအသောက်ယုတ်လျော့လာလေတော့သည်။ စားသောက်

ချင်သောစိတ် မရှိသည့် ပုံစံမျိုးဖြစ်လာသဖြင့် ဦးတူသည် မိမိသူငယ်ချင်းအား ခံတွင်းလိုက်မည့် စားကောင်းနိုင်မည့် ဟင်းအမယ်များကို စဉ်းစားချက်ပြုတ်ကျွေးလေ၏။ ဦးဘိုးလှိုင်ကိုယ်တိုင်ပင် "ဘာစားချင်သလဲ မမေးနှင့်" ဆိုသည့် ကတိကိုပင်ဖျက်၍ မိမိစားချင်ရာရာကို ပြောဆိုချက်ပြုတ်ခိုင်းတတ်လေ၏။

ဦးဘိုးလှိုင် ။ ။ "တို့တစ်တွေ ဘုန်းကြီးကျောင်းမှာနေစဉ်တုန်းကလိုပေါ့ မောင်တူးရာ ...တော့ကရာဟင်းမျိုးစုံသရက်သီးခြောက်၊ လက်ပံပေါင်းရောပြီးချက်တဲ့ ဟင်းလေးအိုးဆိုတာမျိုး ချက်ပေးစမ်းကွယ်"

ဦးတူ ။ ။ "ချက်တတ်ပါတယ် ဘိုးလှိုင်ရာ... ငါမင်းစားချင်တာအကုန်ချက်ကျွေးမယ်၊ ခုတလော မင်းကြည့်ရတာ တော်တော်ကလေး အစားအသောက် ပျက်လာသလိုပဲ၊... နေရထိုင်ရတာကော သက်သာရဲ့လားကွယ့်"

ဦးဘိုးလှိုင် ။ ။ "ဇာတိ-ဇရာ၊ ဗျာဓိ၊ မရဏ... ဆိုတာ ဘယ်သူမဆို ရင်ဆိုင်ကြရလိမ့်မယ် မဟုတ်လား မောင်တူရဲ့ ... ဘုရားရဟန္တာနဲ့ ပစ္စေကဗုဒ္ဓတွေတောင်မှ ဒီတရားကို မလွန်ဆန်နိုင်တာမှမဟုတ်ဘဲ ... ငါလို

ပုထုဇဉ်ဆိုတော့ မပြောနဲ့ပေါ့ ...။ လူမိုက်ကို လူလိမ္မာက ညွှင်းတယ် ... ဒါဟာ ဓမ္မတာ သဘာဝတရားကြီးပဲ သူငယ်ချင်း။

ဦးတူ ။ ။ "နေရထိုင်ရတာ မသက်သာလာရင် ... စကား များများမပြောနှင့်သူငယ်ချင်းရာ ... မင်းဆန္ဒကို ငါလည်း သဘောပေါက်လာပါပြီ"

ဦးဘိုးလှိုင် ။ ။ "ကိစ္စမရှိပါဘူး သူငယ်ချင်း... ငါသတိရှိပါတယ်"

ဦးတူသည် ကျောင်းနေစဉ်က ဆရာတော်ကြီးနှင့်တကွ ကျောင်းသားများစား၍ကျန်သော ဟင်းများကို အိုးကြီးတစ်လုံးတွင် စုပေါင်းလျက် သရက်သီးခြောက်၊ လက်ပံခေါင်းများထည့်ကာ ချက်လေ့ရှိသည်။ ယခုလည်း ခံတွင်းပျက်နေသော ဦးဘိုးလှိုင်အား ကျောင်းသားဘဝမှာကဲ့သို့ ဟင်းမျိုးစုံစုပေါင်း၍ ချက်ပြုတ်ကျွေး လေသည်။

သို့ရာတွင် ဟစ်လပြည့်နေ့စွဲသည့် ရက်ကြုံနေပြီဖြစ်၍ ဦးဘိုးလှိုင်မှာ ဘာစားစား ခံတွင်းမတွေ့တော့ဘဲ၊ အစားအစာ လုံးဝမစားတော့သည့်အခြေသို့ ဆိုက်ရောက်လာသည်။ ဦးတူ ချော့ကျွေး၍လည်း မစား လူမမာတစ်ဦး အစာမဝင်တော့သည့် ပုံစံမျိုးဖြစ်လာလေ၏။ ထိုညမှာပင်

ဦးဘိုးလှိုင် ။ ။ "မောင်တူရေ ... ကနေ့ည ငါတို့ စောစော အိပ်မယ်ကွာ၊ ငါအိပ်မပျော်မချင်း မင်းက သတိပဋ္ဌာန် ရွတ်ပါ၊ ငါတရားလည်း နာချင်တယ်။ တကယ်လို့ ငါအိပ်ပျော်သွားခဲ့ရင်လည်း (၃)ချက်တီးရင် ငါ့ကို နှိုးပါ"

ဦးတူ ။ ။ "ကောင်းပါပြီဘိုးလှိုင် ... ငါသတိပဋ္ဌာန်ရွတ်မယ်... မင်းတရားနာပေတော့"

ထိုည၌ ဦးတူမှာ သတိပဋ္ဌာန်ကို ဦးဘိုးလှိုင်အိပ်မပျော်မချင်း ရွတ်ဆိုနေလေသည်။ ၃ နာရီ မထိုးမီ ဦးဘိုးလှိုင်အိပ်ပျော်သွားရာ ... အတန်ကြာသောအခါ ဦးတူသည် သူငယ်ချင်းမှာကြားထားသည့်အတိုင်း ၃ နာရီထိုးသည်နှင့် တစ်ပြိုင်နက် နှိုးလေ၏။

သို့ရာတွင် ဦးဘိုးလှိုင်ကား နှိုး၍မရပေ။ ထိုအခါ လက်ဖြင့်တို့၍လည်းကောင်း၊ ကိုင်လှုပ်၍လည်းကောင်း နှိုးသော်လည်း ကိုယ်လုံးမှာ နွေးနွေးထွေးထွေးနှင့် အသက်မဲ့နေပြီကို သိလိုက်ရတော့သည်။ ဦးဘိုးလှိုင်ကား ... သေရမည်ကို ကြိုတင်သိရှိနေသည့်အလား ... မသေမီဘဝကူးကောင်းလျက် အသက်ဇီဝိန်ချုပ်ငြိမ်းစေရန် သူငယ်ချင်းကောင်းကို ရှာခဲ့ခြင်းဖြစ်ပေသည်။

မိတ်ကောင်းဆွေကောင်းကို အမှီပြုလျက် တမလွန်ဘဝသို့

မျက်မှောက်ပြုရာ၌ လားရောဂဝတီမတိမ်းမစောင်းအောင် ထိန်းကြောင်း သွားခြင်းဖြစ်သည်။ မသေမီတစ်လမှပင်စ၍ မယားနှင့်သားသမီးများ၏ သံယောဇဉ်ကို ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ဦးဘိုးလှိုင်မှာ ပညာရှိ ပီသစွာ ပညာဉာဏ်ဖြင့် လားရောဂဝတီ၊ ဘဝကူးမှန်ကန်လေအောင်၊ ယင်းသို့ စီစဉ်သွားခြင်းဖြစ်သည်။

ဦးတူမှာလည်း မိတ်ဆွေကောင်းပီသစွာ ဦးဘိုးလှိုင်၏ အလို ဆန္ဒအတိုင်း လိုက်လျောကူညီပေးခဲ့သည်။ ရွှေပြည်ဝန်ကြီး၊ သတိုး မင်းကြီးမင်းလှ၊ မဟာမင်းခေါင်သီဟသူ စသည့်ဘွဲ့ရ ဦးဘိုးလှိုင် သည် သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၂–ခုနှစ်တွင် ရာထူးမှ ကျခဲ့သည်။ ဤအချိန်မှာလည်း ဦးဘိုးလှိုင်၏ နောက်ဆုံးရာထူး ကျခြင်းသာလျှင်ဖြစ်တော့သည်။

ဤသို့ ရာထူးကျပြီးနောက် ဦးဘိုးလှိုင်သည် သက် ၅၄ နှစ်၊ သက္ကရာဇ် ၁၂၄၅–ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် သူမြတ်နိုးသော စာပေ၊ သူချစ်ခင်နှစ်သက်သော ဇနီးနှင့် သားသမီး၊ သူငယ်ချင်း တို့အား စွန့်ပစ်၍ မရဏမင်း၏ခေါ်ဆောင်ခြင်းနောက်သို့ လိုက်ပါ သွားခဲ့ရှာလေ၏။

ဦးဘိုးလှိုင်သည် မင်းတုန်းမင်းတရားကိုလည်း ကျေးဇူး များစွာပြုခဲ့ပြီး၊ ကနောင်မင်းသား၊ သီပေါမင်းသားတို့ကိုလည်း

များစွာကျေးဇူးပြုခဲ့သူဖြစ်သည်။ ထိုထိုသော ပုဂ္ဂိုလ်တို့အား ကျေးဇူးပြုရာ၌ လူမျိုးနှင့် နိုင်ငံကိုရည်မှန်း၍ ကျေးဇူးပြုခဲ့ခြင်းဖြစ်သည်။ ဦးဘိုးလှိုင်၏ စေတနာမှာ အမျိုးနှင့် နိုင်ငံကိုချစ်သော စေတနာဖြစ်သည်။

ထိုစေတနာအရ အသက်နှင့် ရာထူးစည်းစိမ်ကို ငဲ့ကွက်ခြင်း မပြုခဲ့ပေ။ ပညာဖြင့်ယှဉ်၍ အမှန်တရားကိုသာ ရှာဖွေခဲ့သူဖြစ်သည်။ အမှန်တရားကို ရှာဖွေတွေ့ရှိသော် ... လူမျိုးနှင့် နိုင်ငံအတွက် မကြောက်ရွံ့၊ မထောက်မညှာ တင်ပြခဲ့သည်။ မင်းတကာတို့ အမျက်တော်ရှသည်ကိုပင် မတုန်မလှုပ်၊ မြတ်သောမင်းတို့အားလည်း အာဃာတမထား၊ ကိုယ်ကျိုးမပါသော တော်လှန်ရေးအစဉ်ကိုသာ စိုက်ထူပေးသွားခဲ့သူဖြစ်သည်။

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် အနိစ္စရောက်ကြောင်းကို သီပေါဘုရင်နှင့် စုဖုရားလတ်တို့ထံ စာရေး၍ သံတော်ဦးတင်လိုက်သော အခါ မင်းနှင့်မိဖုရား ၂ ပါးတို့လည်း စိတ်မကောင်းဖြစ်ကြလေ၏။ ခမည်းတော်မင်းတုန်းမင်းတရားကြီးလက်ထက်ကပင် အရေးပါအရာရောက်စွာ အမှုတော်ကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော ပညာရှိကြီးအား ရာထူးချထားမိလေသဖြင့် သီပေါမင်းမှာ များစွာနောင်တရမိလေတော့သည်။

စိုးစာပေ

ထို့ကြောင့် ရွှေပြည်ဝန် ဦးဘိုးလှိုင်၏ အလောင်းကို မျိုးမတ်တို့ထုံးတမ်းစဉ်လာအတိုင်း တလားဖုံးရွှေချ၍ သင်္ဂြိုဟ်ရမည်ဟု အတွင်းတော်မှ အမိန့်တော်ချမှတ်ခဲ့သည်။

ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး၌ ဦးဘိုးလှိုင်၏ နောက်[illegible] အား သက္ကရာဇ် ၁၂၄၅၊ ဝါခေါင်လပြည့်ကျော် ၆–ရက်နေ့စွဲမှတ်တမ်းတွင် ဤသို့တွေ့ရသည်။

"ဝက်မစွက်မြို့စား၊ ရွှေပြည်ဝန်ကြီးဟောင်း သတိုးမင်းကြီး မင်းလှမဟာမင်းခေါင်သီဟသူ သေလွန်သည်ကို အဖုံးကမွတ်နှင့် သင်္ဂြိုဟ်စေ ... လွှတ်တော်အမိန့်ပေးသည့်အတိုင်း သင်္ဂြိုဟ်ရမည်။

ဟု ပါရှိမှတ်တမ်းတင်ထားသည်။

ထို့ကြောင့် ရွှေပြည်ဝန်ကြီး၏ အလောင်းတော်ကို မျိုးမတ်တို့ အခဆောင်ယောင်၊ အခမ်းအနားဖြင့် သိုက်မြိုက်စွာ သင်္ဂြိုဟ်ပေးခဲ့လေသတည်း။

**သန်းထွန်း (လှည်းကူး)**

၀၉ ၄၃၁၆၄၆၈

၀၉ ၃၁၈၄၈၄၃၆

# အထောက်ကူပြုကျမ်းညွှန်း


၁။ မှော်ဘီဆရာသိန်း သိမီခဲ့သော

ရဟန်းရှင်လူ ဦးခင်မောင်ကြီး

ပုဂ္ဂိုလ်ထူးများ .......... (ရန်ကုန်တက္ကသိုလ်)

၂။ ရာဇဝင်ထဲက

ဖြစ်ရပ်ဆန်းများ .......... တင်နိုင်တိုး

၃။ ကုန်းဘောင်ရှာပုံတော် .......... ညိုမြ

၄။ ယောမင်းကြီး ဦးဘိုးလှိုင်အတ္ထုပ္ပတ္တိနှင့်

ရာဇဓမ္မသင်္ဂဟကျမ်း .......... မောင်ထင်

၅။ ဥတုဘောဇနသင်္ဂဟကျမ်း.......... ဦးဘိုးလှိုင်

၆။ စာဆိုတော်များ

အတ္ထုပ္ပတ္တိ .......... မောင်သုတ

၇။ ယောအတွင်းဝန် ဦးဘိုးလှိုင် အယ်ဒီတာဦးတင်ဦး

အတ္ထုပ္ပတ္တိ .......... (ရွှေသွေး)

၈။ ရွှေပြည်ဦးဘတင်၏

ဟောပြောချက် .......... CD ခွေများ

၉။ ယောမင်းကြီးဦးဘိုးလှိုင် .......... ရွှေဘိုမိမိကြီး